

# စဲညီ

## အမုန်းသင့်ဧကရာဇ်

(အပိုင်း-၁)

ထျောင်တိုင်းပြည်၊ ပျောင်းတိုင်းပြည်နှင့် ကျောင်းနိုင်ငံတော်က နယ်နိမိတ်ချင်း ထိစပ်နေသော တိုင်းပြည်များ ဖြစ်ကြသည် ။ ကျောင်းနိုင်ငံက အင်အားကြီးမားဆုံး နိုင်ငံ ဖြစ်သည့်အပြင် တော်ဝင် နန်းတော် အရေးအခင်းများကလည်း ရှုပ်ထွေးလှ၏။ ကျောင်းနိုင်ငံ၏ မင်းကြီးတွင် ညီအစ်ကို ခုနစ်ဦး ရှိပြီး မိဖုရားအငယ်မှ မွေးသော ဆယ့်သုံးနှစ်အရွယ်သားတော် တစ်ပါးနှင့် မိဖုရားကြီးမှ မွေးထားသော ဆယ်နှစ်အရွယ်သားတော် နှစ်ပါးသာ ရှိ၏။ ညီအစ်ကိုများအား နယ်ပယ် ခုနစ်ခုခွဲခြားကာ အုပ်ချုပ်ခွင့်ကို ညီမျှစေသော်လည်း မင်းကြီး မကျန်းမမာဖြစ်လာသည် နှင့် အမျှ ညီအစ်ကိုတွေက မလေးမစား ပြုမူလာခဲ့ကြသည် ။ ထို့ကြောင့် မိဖုရားကြီးသည် မိခင်နိုင်ငံတော် ဖြစ်သော ထျောင်နိုင်ငံသို့ သွားရောက်ကာ ချစ်ကြည်မှု ယူပြီး နန်းတော်အား ထောက်ခံပေးရန် ကြိုးစားရသည် ။

အမိနိုင်ငံတော် ထျောင်ပြည်သို့ ပြန်ရာတွင် ညီအစ်မရင်း တမျှ ချစ်ခင်ရသော မိဖုရားငယ် အမ်းလွေအား ခေါ်ယူခဲ့၏။ မိဖုရားငယ် အမ်းလွေက မိဖုရားကြီး လှီဖူနှင့် ညီမတစ်ဝမ်းကွဲ တော်စပ်ပြီး လှီဖူက ကျောင်းနိုင်ငံတွင် မိဖုရား ဖြစ်လာတော့ အလုပ်ကျွေးပြုရန် လိုက်လာရခြင်း ဖြစ်သည် ။ ထိုမှ တစ်ဆင့် လှီဖူကပင် အမ်းလွေအား မင်းကြီးနှင့် လက်ဆက်စေကာ မိဖုရားငယ် တစ်ပါး ဖြစ်စေခဲ့သည် ။ သို့သော်

ကျောင်းမင်းကြီးက လွှီဖူမိဖုရားကြီးကိုသာ အကြင်နာပိုလေသည် ။ မိဖုရားကြီး လွှီဖူနှင့် မိဖုရားငယ် အမ်းလွေက တခြားသော မိဖုရားများကဲ့သို့ ပြိုင်ဆိုင်ခြင်း မရှိပဲ ညီအစ်မရင်း ကဲ့သို့ ချစ်ကြည်စွာ ရှိသည် ။

လွှီဖူမိဖုရားကြီးသည် မင်းကြီးနှင့် အိမ်ထောင်ကျသည် မှာ နှစ်တွေကြာလာသော်လည်း ကလေးမရနိုင်ပဲ ရှိစဉ် အမ်းလွေ မိဖုရားက သားတော်တစ်ပါး မွေးဖွားလေသည် ။ လွှီဖူမိဖုရားကြီးက အမ်းလွေ မိဖုရား၏ သားတော် မင်းသား ကျောင်းရန်ချီအား လွန်စွာ ချစ်မြတ်နိုးသည် ။ ကျောင်းမင်းကြီး၏ မိဖုရားအငယ် တစ်ပါး ဖြစ်သော ရီရှင်း မိဖုရားက ကလေးမွေးပြီး ကွယ်လွန် သွားတော့ ရီရှင်းမိဖုရား၏ မွေးကင်းစ သားတော်က လွှီဖူမိဖုရားကြီး၏ သားတော် ဖြစ်လာသည် ။ မင်းသားငယ် ကျောင်းကန်းသည် မိဖုရားကြီး၏ သားတော် ဖြစ်သည် နှင့် အိမ်ရှေ့မင်းသား ဆိုသော ဘွဲ့အား မင်းကြီး ကိုယ်တိုင်က လွှီဖူမိဖုရားကြီးအား မျက်နှာသာပေးလိုသော ဆန္ဒကြောင့် ပေးသနားခဲ့သည် ။ မင်းသားအကြီးကို ကျော်လွန်၍ ညီတော်အား အိမ်ရှေ့စံ ရာထူးပေးခဲ့ခြင်းအား အမ်းလွေ မိဖုရားက တစ်ခွန်းမှ မပြောခဲ့ပေ။ လွှီဖူ၏ သားသည် သူမ၏ သား ဖြစ်သည် ဟု သာ သတ်မှတ်ခဲ့၏။

မင်းကြီး နာမကျန်း၍ နန်းတော် အရေးကိစ္စတို့ ရှုပ်ထွေးလာသော် မိဖုရားကြီး လွှီဖူသာလျှင် နိုင်ငံ၏ အဓိက မဏ္ဍိုင် ဖြစ်လာသည် ။ ညီလာခံမတက်ရောက် နိုင်သော မင်းကြီးကိုယ်စား နိုင်ငံ၏ ကိစ္စတွေကို ဆောင်ရွက်ရန် စီစဉ်နေရသည့် အတွက် မင်းကြီးအား စောင့်ကြည့်ရန် ပျက်ကွက်မိလေရာ မင်းကြီး၏ အနားတွင် ပျောင်းနိုင်ငံမှ ဆက်သထားသော ကျူးရင် ဆိုသော မိဖုရားငယ်က နေရာရလာခဲ့သည် ။ ကျူးရင်သည် ငယ်ရွယ်သော်လည်း ရည်မှန်းချက် ကြီးမားသော မိန်းကလေး ဖြစ်လေရာ မိဖုရားကြီးလွှီဖူ၏ နေရာကို လိုချင်ပြီး မိဖုရားလွှီဖူအား

မလိုမုန်းထားသူလည်း ဖြစ်၏။ မင်းကြီးကိုယ်တိုင်ကလည်း မိဖုရားကြီး၏ လျစ်လျူရှုမှုအပေါ်တွင် စိတ်မကောင်း ဖြစ်မိသော ကာလ ဖြစ်သောကြောင့် မင်းကြီးက ကျူးရင်မိဖုရားအား အနားတွင် ထားရှိနေသော ကာလဖြစ်လေသည် ။

'မမ ဒီနေ့ ဒီမှာ ပဲ အနားယူတော့မလား နန်းတော်ရောက်ဖို့ ကလည်း လိုသေးတယ် ဆက်သွားရင် မိုးချုပ်ချိန်က တောထဲမှာ ဆို မင်းသားနှစ်ပါးနဲ့ ကျွန်မတို့ ဒုက္ခရောက်လိမ့်မယ်'

အမ်းလွေ မိဖုရားငယ်၏ သတိပေးသံအား မိဖုရားကြီးက ဆင်ခြင်လိုက်ပြီးမှ ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်ပြီး

'မဖြစ်ဘူး နန်းတော်ကို အမြန်ရောက်မှ ဖြစ်မယ် မင်းကြီးက မကျန်းမာစဉ် ကတည်းက စိတ်တော်ညှိုးတယ် ငါတို့ မနားတော့ဘူး ဒီ ပျောင်းတိုင်းပြည် အစွန်ကို ဖြတ်ပြီးရင် ဟိုဘက်မှာ လာကြိုတဲ့ နန်းစောင့်တပ်နဲ့ တွေ့ပြီ ဆိုရင် ငါတို့ နန်းတော်ကို ပြန်ဖို့ စိတ်ချရပြီ ဒီနေ့ညတော့ မနားတော့ဘူး'

'ဟုတ်ကဲ့ပါ မမ'

'ရန်ချီ ကန်းအော် အိပ်မယ်ဆို အိပ်လိုက်တော့'

ဝေါယာဉ်နှစ်ခု ဘေးချင်းယှဉ်နေရာမှ အရှေ့အနောက်သို့ ပြန်ဖြစ်သွားပြီး ညမှောင်သည် အထိ ဆက်သွားဖို့ သာ မိဖုရားကြီး လွေဖူက ရွေးချယ်ခဲ့သည် ။ ကံတရား ဆိုတာက ကြိုမြင်၍ မရသော အရာ ဖြစ်တာကို မေ့လျော့ကာ ဆက်သွားဖို့ ရွေးချယ်ခဲ့ခြင်းက မိဖုရားနှစ်ပါး၏ ကံဆိုးခြင်းလား ဒါမှ မဟုတ် ဆယ်နှစ်ကျော် အရွယ် မင်းသား နှစ်ပါး၏ ကံဆိုးခြင်းလေလား၊

ညက နက်သည် ထက် နက်လာသည် မိဖုရားကြီး လွှေဖူ၏ အမိန့်အတိုင်း မရပ်မနား ခရီးနှင်ခဲ့တာလည်း မြို့တွေ ရွာတွေကို ဖြတ်လျက် တောအတွင်း လမ်းသို့ ရောက် လာပြီ။ တောတစ်ခုလုံးက လေတွေ ငြိမ်သက်နေပြီး ညငှက်အော်သံတောင် မကြားရပေ။ သစ်ကောင် ပိုးကောင် အော်သံပင်မကြားရပဲ ချောက်ချားဖွယ် အတိပြီးနေသည် ။ ဓားကိုင်ကိုယ်ရံတော်တွေ ခြံရံထားသော မိဖုရားနှစ်ပါး၏ ဝေါယာဉ်တန်းက ခပ်ဖြည်းဖြည်း ရွေ့လျားနေသည် ။ တိတ်ဆိတ်သော တောကို အာရုံစိုက်ကြည့်နေရာမှ ကိုယ်ရံတော် ခေါင်းဆောင်က ဝေါယာဉ်အား ရပ်တန့်ရန် အချက်ပြလိုက်၏။ ထို့ကြောင့် အမ်းလွှေမိဖုရားက အပြင်သို့ ဦးခေါင်း ထွက်ကြည့်လာကာ

'ဘာဖြစ်လို့ လဲ'

'မိဖုရားကို လျှောက်တင်ပါတယ် ဒီတော အခြေအနေက ငြိမ်သက်လွန်းတယ် ဆက်သွားဖို့ မသင့်ပါဘူး'

အမ်းလွှေမိဖုရားမှ ဘာမှ မပြောလိုက်ရသေးခင်မှာ ပဲ နန်းတော်သို့ ပြန်ရန်သာ စိတ်စောနေသော လွှီဖူမိဖုရားကြီးက

'တောဆိုတာက လူမှ မနေတာ မီးတွေ ထွန်းလင်းနေမှာ မဟုတ်ဘူး ခရီးဆက်မယ်'

တော်ဝင်မိဖုရားကြီး၏ အမိန့်အာဏာဆိုတော့လည်း ကိုယ်ရံတော် ခေါင်းဆောင်က တစ်ခွန်းမှ မပြောတော့ပဲ ဝေါယာဉ်ကို ဆက်သွားရန် သာ အချက်ပြလိုက်၏။ ဝေါယာဉ်သွားပြီး သိပ်မကြာခင်မှာ ပဲ မီးရှူးမီးပန်းတစ်ခုက တောအတွင်းတွင် ထောင်တက်သွား၏။

'ရှီး ဖောင်း'

ထိုသို့ မီးပန်းထောင်တက် သွားသည် နှင့် သစ်ပင်ပေါ်မှ ဝတ်စုံ အနက်များ ဖြင့် တိုက်ခိုက်ရေး သမားများ ခုန်ဆင်းလာကြပြီး နန်းတွင်း ကိုယ်ရံတော် တပ်များ နှင့် ပြင်းထန်စွာ တိုက်ခိုက်မှု ဖြစ်ပွားလေတော့ သည် ။

'ချွမ်း ထျန်း'

'ဇွတ် အ'

'ကျား!! မိဖုရားကြီးနဲ့ အိမ်ရှေ့မင်းသားကို ကာကွယ်'

အပြင်မှ တိုက်ခိုက်မှု များကြောင့် အမ်းမိဖုရားက သားတော် ကျောင်းရန်ချီအား လက်ဆွဲ၍ ဝေါယာဉ်အတွင်းမှ ခပ်သုတ်သုတ် ထွက် လာ၏။ ပြီးမှ မိဖုရားကြီး ရှိရာ ဝေါယာဉ်သို့ တိုးသွားသည် ။ ဝတ်စုံနက် များ ပိုမိုများ ပြားလာသည် နှင့် ကိုယ်ရံတော် တပ်သားများမှာ တစ် ယောက်ပြီး တစ်ယောက် ကျဆုံးနေတာကို မြင်တွေ့သွားပြီး အမ်းမိဖု ရားက တစ်ခုခု ပြုလုပ်ရန်သာ တွေးတောလိုက်ရတော့၏။ သားငယ်ကို ပွေ့ပိုက်လိုက်ပြီးမှ

'သားတော် သားတော်က အစ်ကိုကြီး ဆိုတာ သိတယ် မဟုတ်လား အစ်ကိုကြီး ဆိုတာ ညီလေးကို ကာကွယ် ပေးရမယ်နော် ကြားလား'

သားတော်အား ထိုသို့ ပြောလိုက်ပြီးမှ မိဖုရားကြီး လွေ့ဖူအား ဝေါ ယာဉ်အတွင်းမှ ခေါ်ထုတ်ကာ

'အစ်မတော် မင်း သွားမှ ဖြစ်မယ် ဒီမှာ ဆက်နေလို့ မရဘူး'

ကိုယ်ရံတော်များ နှင့် ဝတ်စုံနက်များကို ကျောခိုင်းကာ လေးဦးသား ပြေးလာခဲ့သော်လည်း ဝတ်စုံနက်များက အနောက်မှ လိုက်လာသဖြင့် အနီးဆုံး ချုံအတွင်းသို့ ဝင်ပုန်းနေလိုက်ရပြီး အမ်းမိဖုရားမှ

‘အစ်မတော် အစ်မတော် နန်းတော်ကို ရောက်အောင် ပြန်ရမယ် မင်းကြီးက အစ်မကို စောင့်နေမှာ ပြီးတော့ အိမ်ရှေ့မင်းသားကို သူတို့ လက်ထဲ ထည့်လိုက်လို့ မဖြစ်ဘူး အစ်မတော်’

‘မဖြစ်ဘူး ညီမလေး အဲဒီလို မတွေးရဘူး အသက်တိုင်းက တန်ဖိုး ရှိတယ် မင်းကိုလည်း အစ်မတော် အဆုံးရှုံးမခံနိုင်ဘူး’

‘အိမ်ရှေ့မင်းသားကကော ကျွန်မတို့ လူခွဲပြီး ပြေးကြမယ် အစ်မက ကျောင်းပြည်နယ်ထဲကို ရောက်အောင် ပြေးသွားပါ အဲဒါဆို လွတ်သွားလိမ့်မယ် ကျွန်မနဲ့ သားလေးက ပျောင်းတိုင်းပြည်ထဲကို ဝင်ပြေးပြီး သူတို့ ကို မျှားခေါ်သွားမယ်’

‘ညီမလေး’

‘စကားတွေ အများကြီး ပြောဖို့ မရှိဘူး အဝတ်စားတွေ မြန်မြန်လဲရမယ် သားတော် ညီလေးကို ကာကွယ်ရမယ်နော်’

ရှောင်ချီက သိပ်ပြီး မသိတတ်သေးသော အရွယ် ဖြစ်သည့်အပြင် အေးဆေးတည်ငြိမ်စွာ နေတတ်သူမို့ အမေပြောသလိုပင် ညီတော် အိမ်ရှေ့မင်းသား၏ အဝတ်အစားတွေကို ယူဝတ်လိုက်ပြီး မိခင် ဖြစ်သူအား မော့ကြည့်ကာ

‘သားတော်က သေရမှာ လားဟင်’

‘မသေရပါဘူး မယ်တော်တို့ က အဲဒီ ဝတ်စုံနက်တွေနဲ့ ပြေးတမ်းလိုက်တမ်း ကစားမှာ သားတော် နန်းတော်မှာ တုန်းက ကစားသလိုပဲ ပုန်းနေပြီး ရှာမတွေ့ရင် မယ်တော်တို့ နိုင်ပြီ အစ်မတော် ဂရုစိုက်ပါ!’

‘ညီမလေး’

ထိုသို့ ပြောပြီးသည် နှင့် အမ်းမိဖုရားက သားတော်၏ လက်ကို ဆွဲ

ကာ ပုန်းအောင်းနေသော နေရာမှ ပျောင်းတိုင်းပြည်အတွင်းသို့ ဦးတည်ကာ ပြေးလွှားသွားတော့၏။ မိဖုရားကြီး လှိုဖူသည် မျက်ရည်များ ဖြင့် နေရာမှာ တင် ကျန်နေခဲ့ကာ သားတော် အိမ်ရှေ့မင်းသားအား တင်းကျပ်စွာ ပွေ့ပိုက်ထားလိုက်မိတော့သည် ။

~မင်းစိတ်ချပါ ညီမလေး မင်းကို အစ်မတော် နန်းတော်ကို ပြန်ရောက်အောင် ခေါ်ဖို့ ကြိုးစားမယ်~

အမ်းမိဖုရားနှင့် မင်းသားငယ် ကျောင်းရန်ချီ ပြေးသွားရာသို့ ဝတ်စုံနက်နှင့် လူများ ပြေးလိုက်သွားပြီ ဆိုမှ လှိုဖူ ခြုံအတွင်းမှ ထလိုက်ကာ သားတော် ကျောင်းကန်းအား လက်ဆွဲ၍ ကျောင်းတိုင်းပြည် အတွင်းသို့ ပြေးဝင်လာခဲ့မိတော့သည် ။

***

ပျောင်းတိုင်းပြည်၊ တိုင်းပြည်က မကြီးမားသလို နန်းတော်ကလည်း အိမ်နီးချင်း ကျောင်းတိုင်းပြည်၏ နန်းဆောင် တစ်ခုစာမျှသာ ရှိ၏။ နန်းတော် အတွင်းတွင် နန်းတွင်း အပျိုတော်များ သိပ်ပြီး မများ သလို တော်ဝင်မိဖုရား လေးပါးရှိသော်လည်း တစ်ဦးချင်းစီ ဟိတ်တွေ ဟန်တွေ မရှိပေ။ တိုင်းသူ ပြည်သားတို့ နှင့် နေ့စဉ် အလုပ်တွေကို အတူတူ လုပ်ဆောင်သော ဘုရင့်မျိုးနွယ်များ ကလည်း ပြည်သူတို့ ၏ ချစ်ခင်ခြင်းကို အပြည့်အဝ ရရှိထားသေးသည် ။ ပိုးဖဲများကို အထူးတလည် မဝတ်ဆင်ထားသော်လည်း မျက်နှာထက်တွင် တော်ဝင်မိသားစုမှန်း သိသာစေသော တာဝန်ယူမည်ဟု သွန်သင်ခံထားရသည့် အပြုအမူ အပြည့်ဝ ဆောင်ကြည်းနေ၏။

အထူးတလည် ကျင့်သုံးသော စည်းမျဉ်းက မျိုးနွယ်ကို စောင့်ထိန်းခြင်းသာ ဖြစ်ပြီး ထိုစည်းမျဉ်းနှင့် ပတ်သက်ပြီး ကျောင်းတိုင်းပြည်နှင့် ပတ်သက်၍ အထူးတလည် ကိစ္စရပ်တစ်ခုလည်း ရှိသေး၏။ လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က ကျောင်းတိုင်းပြည်မှ ငြိမ်းချမ်းရေး ထိန်းသိမ်းရန် အတွက် မိဖုရားတစ်ပါးအား တင်မြှောက်မည်ဟု တောင်းဆိုလာသည် ။ ထိုအတွက် မင်းကြီးက ညီမတော် မင်းသမီး စူးမာကျူးရင်အား ကျောင်းတိုင်းပြည်မှ ကျောင်းမင်းကြီးထံသို့ ဆက်သရန် အမိန့်ချမှတ်လိုက်၏။

ထိုအမိန့်သည် တခြားသော တိုင်းပြည်တို့ အတွက် သာမန်မျှသာ ဖြစ်သော်လည်း စူးမာမျိုးနွယ်စုဝင်တို့ သည် စူးမာမျိုးနွယ်မှ မဟုတ်လျှင် ထိမ်းမြားလေ့ မရှိသော ထုံးတမ်းစဉ်လာကြောင့် မင်းသမီးကျူးရင်သည် အရှက်သည်းကာ ပျောင်းတိုင်းပြည် တောင်ပိုင်း ကျောင်းတိုင်းပြည်နှင့် တခြားတစ်ပါးသော တိုင်းပြည်တို့ ၏ နယ်နိမိတ် ရောက်ခါနီး တိုင်းပြည်သုံးခု၏ ထိစပ်ရာ နေရာတွင် ရှိသော လျှန်စစ် ရေတံခွန်ပေါ်မှ ခုန်ချကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင် သွား၏။ ထိုသို့ မင်းသမီးကျူးရင် သေဆုံးသွားသော် ပျောင်းမင်းကြီးက ကျူးရင် မင်းသမီး၏ အစေခံအား ကျူးရင်မင်းသမီးဟု ဆိုစေလျက် ကျောင်းတိုင်းပြည်သို့ မိဖုရားအဖြစ် စေလွှတ် လိုက်ရလေသည် ။ ထိုအချိန်မှ စ၍ ကျောင်းမင်းကြီးက အစေခံငယ်အား ကျူးရင်မင်းသမီးဟု မှတ်ထင်ကာ မိဖုရားမြှောက် လိုက်ပြီး နှစ်နိုင်ငံ ငြိမ်းချမ်းရေး ရခဲ့လေသည် ။ ယခုအချိန်တွင် တော့ ကျူးရင်မင်းသမီး သေဆုံးမှုသည် နန်းတော်မှ မင်းဆွေမင်းမျိုးများ သာ သိသော အထူးလျှို့ဝှက် အရေးကိစ္စ ဖြစ်သွားခဲ့လေသည် ။

‘အဟား ဟား ဟား အစ်ကို့ချီ အစ်ကို့ချီ လိုက်ဖမ်းလေ လိုက်ဖမ်း ညီမလေးကို မိအောင်ဖမ်း ခစ် ခစ်’

နန်းတော်အတွင်းတွင် ပန်းနုရောင် အဝတ်အစားဖြင့် ဆံထုံးငယ် နှစ်ခုကို ပိုးပဝါစဖြင့် ချည်နှောင်ထားပြီး ပြေးလွှားကာ အနောက်မှ အစ်ကိုကို လိုက်ခိုင်းနေသော ဆယ့်တစ်နှစ်အရွယ် ကလေးမလေးက လွတ်လပ်ခြင်းတွေ အပြည့်ဖြင့် ဖြစ်သည် ။ နန်းတော် တိုင်များကို ပတ်ကာ ဝေ့ကာဖြင့် ဆော့ကစားနေရာမှ ရေဖန်ခွက်ကိုင်လာသော အပျိုတော်ကို မမြင်လိုက်ပဲ

'ဘုတ် အင့်'

'မင်းသမီးလေး နာသွားပြီလား'

'ရှောင်နန် တောင်းပန်ပါတယ် မမ ရှောင်နန် မမြင်ပဲ ပြေးလာမိတယ်'

အစ်ကိုကြီး စူးမာချူးနန်က ညီမငယ် စူးမာသုနန် အနားသို့ ရောက်လာပြီးလျှင် ထူမပေးပြီး ပြုံးကြည်စွာဖြင့် ရေစိုသွားသော ရှောင်နန်၏ အင်္ကျီတွေကို ခါပေးနေသည် ။ အစ်ကိုကြီး စူးမာချူးနန်က ပျောင်းတိုင်းပြည်၏ အိမ်ရှေ့မင်းသား ဖြစ်ကာ ရှောင်နန်တို့ အတွက် အစ်ကိုကြီးက အကြီးဆုံး အစ်ကိုတော် ဖြစ်ပြီး အသက်အားဖြင့်လည်း ကွာခြားသေးသည် ။

'မပြေးပါနဲ့ တော့ ညီမလေး ဒီနေ့က ရှောင်ချီး မွေးနေ့လေ အပျိုတော်တွေ အလုပ်ရှုပ်နေတာ မင်း မပြေးပါနဲ့ တော့'

နောက်ထပ် ဆယ့်ခြောက်နှစ်အရွယ် သုံးယောက်မြောက်အစ်ကိုတော် စူးမာထူနန်က တားမြစ်တော့ ရှောင်နန် မျက်နှာလေး ညှိုးသွားသော်လည်း ချက်ချင်းပင် ခေါင်းညိတ်လိုက်ပြီး

'ကောင်းပြီ နောက်သုံးရက်ဆို နန်းပြင်ထွက်ပွဲ ရှိတယ် ငါလည်း ပါ

တယ် မင်းကတော့ မပါဘူး အစ်ကိုချို'

အစ်ကိုတော်လေးအား လှည့်ပြောတော့ အစ်ကိုသုံးက ရယ်ချင်ပက်ကျိ မျက်နှာဖြင့်

'နန်းပြင်ထွက်ပွဲလား ပန်းခူးပွဲလား ဆိုတာကို ထုံးတမ်းစဉ်လာ သင်ယူတဲ့ ဆရာဆီက သင်ယူလိုက်ပါဦး ရှောင်နန်'

'မှားပြန်ပြီလား အမေကြားရင်တော့ ငါ့ကို ဆူတော့မယ်'

သူမလေးက ပြောလိုက်ရင်း နဖူးလေးကို လက်ဖြင့် ရိုက်လိုက်တော့ အစ်ကိုတော်လေး ချိုနန်က ပြုံးရယ်လိုက်ပြီးမှ

'တတိယ မိဖုရားက နန်းတော်ထဲမှာ ငါ့အမေထက်တောင်မှ စိတ်ရင်းသဘောထား ကောင်းတာ'

'သူက ဘယ်လောက် သဘောကောင်းတဲ့ မိဖုရား ဖြစ်ပါစေ သူက ငါ့အမေ သူ ငါ့ကို ခွင့်လွှတ်ဖို့ က မလွယ်ဘူး'

'ရှောင်လျို့ မင်း နန်းပြင် ထွက်ရင် သတိထား ပန်းခူးတဲ့ တောထဲမှာ ဆိုရင် သရဲတွေ ရှိတယ် မိစ္ဆာတွေလည်း ရှိတယ်'

ရှောင်လျို့ ဆိုတာက မောင်နှမတွေထဲမှာ ခြောက်ယောက်မြောက်မို့ ခေါ်ခြင်း ဖြစ်ပြီး တကယ်တမ်း အစ်ကိုချိုကို ခေါ်ရလျှင် အစ်ကိုလေးဟု ခေါ်ရမည် ဖြစ်ပြီး အစ်ကိုလေး စူးမာချိုနန်က လေးယောက်မြောက် မင်းသား ဖြစ်၏။

'ငါ မကြောက်ဘူး ငါ့မှာ အထိန်းတော်လုံ ရှိတယ် မိစ္ဆာတွေက သူ့လောက် ဓားသိုင်း သုံးတတ်ပါ့မလား'

'ရှောင်လျို့!! ရှောင်ဆစ်!! ရှောင်ချီးက မင်းတို့ နှစ်ယောက်ကို ရှာနေ

တယ် မြန်မြန်လာ သူ ငိုတော့မယ်'

'လာပြီ!! သူက ယောက်ျားလေး ဖြစ်ပြီးတော့ ဘာလို့ ငိုရမှာ လဲ အစ်ကိုလျှန်'

စူးမာလျှန်နန်က အစ်ကိုနှစ် ဆိုသော်လည်း ရှောင်နန်၏ စိတ်အတွင်းတွင် အစ်ကိုနှစ်ဟု ခေါ်ရမှာ ကို မနှစ်သက်တာကြောင့် ထိုသို့သာ ခေါ် ဖြစ်၏။ ထို့ကြောင့် အမေက ရှောင်နန်အား တစ်ဝမ်းကွဲ ညီမို့ အစ်ကိုတွေကို ထိုသို့ ဆက်ဆံတာဟု စွပ်စွဲတတ်သေးသည် ။ သို့သော် အစ်ကိုတွေကတော့ ရှောင်နန်ကို ကျေနပ်ကြသည် သာ၊ အစ်ကို ငါးယောက် မောင်လေးတစ်ယောက်နှင့် ရှောင်နန်တို့ မောင်နှမ ခုနစ်ယောက်က ပျော်စရာ ကောင်းသော မိသားစုကို ပိုင်ဆိုင်ထားပြီး မောင်နှမတွေ ရန်ဖြစ်တာ မတည့်တာလည်း မရှိပေ။

မောင်နှမတွေ မတည့်လျှင် ခမည်းတော်က ဆိတ်ကျောင်း ထွက်စေသည် ။ ဆိတ်တစ်ကောင်တည်းကို ကျောင်းခိုင်းပြီး ကွက်လပ်အတွင်းရှိ မြက်များ မကုန်လျှင် နန်းဆောင်သို့ မဝင်ရပေ။ အစတွင် မောင်နှမတွေ ဆိတ်တစ်ကောင်တည်းကို ဟိုဘက်ဆွဲ ဒီဘက်ဆွဲ လုပ်ပြီး လုကြသည် ။ နောက်ဆုံးတွင် တော့ ဆိတ်သွားရာသို့ အတူတူ လိုက်ရင်းနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြန်၍ ပြေလည်သွားကြသည် ။ ထိုနေ့လို အခါမျိုးတွင် အမေနှစ်ဦးက ဆိတ်ကျောင်းရာ ကွက်လပ်အပြင်တွင် စောင့်ဆိုင်းနေကြရ၏။ ထိုအခါတွင် လည်း ခမည်းတော်က နန်းဆောင်တွင်းသို့ မဝင်ပဲ သူတို့ အား မလှမ်းကမ်းတွင် ကြည့်နေတတ်သည် ။

'အစ်မတော်'

မွေးနေ့ကျင်းပနေရာ ပွဲအတွင်းသို့ ရှောင်နန် ရောက်သွားသည် နှင့် မောင်လေး ဖြစ်သူ စူးမာရှောင်အယ်က လက်ကမ်းကာ ပြေးလာ၏။ ငါး

နှစ်သား ဆိုပေမဲ့ ရှောင်ချီးက တော်တော်ထွားတာမို့ ပွေ့ချီလိုက်သော်လည်း မနိုင်မနင်း ဖြစ်ကာ မောင်နှမနှစ်ဦး မြေပေါ်သို့ လှမ့်လျက် ကျသွားတော့၏။

'အား! ဘုတ်'

အနီးဆုံးတွင် ရှိသော စူးမာချူနန်က ရှောင်နန်နှင့် အတူ လှိမ့်သွားသော ရှောင်ချီးအား ကမန်းကတန်း လိုက်ဖမ်းလိုက်ပြီးမှ

'ရှောင်ချီး မင်းက ကလေးမှ မဟုတ်တော့တာ ရှောင်နန်က ဘယ်လိုနိုင်မှာ လဲ လာ အစ်ကိုကြီး ချီမယ် ရှောင်နန် လာ ထ'

အစ်ကိုကြီး စူးမာချူးနန်က ရှောင်ချီးကို ပွေ့ချီလိုက်ပြီး ရှောင်နန်အား လက်ကမ်းကာ ထစေသည် ။ ခမည်းတော်နှင့် မယ်တော်တို့ ကလှမ်းကြည့်နေသော်လည်း မောင်နှမတွေ သင့်မြတ်နေကြတာကို သဘောကျစွာ ဖြစ်၏။

'ရှောင်နန် ခမည်းတော်ဆီလာ'

ခမည်းတော်က လက်ကမ်းလိုက်တော့ ရှောင်နန် ခမည်းတော် ထံသို့ ပြေးသွားလိုက်ပြီးမှ

'ရှောင်နန် ဒီတစ်ခေါက် ပန်းခူးပွဲကို လိုက်လို့ ရတယ်လို့ မယ်တော်က ပြောတယ် ခမည်းတော်'

'မင်းကတော့လေ နန်းတော်ထဲမှာ ခမည်းတော်ကို ကူဖို့ မတွေးဘူးလား'

'ရှောင်နန် ခမည်းတော်ကို ကူဖို့ မလိုပါဘူး ခမည်းတော်မှာ အစ်ကိုကြီး အစ်ကိုနှစ် အစ်ကိုသုံး အစ်ကိုလေး ပြီးတော့ ဟိုက သေးကွေးတဲ့ အစ်ကိုငါး နောက်ကျရင် ရှောင်ချီးလည်း ကြီးလာမှာ ပဲ သမီးတော်က

ဘာလို့ ကူနေဦးမှာ လဲ’

‘ဟား ဟား ဟား ဟား’

အစ်ကိုငါးက တကယ်ကို သေးငယ်သေးတာမို့ သူမ ပြောလိုက်တာကို ခမည်းတော်က သဘောတကျ ရယ်မော လိုက်သော်လည်း မယ်တော်က သူမကို မျက်စောင်း လှမ်းထိုးရင်း

‘မောင်တော် မောင်တော်က ဒီကလေးမလေးကို မျက်နှာသာပေးလွန်းလို့ သူ့အဖေက မင်းကြီး ဆိုတာကို သူ မေ့နေပြီ’

‘ဆူးကွေ့ ထားလိုက်ပါ မင်းက သမီးလေး မွေးထားတာ သမီးဆိုမှတော့ အစ်ကိုတွေ ကြားထဲမှာ ဟိုပြေး ဒီပြေးနဲ့ ဆော့နေရမှာ ပဲ ငါတို့ မှာ သမီးဆိုလို့ တစ်ယောက်လေးပဲ ပါလာတာ ငါ သူ့ကို မျက်နှာသာ ပေးတာ မမှားဘူး’

‘မောင်တော် အလိုလိုက်ပြီးတော့ သူက ထုံးတမ်း အစဉ်လာတွေကို မသိတော့ဘူး’

မယ်တော်က လက်ကိုင်ပဝါလေးကို ယမ်းကာ ခမည်းတော် ပေါင်ပေါ်တွင် ထိုင်နေသော ရှောင်နန်ကို လှမ်းရိုက်၏။ ခမည်းတော်က သူမ၏ ခေါင်းလေးကို ပွတ်လိုက်ပြီးမှ

‘ငါတို့ ပျောင်းတိုင်းပြည်က တော်ဝင်မိသားစုတွေရဲ့ အထူးတလည် စည်းမျဉ်း တစ်ခုကို သိရင် ရပါပြီ’

‘အဲဒါကို ရှောင်နန် သိတယ် ခမည်းတော် တော်ဝင်မိသားစုဝင် ဆိုတာ တိုင်းပြည်က တခြားသူတွေထက် တာဝန် ပိုကြီးပြီးတော့ တခြားသူတွေကို ကာကွယ်ပေးရမယ် အဲဒါက တော်ဝင်မိသားစုရဲ့ သစ္စာပဲ’

‘ကောင်းတယ် ငါ့သမီးက တော်ပြီးသားပါ ဆူးကွေ့’

‘ကောင်းပြီ ကောင်းပြီ မပြောတော့ဘူး’

မယ်တော်က ပြောလိုက်တော့မှ မယ်တော်အား တခြားသော မိဖုရားများမှ နှစ်သိမ့်နေတာကို ကြားနေရ၏။

‘ဆူးကွေ့ညီမလေး ထားလိုက်ပါ ရှောင်နန်လေးက ဟိုဟို ဒီဒီ ပြေးလွှားနေတာကလွဲရင် လိမ္မာပြီး ထက်မြက်တယ် ငါတို့ မှာ ချစ်စရာ ဒီသမီးလေးပဲ ရှိနေတာကို သိပ်မဆူပါနဲ့ ကလေး စိတ်ညစ်သွားပါဦးမယ်’

‘ဟုတ်တယ် မေမေငယ် ရှောင်နန်က လိမ္မာပါတယ်’

အစ်ကိုတွေကပါ ဝင်ပြောတော့ ဆူးကွေ့မိဖုရား မျက်နှာလေး မကောင်းသော်လည်း ငြိမ်သက်သွား၏။ မယ်တော် လေးပါးလုံးအား မေမေကြီး မေမေလတ် မေမေငယ် မေမေလေး အဖြစ် သတ်မှတ်ထားရာ မေမေငယ် ဆိုတာက မယ်တော်အား တခြားမိဖုရားမှာ ဖွားမြင်သော အစ်ကိုများက ခေါ်ဝေါ်ခြင်း ဖြစ်၏။

‘ဟုတ်တယ် ရှောင်နန်က လိမ္မာတယ် ရှောင်ချီး ငါ နန်းပြင်ထွက်ရင် ဘာယူလာပေးရမလဲ’

‘ငါလည်း လိုက်ခဲ့မယ် အစ်မတော်’

‘မရဘူး ယောကျ်ားလေးနဲ့ ပန်းခူးတာနဲ့ က မအပ်စပ်ဘူး ရှောင်ချီး မင်းလိုက်လို့ မရဘူး’

အစ်ကို အကြီးဆုံးက ပြောတော့ ရှောင်ချီးက မျက်နှာလေး မှုန်သွားပြီး သူမအား ပြေးတွန်းလိုက်ကာ

‘အစ်မတော် မတရားဘူး’

အစ်ကိုနှစ်က ရှောင်ချီးအား ပွေ့ချီလိုက်ပြီးမှ

'နောက်ဘဝကျရင် မိန်းကလေးလို မွေးလာရင် မင်း နန်းပြင် ထွက်ရမယ် ဟား ဟား'

'ဟား ဟား ဟား'

'ဟား ဟား ဟား'

အစ်ကိုနှစ် ပြောလိုက်တာကို တခြားသော ညီအစ်ကို မောင်နှမတွေက ရယ်ကြတော့ ရှောင်ချီးမျက်နှာလေးက ပို၍ မဲ့ကျသွားလေတော့သည်။

***

ပန်းခူးပွဲ၊ နန်းတွင်း အပျိုတော်များ နှင့် အတူ လျှန်းချန် ရေတံခွန်တောင်သို့ တက်လာကြပြီး အနည်းငယ်သော အစောင့်အရှောက်များကလည်း တိုက်ခိုက်ရေး ကျွမ်းကျင်သော မိန်းမပျိုများ သာ ဖြစ်ကြသည်။ မြင်းများ လှည်းများ ဖြင့် လာခဲ့ကြပြီးမှ တောင်ထိပ်ရှိ အိမ်ငယ်တွင် မြင်းများကို ရပ်ထားလိုက်ကြကာ ရေတံခွန်အနီး ပန်းပင်များ ပေါက်သော တောသို့ ဦးတည်ကာ သွားကြမည် ဖြစ်သည်။

'မင်းသမီး ကျွန်တော်မျိုးမတို့ နဲ့ အရမ်းဝေးတဲ့ နေရာကို မပြေးသွားပါနဲ့ '

'မင်းသမီး ဘာမင်းသမီးလဲ ရှောင်နန်လို့ ခေါ်ပါ'

သူမက ပြောလိုက်တော့မှ တိုက်ခိုက်ရေး မိန်းမပျိုက ခေါင်းညိတ်လို

က်ကာ သူမဦးခေါင်းအား ပွတ်သပ်လိုက်ပြီး

‘ကောင်းပြီ အရမ်းဝေးတဲ့ နေရာကို ပြေးမသွားနဲ့ နော် ရှောင်နန်’

ရှောင်နန် ပန်းခူးသည့်ခြင်းကို လက်အတွင်းမှ ဆုပ်ကိုင်လိုက်ပြီး အိမ်ငယ်အတွင်းမှ ထွက်လာခဲ့လိုက်သည် ။ ထျောင်တိုင်းပြည်နှင့် ကျောင်းတိုင်းပြည်က ကြီးမား ကျယ်ပြန့်တာမို့ လျန်းစစ် ရေတံခွန်နှင့် ဆိုလျှင် နယ်စွန်နယ်ဖျား ကျသော်လည်း ပျောင်းတိုင်းပြည်က သေးငယ်သော တိုင်းပြည်ငယ်လေးသာမို့ နေ့ချင်းသွား၍ ရသော နေရာတွင် ရှိသည် ။ ရှောင်နန် ပြေးလွှားသွားကာ တွေ့သမျှ ပန်းတွေကို မရွေးချယ်ပဲ ခူးဆွတ်ကာ ပန်းခြင်းအတွင်းသို့ ထည့်နေ၏။ တစ်နေရာသို့ အရောက်တွင် ပန်းတစ်ပွင့်က တော်တော်ကြီး လှနေကာ သစ်ပင် အမြင့်ပေါ်တွင် ရှိနေသဖြင့် အပင်ပေါ်သို့ တက်ကာခူးဖို့ ပြင်လိုက်သည် ။ သို့သော် မြင်တွေ့လိုက်ရသော မြင်ကွင်းက ပန်းထက်ကို ပို၍ စိတ်ဝင်စားဖို့ ကောင်းနေသဖြင့် ထိုမြင်ကွင်းအား အာရုံစိုက်သွားမိသည် ။

အမျိုးသမီးတစ်ဦးက သူမနှင့်ရွယ်တူ ကောင်လေးအား လက်ဆွဲကာ ပြေးလွှားနေသော မြင်ကွင်းက တဖြည်းဖြည်း သူမနှင့် နီးကပ်လာသည် ။ ဘာလို့ ပြေးလွှားနေတာလဲ ဆိုသော အတွေးမဆုံးခင်မှာ ပဲ မခိုင်သော သစ်ကိုင်းတစ်ကိုင်းကို တက်နင်းမိပြီး အောက်သို့ ခြေလွတ်လက်လွတ် ပြုတ်ကျ လာလေတော့သည် ။

‘ဘုတ်!! အ!’

နာကျင် သွားသော ခြေထောက်ကို ကြိတ်မှိတ် ထလိုက်ပြီးမှ ကြောက်လန့်စွာ ပြေးလွှားနေသော အမျိုးသမီးနဲ့ ထိုကောင်လေးရှိရာသို့ တစ်ချက် မျှော်ကြည့်လိုက်မိသည် ။ ပြီးတော့မှ သူမအား စောင့်ရှောက်သော တိုက်ခိုက်ရေး မိန်းမပျိုအား တစ်ချက် လှမ်းကြည့်လိုက်ပြီးမှ သစ်

ပင်နောက်သို့ လျှင်မြန်စွာ ပုန်းကွယ်လိုက်ကာ ထိုနေရာမှ ပြေးထွက်လာခဲ့မိသည် ။

ထိုအမျိုးသမီးနှင့် ကောင်လေး ရှိလောက်သော နေရာသို့ ရောက်တော့ ဘယ်သူ့ကိုမှ မတွေ့ပေ။ ခုနတုန်းက မျက်စိမြင်တာ မှားသွားတာလား၊ မကျေမနပ်နှင့် နောက်ပြန်လှည့်ဖို့ ပြင်လိုက်တော့မှ ဝတ်စုံအနက်ဝတ်ထားသော လူတစ်စုကို တွေ့မြင်သွားကာ အန္တရာယ် ဆိုတာကို နားလည်သွားသည် ။ လက်အတွင်းရှိ ခြင်းတောင်းကို ရောက်ရာ ပေါက်ရာ ပစ်လွှင့်လိုက်ပြီး

'လူသတ်သမား ရှိတယ် လူသတ်သမား ရှိတယ် ကယ်ကြပါဦး'

သူမ၏ အော်သံကြောင့် ဝတ်စုံနက်နှင့် လူများက သူမထံသို့ ပြေးရောက်လာကြသည် ။ ~သွားပြီ ရှောင်နန် ဒီတစ်ကြိမ်တော့ နန်းပြင်မှာ သေရတော့မယ် အဖေ့ အမေ့ ကယ်ပါဦး~ ပြေးနေရင်းနှင့် ချုံတစ်ခုအတွင်းတွင် ပုန်းနေသော လူနှစ်ဦးကို မြင်လိုက်တော့မှ ခြေလှမ်းတွေ တစ်ချက် တုံ့ခနဲ ဖြစ်သွားမိသေးသည် ။ ပြီးမှ တခြားဘက်သို့ လှည့်ပြေးသွားလိုက်သည် ။

~ပျောင်းတိုင်းပြည်က တော်ဝင်မျိုးနွယ် ဆိုတာက သာမန်ပြည်သားတွေကို အပြည့်ဝ ကာကွယ်ပေးရမယ် ငါသမီး အဲဒီစည်းမျဉ်း တစ်ခုတည်းကို သိရင် ရပြီ~

'အဖေ ဘယ်လိုလုပ်မလဲ အဲဒီစည်းမျဉ်းက ခက်ခဲလိုက်တာ ရှောင်နန် သေသွားတော့မယ် ထင်တယ် အမေ့ သမီးဆိုးကို ခွင့်လွှတ်ပါ'

'မင်းသမီး မင်းသမီး'

တိုက်ခိုက်ရေး မိန်းမပျိုတွေ ရောက် လာပြီ ဆိုမှ ဝတ်စုံနက်တို့ က

နောက်ပြန်လှည့်ပြေး သွားကြလေသည် ။ သို့သော် ရှောင်နန် လာလမ်း အတိုင်း ပြန်လှည့်ပြေးလာတော့

'မင်းသမီး မင်းသမီး ဘယ်သွားမလို့ လဲ မင်းသမီး'

'ဝတ်စုံနက်နဲ့ လူတွေက တခြားလူကို သတ်တော့မှာ မြန်မြန် မြန် မြန်'

ပြေးလွှားနေရင်းနှင့် မောပန်းနေတာတောင်မှ စကပ်စကို မကာ လျင်မြန်စွာ ပြေးသွားနေမိသည် ။ တစ်နေရာသို့ အရောက်တွင် ခြေလှမ်းတွေ တန့်သွား၏။ မြင်လိုက်ရသော မြင်ကွင်းက ပက်လက်လှန် နေသော အမျိုးသမီးနှင့် ကောင်လေး အပေါ်တွင် ဓားမိုးထားပြီး ထိုဓား က မြောက်တက် သွားတော့ ရှောင်နန် မျက်လုံးတွေ ပြာသွားကာ ထိုနေ ရာ ရှေ့သို့ ပြေးဝင်သွားကာ

'အတင့်ရဲလိုက်တာ နေ့ခင်းကြောင်တောင် လူသတ်ဖို့ ကြိုးစားနေ တာလား'

ထိုဓားချက်က ခေတ္တမျှသာ တန့်သွားခြင်း ဖြစ်ပြီး သူမကိုယ်ပေါ်သို့ ဓားချက်က မဆိုင်းမတွ ကျရောက်လာတော့မလို ဆက်၍ လှုပ်ရှားလာ ၏။ သို့သော်

'ထျန်း!!'

'ချွမ်း!!'

'ယား ဇွတ်'

တိုက်ခိုက်ရေး မိန်းမပျိုက သူမအား ဆွဲလိုက်ကာ သူမ၏ ဓားက ဓားအိမ်မှ ဝင်းဝင်းလက်လက် ထွက်ပေါ်လာ၏။ ဝတ်စုံနက်တွေနှင့် ပျောင်းနန်းတွင်း တိုက်ခိုက်ရေး မိန်းမပျိုများ ပြင်းထန်စွာ တိုက်ခိုက်ကြ

တော့သည် ။ ရှောင်နန် တုံ့ဆိုင်းမနေပဲ ထိုအမျိုးသမီးနှင့် ကောင်လေး အား လက်ဆွဲကာ ထိုနေရာမှ ဝေးရာသို့ ဦးတည်လျက် ပြေးလွှားလာမိ သည် ။ ရေတံခွန်ဘက်သို့ ရောက်မှ ခြေလှမ်းတွေ ရပ်လိုက်မိပြီး

'ဟော ဟော ဟော မင်းတို့ လွတ်ပြီ ဒီကနေ ဆက်ပြေးတော့'

ထိုအမျိုးသမီးက လျင်မြန်စွာ သွားလိုက်ဖို့ ပြင်လိုက်သော်လည်း ထို ကောင်လေးက လှည့်လာကာ

'မင်း နာမည်က ဘယ်လို ခေါ်လဲ'

'ငါ့နာမည်က စူး'

ရှောင်နန် ခေတ္တရပ်တန့် သွားမိသည် ။ စူးမာသုနန် ဆိုသော နာမည် က တော်ဝင်နာမည်က အပြင်လူအား ပြောပြလိုက်လျှင် အခုလို အခြေ အနေက ယုံကြည်ဖွယ် မဖြစ်တာမို့

'ရှောင်နန်လို့ ခေါ်ရင် ရပြီ'

'ကောင်းပြီ တစ်နေ့ မင်းကို ဒီကျေးဇူး သေချာ ပြန်ဆပ်မယ်'

ပြောပြီး လှည့်ထွက်ဖို့ ပြင်လိုက်သော်လည်း ထိုကောင်လေး၏ စ ကားတွေက သူမတို့ ဒေသစကားသံနှင့် မတူညီပဲ ကွာခြားနေတာ ကြောင့် လက်ကို လှမ်းဆွဲထားလိုက်ပြီး

'မင်းတို့ က ဘယ်ကလဲ ဒီဒေသက မဟုတ်ဘူး ဆိုရင် မြို့တော်ကို ဝင်လို့ မရမှာ စိုးရမယ် ရော့!! ဒါကို ယူသွားပြီး မြို့ထဲကို ဝင်လို့ ရတယ်'

လည်ပင်းမှာ အစ်ကိုကြီး ပေးလိုက်သော အိမ်ရှေ့မင်းသား၏ အမှတ် တံဆိပ်တော်အား ပေးလိုက်ပြီး ရပ်ကျန် နေခဲ့မိတော့သည် ။

***

## (အပိုင်း-၂)

မိဖုရားကြီး လွှီဖူ ကျောင်းပြည်နယ်အတွင်းသို့ ပြေးဝင် လာပြီးလျှင် အနီးဆုံး ရုံးတော်အတွင်းသို့ ဝင်ရောက်ကာ နန်းတော်သို့ အကြောင်းကြားစေသည် ။ မင်းကြီးသည် မိဖုရားကြီး၏ သတင်းအား သိသော် နန်းစောင့်တပ်အား ချက်ချင်း စေလွှတ်ကာ ကြိုဆို စေသည် ။ လွှီဖူမိဖုရားကြီး နန်းတော်သို့ ပြန်ရောက်တော့ အမ်းလေ့ မိဖုရားအား လူများ စေလွှတ်ကာ ရှာဖွေစေသည် ။ သို့သော် အမ်းလေ့ မိဖုရားက ပျောင်းတိုင်းပြည်အတွင်းသို့ ဝင်ရောက်သွားသည် ဟု သာ ကောက်ချက် ချနိုင်ပြီး တခြားသော တိုင်းပြည်အတွင်းသို့ ဝင်၍ ရှာဖွေပါက ထို တိုင်းပြည်၏ အုပ်ချုပ်ရေးကို ထိပါးရာ ကျတာမို့ နှစ်နိုင်ငံ ဆွေးနွေးပြီးမှ ရှာဖွေရန် ဆုံးဖြတ် လိုက်ကြရသည် ။

ထို့ကြောင့် ပျောင်းတိုင်းပြည်သို့ တမန်တော် စေလွှတ်ပြီး လူရှာမည့် အရေးကိစ္စအား တောင်းဆိုစေလိုက်သည် ။

မိဖုရားကြီး လွှီဖူသည် လုပ်ကြံသူအား ဖော်ထုတ်ရန်အတွက် အကွက်ဆင်လိုက်ခြင်း ဖြစ်ကာ ပျောင်းတိုင်းပြည်သို့ တမန်တော်အား စေလွှတ်လိုက်ခြင်း မဟုတ်ပဲ ထိုသူနောက်သို့ လိုက်ရန် လက်ရွေးစဉ် နန်းတော်စောင့် တပ်သားများအား စေခိုင်းထား၏။ လွှီဖူ နန်းတော်သို့ ပြန် လာပြီး ကတည်းက မင်းကြီး၏ မျက်နှာတော်ရ မိဖုရား ကျူးရင်က အမူအရာတွေ ပျက်နေတာကို သတိထားမိပြီး ထိုသို့ စီစဉ် လိုက်ခြင်း

ဖြစ်သည် ။ ပျောင်းတိုင်းပြည်သို့ တမန်တော် စေလွှတ်လိုက်သည် ဟု ကြားတော့ မိဖုရားငယ် ကျူးရင်က လှုပ်လှုပ်ရှားရှား ဖြစ် လာပြီး မင်းကြီးအား ပျောင်းတိုင်းပြည်၏ မကောင်းသတင်းကို ဆိုလေသည် ။ ရက်စက်သည် ။ ကြမ်းတမ်းသည် စသဖြင့် ပြောဆိုကာ ပျောင်း တိုင်းပြည်အား စစ်ချီခိုင်းလေ၏။ သို့သော် လွီဖူမိဖုရားကြီးသည် မင်းကြီးနန်းဆောင်သို့ ရောက် လာပြီး

'မောင်တော် နှမတော် နှစ်ကိုယ်ကြား ပြောဖို့ ရှိပါတယ်'

မိဖုရားကြီး လွီဖူ၏ တောင်းဆိုစကားကြောင့် မင်းကြီးက ကျူးရင် မိဖုရားငယ်အား လက်ဖြင့် အမူရာပြလျက် အပြင်သို့ ထွက်စေ၏။ ကျူး ရင် ထွက်သွားတော့မှ လွီဖူက

'မောင်တော် လုပ်ကြံသူက ညီမလေးအမ်းကို သတ်ချင်တာ မဟုတ် ဘူး ကျွန်မကို သတ်ချင်တာပါ'

'ဘာ!! မင်းကို ဟုတ်လား'

နဂိုရ်တည်းက အချစ်ဆုံး မိဖုရားမို့ ကျောင်းမင်းကြီး အမျက်တော် ရှ လေသည် ။ လဲအိပ်နေရာမှ ထူထ လာပြီးလျှင်

'မင်းကို သတ်ဖို့ ကို ဘယ်သူက လုပ်ကြံရဲတာလဲ ဒီအမှုကို ငါ ကိုယ်တော် ပေါ်အောင် ဖော်ထုတ်မယ်'

လွီဖူမိဖုရားကြီးက မင်းကြီးအနားတွင် ထိုင်လိုက်ပြီး မင်းကြီး၏ လ က်ကို အသာယာ ဆုပ်ကိုင်လိုက်သေးကာ

'မင်းကြီး ကျန်းမာရေးကို ပိုပြီး ဂရုစိုက်ပေးပါ ဒီအမှုကို ကျွန်မကပဲ ဖော်ထုတ်ပေးပါ့မယ် ဒါပေမဲ့ မတော်တဆ မင်းကြီးရဲ့ မိဖုရားအငယ် လေးတွေကသာ ဒီအမှုမှာ ပတ်သက်ခဲ့ရင် ကျွန်မကို အပြစ်မဆိုပါနဲ့ '

မင်းကြီးက တစ်ချက်မျှ ပြုံးတော်မူသည် ။

‘မင်းကို ငါကိုယ်တော်က ပင်ပန်းစေမိပြီ’

‘မင်းကြီးသာ ကျန်းမာရေး ကောင်းမွန်တယ် ဆိုရင် ကျွန်မက ပင်ပန်းတယ်လို့ မထင်ပါဘူး ဒီရင်ခွင်တော်ထဲမှာ ငြိမ်းချမ်းခဲ့ရတာ ကျွန်မ တစ်သက်ပဲမို့ မင်းကြီး ပင်ပန်းနေတာကို မမြင်ရက်တော့ဘူး’

မင်းကြီး၏ ရင်ခွင်သို့ မှီနွဲ့လိုက်သော တစ်ခဏ အရာအားလုံးက ငြိမ်းချမ်းပြီး လုံခြုံ သွားသလို ခံစားလိုက်ရသည် ။ မင်းကြီးက လွှိဖူးမိဖု ရားကြီး၏ ပခုံးသို့ လက်ဖြင့် အသာလေး ပုတ်ကာ ဖြေသိမ့်ပေးလိုက်ပြီး

‘ဖူးအော် ငါကိုယ်တော်က အိုနေပြီ’

‘ကျွန်မကောပဲ’

‘ကြည့်ရတာ ငါက မင်းထက် အရင် သွားရတော့မယ် ထင်တယ် မင်းအဆင်ပြေပါ့မလားလို့ စိတ်ပူတယ်’

‘မသွားနဲ့ ကျွန်မ အဆင်မပြေဘူး နေမကောင်းဘူး ဆိုရင်တောင် ကျွန်မကို ထားခဲ့ဖို့ မတွေးပါနဲ့ ’

မင်းကြီးက ရောဂါအခြေအနေကို နားလည်စွာဖြင့် ပြောဆိုနေခြင်း ဖြစ်သော်လည်း မိဖုရားကြီးက မင်းကြီးအား လက်လွှတ် မခံနိုင်စွာ ပြောဆိုနေသည် ။ သို့သော် မင်းကြီးက သူ့အားမှီထားသော မိဖုရားကြီး၏ ကိုယ်လုံးလေးကို ဖယ်ခွာလိုက်ပြီးမှ

‘ငါကိုယ်တော်က ထင်ထားတာထက် ပိုပြီး ကျန်းမာပါတယ် မင်း စိတ်ချပါ မင်းကို ထားခဲ့ဖို့ အဆင်သင့် မဖြစ်သေးပါဘူး မင်းမှာ တာဝန်တွေ အများကြီးပဲ ညနက်တဲ့ အထိ ဒီနန်းဆောင်မှာ ရှိမနေသင့်ဘူး သွားပါ’

‘ဒီရက်တွေမှာ မင်းကြီးကို ပစ်ပယ်မိသလို ဖြစ်သွားရင် ကျွန်မ တောင်းပန်ပါတယ်’

‘ငါတို့ အသက် ဒီလောက် ရှိနေပြီ ပစ်ထားမိတာ မပစ်ထားမိတာ ဘယ်မှာ ရှိလို့ လဲ ငါ့အသက်ကလည်း ဒီလောက်ရှိနေပြီ မင်းကို ငြိုငြင်နေရဦးမှာ လား’

‘ခွင့်ပြုပါဦး’

ကျောခိုင်းသွားပြီ ဆိုမှ လက်ပြန်လှမ်း မိသော်လည်း သက်ပြင်းသာ ခပ်ဖွဖွ ချလိုက်မိတော့သည် ။ အခု သူ့အသက်က ခုနစ်ဆယ်ကျော် မိဖုရားကြီး အသက်က လေးဆယ်ကျော် စပြီးတွေ့ကြတုန်းက သူမကို ဒီလောက်ထိ ချစ်ဖွယ် ကောင်းမည်ဟု မထင်မှတ် ထားခဲ့သော်လည်း သူမက ကျောင်းနန်းတော်သို့ ဆယ်နှစ်အရွယ်မှာ ရောက်လာခဲ့ပြီး နန်းတော်မှာ ပင် အရွယ် ရောက်လာခဲ့၏။ နန်းတော်မှာ ကြီးပြင်းသူမို့ သူမက နန်းတော်၏ အခြေအနေကို ပါးနပ်စွာ သိမြင်ခဲ့ပြီး တတ်မြောက်သော ပညာရပ်တွေကို ကျွမ်းကျင်စွာ အသုံးချနိုင်သောသူ ဖြစ်လာသည် ။

ထိုအခြေအနေထိ သူမကို သတိမပြုမိသေးသော်လည်း ညစဉ် သူမ ဆုတောင်းတတ်သော ရေကန်နားတွင် နေနေမိရာမှ သူမအား စတင် သတိထားမိတော့ သူ့အသက်က လေးဆယ်ကျော် ငါးဆယ် နီးနေပြီ။ ထိုအခါမှ သူမက နှစ်ဆယ်ကျော်ခန့်သာ ရှိဦးမည်။ သူမကို တော်ကောက် လိုက်တော့ အမေက တားမြစ်သေးသည် ။ သို့သော် သူမကို လိုချင်သော ညီတော် အစ်ကိုတော် တွေထံသို့ သူမသာ ရောက်သွားပါက ထျောင်နန်းတော်က သူ့အပေါ် သစ္စာခံတော့မှာ မဟုတ်မှန်း သိနေတာမို့ သူ့ထက် များ စွာ ငယ်ရွယ်သော သူမအား လက်ဆက်လိုက်သည် ။ လက်ထပ်ပြီးတဲ့ အထိတိုင် သူမနန်းဆောင်သို့ မသွားပဲ နေမိသေး၏။ သို့သော် သူမ

ကို စပြီး သတိထားမိခဲ့သည့် ရေကန်အနားတွင် ညအိပ်မပျော်၍ လမ်းလျှောက်မိရာမှ သူမအပေါ် ခံစားချက်တွေ ဖြစ်ပေါ်လာ၏။

~မင်းကြီး ညအိပ်မပျော်ဘူးလား~ သူ့ကို တစ်ချက်သာ အရိုသေပေး ပြီး အပြုံးတွေနဲ့ စတင် စကားဆိုခဲ့သော သူမအား ~မင်းကိုငါက တော် ကောက်လိုက်တာကို မင်းစိတ်မဆိုးဘူးလား~ သူမေးလိုက်သော စကား အား သူမက ပြုံးတယ် ဆိုရုံလေး ပြုံးလိုက်သေးလျက် ~တကယ်လို့ မင်းကြီးသာ ကျွန်မကို မယူဘူး ဆိုရင် တိုင်းပြည်ရေးက ခက်ခဲမှာ မဟု တ်လား ဖူအော် နားလည်ပါတယ်~ သူမက ထိုသို့သော စကားကို ဆိုလာ သည် ။ ~မင်းကို လက်ထပ်ပြီးတော့တောင် မင်းရဲ့ နန်းဆောင်ကို မလာ ဘူး ဆိုတာကိုကော မင်းဘယ်လို တွေးထားသလဲ~ သူ့ထံမှ နောက်ထပ် မေးခွန်းအား ~ဖူအော်က မင်းကြီးရဲ့ နန်းဆောင်မှာ နေလာတာ ကြာပြီ ဆိုတော့ မင်းကြီးက ဖူအော်ကို ရှက်နေတာ ဖြစ်လိမ့်မယ် ဒါမှ မဟုတ် မ င်းကြီးက ဖူအော်လို လွတ်လပ်စေလိုတာပဲ ဖြစ်မှာ ပါ~ သူမက ထိုသို့ ပါးနပ်စွာ ဖြေကြားခဲ့သည် ။ ~ငါ မင်းကို မရှက်ပါဘူး~ ထိုအဖြေရဲ့ နော က်မှာ သူမ၏ နန်းဆောင်သို့ နေ့တိုင်း ရောက်ဖြစ်သည် ။ သို့သော် သူမ က ကလေးမမွေးနိုင်သော မိန်းမသား ဖြစ်နေခြင်းက သူမကိုကော သူ့ ကိုကော များ စွာ စိတ်ထိခိုက်စေခဲ့သည် ။

မိဖုရားကြီး ဆုံးသွားတော့ သူ အမြတ်နိုးဆုံး မိဖုရားဖြစ်သော သူမ က မိဖုရားကြီး ဖြစ်လာသည် ။ မိဖုရားကြီး ဖြစ်လာတော့ သူ့ကို တောင်း ဆိုသည့် စကားက သူ့ညီမတော်ကို မိဖုရားငယ် မြှောက်ရန် ဖြစ်သည် ။ သူမတွေးထားသလိုပဲ သူ့ညီမငယ်ထံတွင် မင်းသားတစ်ပါးကို မွေးဖွား လာသည် ။ မိဖုရားငယ် ဆိုသော အဆောင်အယောင်ကို ပေးသနားထား သော်လည်း သူကိုယ်တိုင် မမြတ်နိုးသော မိဖုရားမို့ မင်းသားငယ်အပေါ် တွင် တာဝန် ပျက်ကွက်မှုတွေ ရှိနေတာကို ဝန်ခံရမည်။

‘မင်းကြီး မိဖုရားကြီးနဲ့ ဘာတွေ ပြောဆိုနေတာလဲ’

‘ကျူးရင် မင်းပြောသလိုပဲ ပျောင်းတိုင်းပြည်က တကယ် ရက်စက်တတ်ကြတာလား’

‘ဟုတ်တယ် သူတို့ က ထင်ထားတာထက် ပိုပြီး ရက်စက်တတ်ကြတယ် လူတွေကိုလည်း မညှာမတာ သတ်ပစ်တတ်တယ်’

အမ်းမိဖုရားနှင့် သားတော်အတွက် ပို၍ စိတ်ပူသွားမိသည် ။ သို့သော် အိပ်ရာပေါ်သို့ ပြန်လှဲလိုက်ပြီး

‘ငါကိုယ်တော် အနားယူတော့မယ် မင်းက နန်းဆောင်ကို ပြန်ပါတော့ ကျူးရင်’

‘ကျူးရင် သွားပါဦးမယ်’

မိဖုရားကျူးရင် ထွက်သွားပြီ ဆိုမှ အိပ်ရာပေါ်သို့ လဲကာ မျက်လုံးတွေ မှေးမှိ တ်ထားလိုက်မိတော့သည် ။ အခုဆိုရင် ကျောင်းတိုင်းပြည်က လေးပိုင်း ပိုင်းကာ ညီအစ်ကိုတွေကို ဝေပေးရတော့မလို ဖြစ်နေပြီ။ ဒီအခြေအနေကို ထိန်းညှိဖို့ မိဖုရားကြီးက ကြိုးစားနေတာကိုလည်း သိနေတာမို့ သူ့ကို ပစ်ပယ်ထားမိသလို ဖြစ်နေတာတွေကို ဝမ်းနည်းမိသော်လည်း ဖြေတွေးတော့ တွေးပေးနိုင်သည် ။

အိမ်ရှေ့မင်းသား အဖြစ်သတ်မှတ်ထားသော သားတော်ကလည်း ဆယ်နှစ်သာ ရှိသေးတာမို့ အမတ်တွေ ပြီးတော့ ညီတော်တွေက မလေးစားဘူး ဆိုတာလည်း ဖြစ်နိုင်သေး၏။ သမီးတော် တစ်ပါးသာလျှင် အသက်ဆယ့်ရှစ်နှစ် ရှိပြီ ဖြစ်သော်လည်း မြောင်တိုင်းပြည်မှ အိမ်ရှေ့စံနှင့် လက်ဆက်ပေးဖို့ ကို မနည်း နားချနေရသည် ။ ဒီတိုင်းပြည်ရဲ့ အရေးတွေကို စီမံဖို့ အတွက်ကလည်း အရင်လို သူက မကျန်းမာတော့ ပိုဆိုး

နေသည် ။ အိပ်ရာပေါ်မှာ ရောက်နေသော်လည်း မအိပ်ပျော်နိုင်ပဲ ပင်ပန်းစွာ သက်ပြင်းသာ ချနေမိတော့၏။

***

'သားလေး ဒီမြို့တော်က မယ်တော်တို့ မြို့တော် မဟုတ်ဘူး အဆင်ပြေသလို နေမှ အသက်ရှင်နိုင်မှာ ကြားလား'

သူ့အသက် ဆယ့်သုံးနှစ်အထိ နန်းတော်ထဲမှာ ငြိမ်သက်စွာ စာဖတ်ရင်း ကျားထိုးရင်း ဆရာတွေနဲ့ စာတွေကို ဆွေးနွေးရင်း အချိန်ကုန်ခဲ့သောကြောင့် အခုလို ပြေးလွှားပြီး နေရလိမ့်မည်ဟု တစ်ခါမျှပင် မတွေးခဲ့ဖူးပေ။ သို့သော် အခုတော့ မယ်တော်၏ လက်ကို ဆွဲကိုင်ကာ ပြေးလွှားနေရ၏။ ထို့ပြင် မယ်တော်ကို ကာကွယ်ပေးဖို့ အတွက် သူက ငယ်ရွယ်လွန်းနေခြင်းပင် ဖြစ်သည် ။

'မယ်တော် သားတို့ သေတော့မှာ လား'

မယ်တော်က သူမေးလိုက်တာကို ကြောက်လန့်တကြားဖြင့်

'မသေပါဘူး မမက မယ်တော်တို့ အတွက် လူတွေ လွှတ်ပေးမှာ ပါမပူပါနဲ့ သားတော်ကို ပစ်မထားပါဘူး'

သားအမိနှစ်ယောက် ပြောနေရင်းဖြင့် မြို့တော် တံခါးဝသို့ ရောက်လာ၏။ ရဲမက်တွေက တားဆီးသော်လည်း ခေါင်းကို ငုံ့ကာ ဝင်သွားတော့ အထဲသို့ ရောက်သွား၏။ မြို့တော် အတွင်းသို့ ဝင်လိုက်သည် နှင့် ဈေးသည် များ လမ်းသွားလမ်းလာများ နှင့် စည်ကားနေ၏။ တစ်နေရာတွင် မုန့်ရောင်းနေသော ဈေးသည် အနီးတွင် ရပ်လျက် ငေးနေမိတော့

မယ်တော်က သူ့ကို တစ်ချက် ငဲ့ကြည့်လိုက်ကာ ဈေးသည် အနီးတွင် ရပ်နေပြီး တစ်ခဏတွင် မုန့်ဗန်းအတွင်းမှ မုန့်ကို ဆွဲယူလိုက်၏။ သူက တအံ့တသြ ဖြစ်နေစဉ် ဈေးသည် က မြင်တွေ့သွားပြီး

'သူခိုး သူခိုး သူခိုး'

ထိုဈေးသည် က မယ်တော့်အား လက်ညှိုးထိုးကာ အော်ဟစ်လိုက်တော့ အနီးအနားရှိ ရဲမက်တွေ ရောက် လာပြီး မယ်တော့်အား ဝိုင်းချုပ်ကာ ဖမ်းဆီးလိုက်၏။ ထိုအခါမှ မယ်တော့် လက်အား ကြောက်လန့်တကြား ပြန်ဆွဲလိုက်ကာ

'အား အမေ့မှာ အပြစ်မရှိပါဘူး အမေ အမေ'

'မင်းအမေက သူခိုးမ အဲဒါကြောင့် ဖမ်းဆီးပြီး အပြစ်ပေးမှ ရမယ်'

ရဲမက်က သူ့ကို တွန်းထိုးပြီး မယ်တော့်အား ဖမ်းခေါ်သွား၏။ သူလည်း အနောက်ကနေလို့ တကောက်ကောက် လိုက်သွားမိသည် ။ ရဲမက်က သူ့အား ဆို လာလေသည် ။

'သွား!! မင်းအဖေ သွားခေါ်လာခဲ့ မင်းအမေက ဒီလို ခိုးယူတယ် ဆိုတာ မင်းအဖေ ညံ့လို့ ပဲ'

အဖေ၊ အဖေကမှ မရှိတာ ဘယ်လို သွားခေါ်ရမှာ လဲ၊

'ပြော!! မင်းအဖေက ဘယ်သူလဲ'

သူ့ကို ထိုသို့ မေးလာတော့ သူ ဖြေဖို့ အဖြေက ရှားပါးသွားပြီး လက်ထဲတွင် ရှိသော အရာကိုသာ ထိုရဲမက်လက်အတွင်းသို့ ထိုးပေးလိုက်မိသည် ။ ထိုရဲမက်က မျက်လုံးတွေ ပြူးကျယ်သွားပြီး

'မင်း မင်း ဒါက ဒါ'

ထိုရဲမက်က ကြောက်လန့် သွားပြီး အနောက်သို့ ဆုတ်သွားကာ ပြေးထွက်သွားတော့သည် ။

***

'ရှောင်နန် ဒီ အိမ်ရှေ့မင်းသားရဲ့ အမှတ်တံဆိပ်က ဘယ်လောက် တန်ဖိုးကြီးမားတယ် ဆိုတာ သိလား'

'သိပါတယ်!!'

လက်က ခေါင်းပေါ်က ပန်းအိုးကို ထိန်းကိုင်နေရင်း ခမည်းတော် မေးလိုက်တာကို ကမန်းကတန်း ဖြေရသည် ။ သို့သော် ပန်းအိုးမကွဲသွားဖို့ ကိုသာ အာရုံ ရောက်နေရပြီး ခြေလှမ်းတွေက ဒယိမ်းဒယိုင် ဖြစ်နေမိသည် ။ နန်းတော်သို့ ပြန်ရောက်ရောက်ခြင်းမှာ အစ်ကိုတော်၏ အမှတ်တံဆိပ်ပြားကို တခြားသူအား ပေးလိုက်သည် ဟု ဆိုသောကြောင့် မယ်တော်က အထိတ်တလန့်ဖြင့် ခမည်းတော်အား ခေါ်ပြောလေရာ ခမည်းတော်က အစ်ကိုတော်နှင့် သူမအား အပြစ်ပေးနေခြင်း ဖြစ်သည် ။

သူမအား ခေါင်းပေါ်တွင် ပန်းအိုး တင်ပေးပြီး ကျမကွဲအောင် ထိန်းသိမ်းရမည်ဟု ဆိုသော်လည်း အစ်ကိုတော်ကတော့ လေ့ကျင်းရေးကွင်းတွင် ခုနစ်ရက် အစာမစားရပဲ နေရမည်ဟု ဆိုသည် ။ သူမကြောင့် ဆိုးဝါးသော အပြစ်ဒဏ်ကို ခံယူလိုက် ရသောကြောင့် ခေါင်းပေါ်တွင် ပန်းအိုးရွက်ရင်း အစ်ကိုတော် ရှိရာသို့ ရောက်လာရသော်လည်း ထိုနေရာတွင် ခမည်းတော် ရှိနေတာက သူမကို ပို၍ ကံဆိုးသွားစေသည် ။

မယ်တော်က ခမည်းတော် အနားတွင် နေပြီး စကားတစ်ခွန်းမှ မဆိုပဲ မတ်တတ်ရပ်နေသည် ။ ခမည်းတော်က သူမအား ပြောဆိုနေခြင်းမှာ မပြီးနိုင် မစီးနိုင်တော့ပေ။ အစ်ကိုတော်နှစ်က သူမအနားသို့ တိုး လာပြီး လျှင်

'ခမည်းတော်ကို မှားပါပြီလို့ တောင်းပန် လိုက်လေ'

'ရှောင်နန် မမှားဘူး အဲဒီ အမှတ်တံဆိပ်က သူတို့ လက်ထဲမှာ ကောင်းကောင်း တန်ဖိုး ရှိတယ်ဆို ရပြီ'

ရှောင်နန်၏ ခေါင်းမာသော စကားအဆုံးတွင် ခမည်းတော် မျက်နှာက ပို၍ မည်းမှောင်သွားကာ

'ကောင်းပြီ သူ့ ခေါင်းပေါ်ကို နောက်ထပ် ပန်းအိုး တစ်လုံး တင်ပေးလိုက်'

ကံဆိုးခြင်း အကြောင်းတရားက ထိုသို့ ဖြစ်သွားလေရာ လေ့ကျင့်ရေးကွင်း အတွင်းမှ အစ်ကိုတော် အကြီးအား လက်ထောင်ပြလိုက်ပြီး

'အစ်ကိုကြီး!! ရှောင်နန် ပန်းအိုး နှစ်လုံးဆင့် သယ်ရမှာ အစ်ကိုကြီး!!
'

'အဟမ်း!!'

အစ်ကိုကြီးရှိရာသို့ လှည့်ကာ အော်ပြောနေတုန်း ခမည်းတော်က ချောင်းဟန့်လိုက်တော့ ရှောင်နန် ပြန်ပြီး ငြိမ်ကျသွားရ၏။ ခေါင်းပေါ်သို့ ရောက်လာသော ပန်းအိုး နှစ်လုံးထံသို့ အာရုံ ရောက်သွားတော့ ဘာအသံမှ မထွက်နိုင်တော့ပဲ ပန်းအိုးကိုပဲ မော့ကြည့်နေမိကာ ခြေလှမ်းတွေတောင် မငြိမ်တော့ပဲ လိမ်ဖယ် လိမ်ဖယ် ဖြစ်ကုန်၏။

'ရှောင်နန် ရှောင်နန် ဖြည်းဖြည်း ရှောင်နန်'

‘အစ်မတော်’

အစ်ကိုတော်နှစ်နှင့် အစ်ကိုတော် ငါးက အနားကနေ ပန်းအိုးတွေကို လိုက်ထိန်းပေး နေသော်လည်း အနားသို့ ရောက်လာသော ရှောင်ချီးမှ သူမအား ပြေးဖက်လေရာ ပန်းအိုးကော လူကော ပက်လက်လန် လဲသွားလေတော့သည်။

‘ခွမ်း!! ခလွမ်း!!’

‘ရှောင်ချီး မင်းအစ်မတော်ကို ခမည်းတော်က အပြစ်ပေးထားတာ မတွေ့ဘူးလား ဘာလို့ ပြေးဝင်လာရတာလဲ’

‘သားတော်လည်း ပန်းအိုးမမယ်’

ရှောင်ချီးက ပြောလိုက်တော့ အစ်ကိုတော်တွေက ပြုံးစိစိ ဖြစ်ကုန်သည်။ သို့သော် ခမည်းတော်က မျက်နှာတည်ကြီးဖြင့်

‘အပြစ်ဒဏ်က အပြစ်ဒဏ်ပဲ ရှောင်နန်ရဲ့ ခေါင်းပေါ်ကို ပန်းအိုး နှစ်လုံး ပြန်တင်ပေးလိုက်’

‘မှန်လှပါ မင်းကြီး’

‘ခမည်းတော်’

‘မင်းဒီလို စည်းကမ်းတွေကို မရှိမသေ ပြုလို့ မရဘူး မင်းက ပျောင်းတိုင်းပြည်က မင်းသမီးပဲ တကယ်လို့ သာ မင်းက ဒီလို လုပ်ချင်တာတွေ လုပ်နေမယ် ဆိုရင် နောင်တစ်ချိန် တိုင်းတစ်ပါးက မင်းသားတစ်ပါးက မင်းကို လက်ဆက်ဖို့ ခွင့်တောင်းမယ် ဆိုရင် ဒီပုံစံနဲ့ မင်းရဲ့ အစ်ကိုတော်ကို ဘယ်လို ကူညီနိုင်မလဲ’

‘ရှောင်နန် သိပါပြီ နောက်ဆို ရှောင်နန် လိမ္မာတော့မှာ ဆိုတော့

ခမည်းတော် အစ်ကိုကြီးကို အစားမစားရပဲ လေ့ကျင့်ရမယ် ဆိုတဲ့ ပြစ်ဒဏ်ကို ဖယ်ရှားပေးပါလား ပြီးတော့ သူက နေပူထဲမှာ ဆိုတော့ ရေသောက်ဖို့ တော့ ခွင့်ပြုသင့်တယ်'

'သူက အစ်ကိုကြီးလည်း ဖြစ်တယ် ပြီးတော့ သူ့ရဲ့ သတ်မှတ်အမိန့်ပြားကိုလည်း လုပ်ဖျောက်ပစ်လိုက်သေးတယ် ဆိုတော့ သူ့အပြစ်က ပိုပြီး ကြီးမားတယ် မရဘူး သူ့ကို ဒီအတိုင်း နေပါစေ'

'ခမည်းတော်!!'

'ရပြီ ရပြီ အပိုတွေ ပြောမနေနဲ့ ပန်းအိုး ပြန်မထား'

ခမည်းတော်ကို တောင်းဆိုလို့ မရတော့တာမို့ ရှောင်နန် ခြေဆောင့်ကာ ကျန်ရစ်ခဲ့၏။ အစ်ကိုတော်နှစ်နှင့် အစ်ကိုတော် ငါးက သူမခေါင်းပေါ်မှ ပန်းအိုးတွေကို မသိမသာလေး လက်ဖြင့် မပေးပြီး

'တော်ပြီ တော်ပြီ ခမည်းတော်က အုပ်ချုပ်ရေးနဲ့ ပတ်သက်လာရင် မင်းကို အလျှော့ပေးမှာ မဟုတ်ဘူး မဆိုးနဲ့ တော့'

မဆိုးနဲ့ တော့ ဆိုသော်လည်း ရှောင်နန် မျက်နှာလေး စူပုပ်နေကာ ခမည်းတော် နောက်သို့ ပန်းအိုးနှစ်လုံးအား မနိုင့်တနိုင် မကာ ပြေးလိုက်မိသည် ။

'ခမည်းတော် ခမည်းတော်'

'မင်းကြီးကို တင်လျှောက်ဖို့ ရှိပါတယ် သတင်းက အရေးကြီးပါတယ်!!'

'လီဝေ စစ်သူကြီး'

ခမည်းတော်က ခြေလှမ်းတွေ ရပ်သွားတာမို့ ရှောင်နန် ခမည်းတော်

ကို မီ လာပြီး အနီးသို့ မရောက်ခင်မှာ ပဲ လီဝေ စစ်သူကြီးက

'မင်းကြီး အိမ်ရှေ့မင်းသားရဲ့ အမှတ်တံဆိပ်တော်ကို အသုံးပြုတဲ့ ကလေးငယ်ကို မြို့တော်က တရားရုံးမှာ တွေ့ရှိကြောင်းပါ'

ထိုသတင်းစကားကြောင့် ပန်းအိုးနှစ်လုံးကို ဂရုမစိုက်နိုင်တော့ပဲ ပစ်ချလိုက်ပြီးမှ

'ခမည်းတော်!! သူတို့ က ခိုးယူသွားတာ မဟုတ်ဘူး ခမည်းတော်'

ခမည်းတော် ရှေ့မှာ ဒူးထောက်လိုက်ပြီး မျက်နှာလေး မဲ့ကာ ပြောလိုက်တော့မှ ခမည်းတော်က သက်ပြင်းချလိုက်ပြီး

'အဲဒီ ကလေးကို နန်းတော်ကို ဝင်ဖို့ ခွင့်ပြုလိုက်ပါ ချီနန်!!'

အစ်ကိုလေးက မလှမ်းမကမ်းမှ ခမည်းတော်အား အရိုသေ ပြုရင်း

'ရှိပါတယ် ခမည်းတော်'

'ချူနန်ကို နေ့လယ်စာ မလွှန်စေနဲ့ လို့ ပြောလိုက်ပါ ဒါပေမဲ့ ရှောင်နန်!!'

ခမည်းတော်က အစ်ကိုကြီးအား အပြစ်မှ လွှတ်လိုက်ကြောင်း သိသွားရကာ အားရဝမ်းသာ ဒူးထောက်နေရာမှ ထရပ်လိုက်တော့ ခမည်းတော်က ရှောင်နန်၏ နာမည်အား ခပ်ဆတ်ဆတ် ခေါ်လိုက်သည် ။ ပြီးမှ

'မင်းကို ဘယ်သူက ပန်းအိုးတွေ အောက်ကို ချခိုင်းလို့ လဲ ညမှောင်မှ မင်းရဲ့ အပြစ်လွှတ်မှာ ဒီနေ့ တစ်ရက်တော့ ပန်းအိုးနှစ်လုံးကို သယ်မထားပါ သူ့ကို ဘယ်သူမှ မကူနဲ့ ကြားလား ချီနန် ဝူနန်'

စူးမာ ချီနန် ဆိုတာက အစ်ကိုလေး ဖြစ်ကာ စူးမာ ဝူနန် ဆိုတာက အစ်ကိုငါး သူတို့ နှစ်ဦးလုံးက ရှောင်နန် ကိုယ်စား အပြစ်ဒဏ်ကို ကူညီ

ခံစားနေပေးနေကျမို့ ခမည်းတော် အမိန့်သံ မဆုံးခင် ပန်းအိုးနှစ်လုံးကို ရှောင်နန်အား ကူမပေးဖို့ ပြင်လိုက်သော်လည်း ခမည်းတော်၏ နောက်ဆုံးပိတ် စကားကြောင့် အစ်ကိုငါးက ရှောင်နန်အား အားနည်းသော မျက်နှာလေးနှင့် လှည့်ကြည့်လာသည်။ ပြီးတော့ လေသံ ခပ်တိုးတိုးဖြင့်

'ငါလည်း ဘာမှ မတတ်နိုင်တော့ဘူး'

ရှောင်နန် နှုတ်ခမ်းလေးကို တင်းတင်းစေ့ပိတ်လိုက်ကာ

'ရတယ် ဘယ်သူက ကူရမယ် ပြောလို့ လဲ ငါက စူးမာသုနန်ပဲ ဒီပျောင်းနန်းတော်က အသန်မာဆုံး မိန်းကလေး ဒီပန်းအိုး နှစ်လုံးကို မိုးမှောင်တဲ့ အထိ မ မထားနိုင်ဘူးလို့ ဘယ်သူပြောလဲ'

အင်္ကျီလက်ကလေးကို မလိုက်ကာ ပန်းအိုးကို မကာ ခေါင်းပေါ်သို့ ရွက်လိုက်ရတော့သည်။

~ပြောတော့ တိုင်းပြည်က ဘယ်သူ့ကိုမဆို ကာကွယ်ရမယ်ဆို အခုတံဆိပ်တော်လေး ပေးလိုက်တာကို ပန်းအိုးနှစ်လုံးတောင် ရွက်ခိုင်းတယ် မတရားလိုက်တာ~

***

'ဟေ့ ကောင်လေး မင်းတို့ ကံကောင်းသွားတယ် မင်းကြီးက မင်းတို့ကို နန်းတော်ကို လာခဲ့ဖို့ အမိန့်ချလိုက်တယ်'

'မင်းကြီးက'

မယ်တော်က ထိတ်လန့်စွာ ပြောတော့ ထိုရဲမက်က ခေါင်းညိတ်

လိုက်ကာ

‘လီဝေ စစ်သူကြီးက ခင်ဗျားတို့ ကို နန်းတော်ကို ခေါ်သွားလိမ့်မယ် အနောက်ကနေ လိုက်သွား’

‘နန်းတော်!!’

‘ဟုတ်တယ် နန်းတော် မင်းတို့လို တောကလူတွေက နန်းတော် ဆိုတာနဲ့ ထိတ်လန့် သွားတာလား မင်းအဲဒီလောက် မကြောက်ပါနဲ့ မင်းကြီးက မင်းတို့ ကို နည်းနည်း ပါးပါး မေးမြန်းပြီးရင် ပြန်လွှတ်လိုက်မှာ ပါ’

‘မင်းကြီးက မေးမြန်းမယ်’

လီဝေ သားအမိနှစ်ဦးကို အကဲခတ်လိုက်ပြီးမှ စားပွဲပေါ်တွင် ဓားကို တင်လိုက်ကာ

‘မင်းကြီးက မင်းတို့ ကို တွေ့ချင်နေတယ် ဒီနေ့ နေ့မညိုခင် နန်းတော်ကို လိုက်ပို့ပေးမယ် မနက်ဖြန်ဆိုရင် မင်းတို့ ကို ပြန်လွှတ်လိုက်မှာ ပါ စိတ်မပူပါနဲ့ ’

စကားဆုံး သွားသည် နှင့် စားပွဲပေါ်သို့ တင်လိုက်သော ဓားကို ကောက်ယူလိုက်ပြီးလျှင်

‘အနောက်က လိုက်လာခဲ့ပါ တစ်ခုခု အမှားမလုပ်မိစေနဲ့ ကြားလား!!’

နန်းတော်ဆို၍ လိုက်သွားသော်လည်း ပျောင်းနန်းတော်က ကျောင်းနန်းတော်ကဲ့သို့ ကြီးမား ကျယ်ဝန်းနေတာမျိုး မဟုတ်ပဲ စနစ်တကျ တည်ဆောက်ထားခြင်းသာ ဖြစ်၏။ ရန်ချီ အဝေးတွင် ပန်းအိုးတွေ ရွက်ကာ လမ်းလျှောက်နေသော ကောင်မလေးကို မြင်လိုက်တော့ ခြေလှမ်း

တွေ ရပ်သွားမိသည် ။ ~သူမက ဒီ ပျောင်းနန်းတွင်းထဲကလား၊~

'ဘာကြည့်နေတာလဲ အဲဒါက မင်းသား မင်းသမီးတွေ နေတဲ့ နန်းဆောင် အခွင့်မရှိပဲ မကြည့်တာ အကောင်းဆုံးပဲ'

'မှားသွားပါတယ် သားလေး မကြည့်ရဘူးတဲ့ မကြည့်နဲ့ '

မယ်တော်က သူ့မျက်လုံးတွေကို လက်ဖဝါးဖြင့် ခပ်ဖိဖိ အုပ်ကိုင်လိုက်ပြီးမှ အရှေ့မှ လီဝေ စစ်သူကြီး ဆိုသောသူ နောက်သို့ ခပ်မြန်မြန်လိုက်သွားလိုက်၏။ ခပ်နွမ်းနွမ်း နန်းဆောင် တစ်ခုသို့ ရောက်တော့မှ

'မင်းတို့ သူတို့ ကို သေချာ ပြင်ဆင်ထားပေးလိုက်ပါ မနက်ဖြန်ကျရင် မင်းကြီးက သူတို့ ကို ခေါ်ပြီး စကားပြောလိမ့်မယ်'

လီဝေ စစ်သူကြီးက နန်းတွင်း အပျိုတော်တွေကို မှာ ကြားပြီး ပြန်ထွက်သွား၏။ ထိုအခါမှ နန်းတွင်း အပျိုတော်တွေက

'ရေချိုးဖို့ ရေနွေးစပ်ပေးလိုက်မယ် ညစာစားဖို့ လည်း ပြင်ဆင်ပေးပါ့မယ် ဒီဘက်ကို ကြွပါရှင့်'

ထွက်ပြေးနေရသော တစ်လျှောက်လုံး အခုလို အေးအေး ဆေးဆေး မနေရတာကြာပြီမို့ ရန်ချီ စိတ်ထဲမှာ ကျေနပ် သွားမိသည် ။ ရေချိုး အဝတ်စားလဲ လိုက်ပြီး ညစာကို အဝစားလိုက်သည် ။ ယခုလို စားခွင့် မရတာလည်း ရက်တွေ ကြာနေပြီမို့ ဒီတစ်နေ့ စားသော အစားအသောက်တွေက သူ့အတွက် ကောင်းမွန်လွန်းနေ၏။ စားသောက်ပြီး၍ စားဝိုင်းမှ ထဖို့ ပြင်လိုက်တော့ နန်းဆောင်ငယ် အတွင်းသို့ ရှောင်နန်က ဝင် လာပြီး

'မင်း ရောက် လာပြီလား'

သူမက ရုတ်တရက် ရောက် လာပြီး ဘာမှ မပြောသေးပဲ ကြည့်နေ

တာ့ မယ်တော်က သူမအား ထိတ်လန့်စွာ ပြန်ကြည့် နေသော်လည်း သူမက

'ငါ့ကို မှတ်မိလား ငါက'

သူမက စပြီး ပြောလာတော့ သူက မဆိုင်းမတွပဲ

'ရှောင်နန်!! ငါမင်းကို မှတ်မိတယ်'

'ကောင်းပြီ မင်းငါ့ကို မှတ်မိတယ်ဆို ပြီးတာပဲ'

'ရှောင်နန်!!'

နန်းဆောင် အပြင်ဘက်မှ အော်ခေါ်သံကြောင့် သူမက ချာခနဲ လှည့်ထွက်သွားမည့်ဟန် ပြင်လိုက်ပြီးမှ

'ငါ ဒီကို ရောက်လာတာ ဘယ်သူ့ကိုမှ မပြောနဲ့ နော်'

ပြောပြီးမှ နန်းဆောင် အပြင်သို့ ပြေးထွက်ကာ မှောင်နေသော နန်းဆောင် အတွင်းသို့ ပြေးဝင် ပျောက်ကွယ် သွားတော့၏။ သူမ ထွက်သွားပြီးမှ နန်းဆောင် အပြင်သို့ ထွက်ကြည့်နေသော သူ့အနားသို့ ရှောင်နန်အား အော်ခေါ်လိုက်သော အသံပိုင်ရှင်က အနီးသို့ ရောက်လာ၏။ ထိုအခါ လျှောက်လမ်းမှ ဖြတ်သွားသော အပျိုတော် တစ်စုက ထိုသူအား

'အိမ်ရှေ့မင်းသား!!'

'ရှောင်နန် ဘယ်သွားတာလဲ'

အပျိုတော်တွေကို လှည့်မေးတော့ သူ တုန်ခနဲ တောင် ဖြစ်သွားမိ၏။ ပြီးနောက် ထိုသူက

'ဒီကောင်မစုတ်လေး သေတော့မယ်'

ထိုသို့ ကြိမ်းဝါးလိုက်တာကို ကြားလိုက်ရပြီး ရန်ချီ ခြေမကိုင်မိ

လက်မကိုင်မိ ဖြစ်သွားမိ၏။ ~ရှောင်နန်က အပြစ်သားလား~

***

(အပိုင်း-၃)

ထိုအိမ်ရှေ့မင်းသား ထွက်သွားပြီးမှ ရှောင်နန် ပြေးထွက်သွားသော အလင်းရောင်မရှိသော နန်းဆောင် အတွင်းသို့ ပြေးဝင်ခဲ့လိုက်သည် ။ နန်းဆောင်အကွယ်သို့ အရောက်တွင်

'မင်း ဘာလာလုပ်တာလဲ'

သူမက ထိုအကွယ်လေးတွင် ပုန်းနေပြီး သူ့လက်ကို ဆွဲခေါ်ကာ အနောက်သို့ တိုးဝင်၏။ ပြီးမှ

'သွားပြီလား'

သူ ခပ်မြန်မြန် ခေါင်းညိတ်လိုက်ပြီးမှ

'အင်း သွားလိုက်ပြီ မင်းကို ဖမ်းမလို့ လား မင်းက ဘာလို့ ဒီလို နန်းတော်ထဲမှာ လျှောက်ပြေးနေတာလဲ သူက မင်းကို တစ်ခုခု လုပ်တော့မှာ လား'

ရှောင်နန် ပြုံး၍ ခေါင်းခါယမ်းလိုက်ပြီးမှ

' မဟုတ်ဘူး ငါ့ကြောင့်မို့ သူက အပြစ်ပေးခံထားရတာလေ အဲဒါကြောင့် ငါ့ကို ဆူမလို့ လိုက်ရှာနေတာ'

'ထင်ပါတယ် မင်းပုံစံက အပြစ်ပေးခံရတာနဲ့ လည်း မတူပါဘူး မင်းက နန်းတော်ထဲမှာ လျှောက်ပြေးနေတာ ဆိုတော့ မင်းက ဒီနန်းတော်ထဲ

မှာ တစ်ခုခုပဲ’

‘ငါက ငါကလား’

ရှောင်နန် မျက်တောင်လေး တဖျတ်ဖျတ် ခတ်သွားပြီးမှ

‘ဟုတ်တာပေါ့ ငါက နန်းတော်ထဲမှာ အသန်မာဆုံး မိန်းကလေးလေ ဒီနေ့ဆိုရင် ငါက ပန်းအိုးနှစ်လုံးတောင် မနိုင်တယ် ထားလိုက်ပါ ဒါတွေ မင်းသိမှာ မဟုတ်ပါဘူး ဒါနဲ့ မင်းနာမည်က’

‘ရန်ချီ ရှောင်ချီလို့ ခေါ်လည်း ရတယ်’

‘ရှောင်ချီ ဟုတ်လား ငါ့မောင်လေး နာမည်က ရှောင်ချိုး မင်းက သူနဲ့လည်း မတူပဲနဲ့ နာမည်က ဆင်နေတယ် ငါသွားတော့မယ်’

‘ခဏလေး!!’

‘ဘာလဲ နောက်ကျရင် ငါ့အမေ ငါ့ကို သတ်မှာ ’

‘ဒီလက်ကောက်လေး ငါမင်းကို ပေးလိုက်မယ် ဒါက အန္တရာယ်ကင်းစေတယ်လို့ ပြောကြတယ်’

‘ငါ့ကို ပေးပါ’

ရှောင်နန်က ဖျတ်ခနဲ ဆွဲယူပြီး ပြေးထွက်သွား၏။ ~ရှောင်နန်က နန်းတော်ထဲမှာ ဒီလို ပြေးလွှားပြီး သွားနိုင်တာ သူ့အနေအထားက ဘယ်လိုမှ အပြစ်သားဖြစ်မှာ မဟုတ်ဘူး ဆိုတာကို ငါ နားလည်နေရဲ့ နဲ့ သူ့ကို စိတ်ပူမိနေသေးတယ် သူက နန်းတော်ထဲက နေရာတစ်ခုတော့ ရှိရမယ်~ သူ နန်းဆောင် အတွင်းသို့ ပြန်ရောက်လာတော့ မယ်တော်က စိတ်ပူပန်နေသော မျက်နှာဖြင့်

‘သားလေး ဘယ်တွေ သွားနေတာလဲ လာ အမေတို့ မအိပ်ရတဲ့ ရက်

တွေ များ နေပြီ အနားယူမှ ဖြစ်မယ် မနက်ဖြန် မင်းကြီးနဲ့ တွေ့ရင် အခြေအနေကြည့်ပြီး ကျောင်းပြည်ကို ပြန်ပို့ပေးဖို့ ပြောရမယ်'

'မယ်တော် ခမည်းတော်က သားတော်တို့ ကို စွန့်ပစ်လိုက်ပြီလား မသိဘူး'

'အဲဒီလို မတွေးရဘူး ခမည်းတော်က ကောင်းမွန်တဲ့ မင်းကြီး တစ်ပါးပါ သားတော်ကို မစွန့်လွှတ်ပါဘူး'

'ဒါပေမဲ့ ခမည်းတော်က သားတော်ရဲ့ မွေးနေ့ပွဲတိုင်းကို မလာဘူး လေ'

'ခမည်းတော်က အရမ်း အလုပ်များ တယ်လေ သားတော်က နားလည်ပေးရမယ်'

'ဒါပေမဲ့ ညီတော် ဆီကိုတော့ ခမည်းတော်က နေ့တိုင်းနီးပါး သွားတယ်လေ'

'ညီလေးက အိမ်ရှေ့မင်းသားလေ သွားရမှာ ပေါ့'

'သားတော်က အိမ်ရှေ့မင်းသား မဟုတ်လို့ ခမည်းတော်က မလိုချင် တာလား'

'လျှောက်မတွေးနဲ့ တော့ အိပ်တော့ မနက်ဖြန် ကျရင် ပြန်ဖို့ ကို သေချာ တွေးရမယ်'

ငယ်စဉ်ကတည်းက မတူညီမှုတွေကို နှိုင်းယှဉ်နေမိသော သားတော်ကို အပြစ်မဆိုရက်သော်လည်း မင်းကြီးထံမှ ချစ်ခင်မှုတွေ မရခဲ့တာတော့ သနားကြင်နာမိသည် ။ သို့သော် ထိုသို့သော နန်းတော်တွင်း နေရာလုမှုတွေမှာ သားတော်အား မပါဝင်စေလို၍ ထိန်းသိမ်းထားခဲ့သည် ။ သားတစ်ဦးအနေနှင့် ဖခင်ထံမှ ချစ်ကြင်နာမှုကိုတော့ လိုချင်မည် ဆို

တာကို မေ့လျော့နေမိခဲ့သည် ။ သို့ပေမဲ့ သားလေးက ဘယ်လောက်ပဲ ကြိုးစား ကြိုးစား မိဖုရားငယ်၏ သားတော်တစ်ပါး အဖြစ်သာ မင်းကြီးက သိနေခဲ့လျက် အသိအမှတ် ပြုခြင်းလည်း မပြုပေ။

'မယ်တော် သားတော်တို့ က နဂိုရ်တည်းက ကျောင်းပြည် နန်းတော်ထဲမှာ သိမ်ငယ်တယ် ဘာလို့ ပြန်ကြမှာ လဲ'

'မဖြစ်ဘူး မင်းက ကျောင်းပြည်ရဲ့ မင်းသားတစ်ပါးပဲ ပြန်ကို ပြန်ရမယ် မင်းခမည်းတော်ကို မျက်နှာပျက်စေလို့ မရဘူး'

ရန်ချီ မယ်တော်အား ဘာမှ ပြန်မပြောတော့ပဲ ငြိမ်သက်စွာ မျက်လုံးမှိတ်ထားလိုက်မိသည် ။ မယ်တော်က ခမည်းတော်နှင့် မယ်တော်ကြီးအား အလေးထားလွန်းတာကို သိသည် ။ သူ့အနေနဲ့ ငယ်စဉ်ကတည်းက ခမည်းတော် သတိထားမိအောင် နည်းလမ်းပေါင်းစုံဖြင့် မယ်တော်အား အသိမှတ်ပြုစေဖို့ ကြိုးစားခဲ့သော်လည်း အင်အား ကုန်ခန်းရုံသာ အဖက်တင်ခဲ့တာကို စက်ဆုပ်လှပြီ။ ခမည်းတော်ထံမှ တော်တယ် ငါ့သား ဆိုသော စကားတစ်ခွန်းမှ ပင် မခံစားခဲ့ဖူးတာကိုလည်း ဝမ်းနည်းရသည် ။ မယ်တော် မျက်နှာတစ်ချက် ညိုးတိုင်း ကျောင်းနန်းတော်က လူတွေ အပေါ်မှာ တစ်နေ့ ငါက အာဏာသက်ရောက်စေရမည် ဆိုသော စိတ်အတွေးနှင့် အငြိုးတစ်ချက် ဝင်သည် ။ အခုတော့ ထိုအတွေးတွေက ပို၍ ပို၍ ခိုင်မာလာရလေပြီ။ တစ်နေ့ကျရင် မယ်တော်ကို ဘယ်သူမှ မငြိုမငြင်စေအောင် သူထားနိုင်ရမည်။

***

ကျောင်းတိုင်းပြည် ညီလာခံ၊

မိဖုရားကြီး လှိုဖူက ကန့်လန့်ကာ ခြားထားသော ခုံတွင် ထိုင်နေပြီး မင်းကြီးက နေမကောင်း၍ ညီလာခံသို့ မတက်ရောက်နိုင်ပေ။ အမတ်တွေက တိတ်ဆိတ်နေရာမှ အမတ်ငယ် တစ်ဦးက လျှောက်လမ်းသို့ ဝင်လိုက်ပြီး

'မိဖုရားကြီးကို တင်လျှောက်ပါတယ် တောင်ပိုင်းပြည်နယ်က မင်းသားက စစ်တပ်အတွက် ရိက္ခာတိုးပေးဖို့ တောင်းဆိုနေပါတယ်'

'ရိက္ခာ ကောင်းပြီ အဲဒီကိစ္စကို နောက်မှ ဆက်ပြောမယ်'

'မှန်လှပါ'

'ဒီနေ့ ပျောင်းတိုင်းပြည်ကို သံတမန်စေလွှတ်ဖို့ အတွက် စီစဉ်ပါ'

'ဒါပေမဲ့ ပျောင်းတိုင်းပြည်က'

'ကိစ္စအထူးအထွေ ရှိနေလား အခု မင်းကြီးရဲ့ သားတော်ကြီးက ပျောက်ဆုံးနေတာ မင်းတို့ နားမလည်ဘူးလား တကယ်လို့ သာ တခြားတိုင်းပြည်က သူ့ကို ဓားစာခံ မင်းသားအဖြစ် သတ်မှတ်လိုက်မယ် ဆိုရင် တစ်လောကလုံး လှောင်ရယ်စရာ ဖြစ်မနေဘူးလား'

လှိုဖူ မိဖုရားကြီး၏ စကားအဆုံးတွင် အမတ်မင်းများ တိုးတိုး ပြောဆို ကြသော်လည်း စီမံရေး အမတ်မင်း ခဲ့လောင်က

'တကယ်လို့ သာ သံတမန်အဖွဲ့ကို စေလွှတ်လိုက်လို့ အရာမထင်ခဲ့ဘူးဆိုရင် အမ်းလွေ့ မိဖုရားငယ်ကို ရှာဖွေမှု ရပ်ဆိုင်းပေးစေချင်ပါတယ် မိဖုရားကြီး နှစ်နိုင်ငံကြား တင်းမာဖို့ ရှိတဲ့ အခြေအနေကို ထိန်းညှိဖို့ မိဖုရားငယ် တစ်ပါးကို အကြောင်း မပြုစေချင်ပါဘူး'

'ခဲ့လောင် အမတ်မင်း ပြောချင်တာက မင်းကြီးရဲ့ တော်ဝင်သွေးသားက အရေးမကြီးဘူး လို့ လား'

'စိုးရွံ့မိပါတယ်'

'မင်းကြီးရဲ့ သားတော်က အရေးကြီးပေမဲ့ နှစ်နိုင်ငံ အခြေအနေတင်းမာသွားတာက ပိုပြီး အရေးကြီးတယ်လို့ ထင်မြင်မိကြောင်းပါ'

'ကောင်းပြီ ဒီနေ့ကစပြီး မင်းရဲ့ သမီးတော် ခဲ့သျောင်ကို နန်းတော်မှာ လာပြီး နေပါစေ'

'မိဖုရားကြီး!!'

ယခုမှ ခဲ့လောင် အမတ်မင်းက ထိတ်လန့်တကြား မိဖုရားကြီးအား လှမ်းကြည့်သည် ။ သို့သော် မိဖုရားကြီးက ကန့်လန့်ကာ အတွင်း ထိုင်နေရာမှ ထရပ်လိုက်ပြီး

'ခဲ့သျောင်က မင်းကြီးရဲ့ ဝမ်းကွဲ ညီမတော်ရဲ့ သမီးပဲ သူကနန်းတော်နဲ့ လည်း မစိမ်းသက်ဘူး ပြီးတော့ ပြောရရင် သူလည်းကျောင်းနန်းတွင်းက မင်းသမီး တစ်ပါး ဖြစ်သင့်တယ် မင်းကြီးဆီမှာ သားတော် နှစ်ပါး ရှိတယ် တကယ်လို့ သူသာ နှစ်သက်မယ် ဆိုရင် မင်းကြီးရဲ့ သားတော်တစ်ပါးကို ရွေးချယ်သင့်တယ်'

'ဒါပေမဲ့ မိဖုရားကြီး ခဲ့သျောင်က ငယ်ပါသေးတယ်'

'ငယ်တယ် မငယ်ဘူး ဆိုတာကို ငါက ဆုံးဖြတ်ပေးမယ် မနက်ဖြန်သူ့ကို အိမ်တော်ကနေ အကြိုလွှတ်ဖို့ ဝေါယာဉ် လွှတ်လိုက်မယ်'

မိဖုရားကြီးက ပလ္လင်ပေါ်မှ ဆင်းလာတော့ အနောက်မှ အပါးတော်မြဲက

'ညီလာခံ သိမ်းမယ်!!'

ညီလာခံမှ ထွက် လာပြီး သားတော် ကျောင်းကန်း ရှိသော အိမ်ရှေ့မင်းသား နန်းဆောင်သို့ ရောက်လာတော့

'မယ်တော် ကျန်းမာပါစ'

'ကန်းအော် မင်း ဘာတွေ လုပ်နေတာလဲ ဒီအချိန်က မင်း စာသင်ဆောင်မှာ ရှိနေရမှာ မဟုတ်လား'

'မယ်တော် ကန်းအော် အစ်ကိုတော်ကို သတိရလို့ ပါ အခါတိုင်း ဆိုရင် အစ်ကိုတော်နဲ့ အတူတူ စာသင်ရတယ် အခုကျတော့ ကန်းအော် တစ်ယောက်တည်း'

'မင်း စိတ်ချပါ မင်းရဲ့ အစ်ကိုတော်ကို မယ်တော်က ရအောင် ခေါ်လာပေးမှာ ပါ ဒါပေမဲ့ မင်း စာမသင်ချင်တာက အခါတိုင်းလို မင်းအတွက် ဆရာကို ဉာဏ်များ ပေမဲ့ ချီအော် မရှိလို့ မဟုတ်လား မင်းက'

သားတော်ရဲ့ ဦးခေါင်းလေးကို ပွတ်သပ်ပေးတော့ လွီဖူ၏ လက်ကို ကျောင်းကန်းက ဖယ်ချလိုက်ပြီးမှ

' မဟုတ်ဘူး သားတော်ကို ဘယ်နေရာမှာ မှ အရှုံးပေးမယ့်သူ မရှိလို ပါ အစ်ကိုတော်က ဘယ်ပညာရပ်မဆို သူများ တွေထက် ထူးချွန်တယ် ဒါပေမဲ့ ကန်းအော်ကို အလျှော့ပေးတယ် အစ်ကိုတော် မရှိတဲ့ ဘဝက နေမပျော်ဘူး အစ်ကိုတော်ကို ရအောင် ရှာပေးပါ မယ်တော်'

'ဒီနှစ်တွေမှာ မင်းက အသက်ဆယ်နှစ် ပြည့်ပြီ ချီအော်က ဆယ့်သုံးနှစ် မင်းတို့ တိုက်ခိုက်ရေး သင်ကြားရမယ့် အရွယ် ရောက် လာပြီ ကန်းအော် မင်း ငယ်သေးတယ်လို့ မထင်နဲ့ တော့'

'ကန်းအော်က နဂိုရ်တည်းက ငယ်သေးတာပဲလေ'

‘ချီအော်က နန်းတွင် စည်းမျဉ်းတွေနဲ့ စာပေတွေ အားလုံးကို အလွတ်ရွတ်နိုင်နေပြီ မင်းကကော မင်းက အခုထိ ပြေးလွှားပြီး နန်းတွင်းက ဆရာတွေကို လှည့်စားချင်တုန်း’

‘မယ်တော် အစ်ကိုတော် ပြန်ရောက်လာတာနဲ့ သားတော် အားလုံးကို သေသေချာချာ သင်ယူပ့ါမယ် ကတိပေးတယ်’

‘မင်းက အိမ်ရှေ့မင်းသား တစ်ပါးနော် မတည်နိုင်တဲ့ ကတိကို မပေးရဘူး’

‘ကန်းအော် ကတိတည်မှာ ပါ’

‘ကောင်းပြီ မင်းရဲ့ ခမည်းတော်က မကျန်းမာဘူး မင်းဆီ မလာနိုင်တာကို မင်းက သွားပြီး ဂါရဝပြုသင့်တယ်’

‘ခမည်းတော်က မျက်နှာတည်တည်ကြီးနဲ့ သားတော် ကြောက်တယ်
’

‘ဘာကို ကြောက်တာလဲ သူက မင်းရဲ့ ခမည်းတော်ပဲ သွား!! ဂါရဝပြုပြီး ပြန်လာခဲ့’

‘ခမည်းတော်က မျက်နှာတည်တည်ကြီးနဲ့ သားတော် ကြောက်တယ်
’

‘ဘာကို ကြောက်တာလဲ သူက မင်းရဲ့ ခမည်းတော်ပဲ သွား!! ဂါရဝပြုပြီး ပြန်လာခဲ့’

မသွားချင်သော နေရာအား သွားခိုင်း၍ မျက်နှာလေး စူပုပ်ကာ သွားလိုက်သည့် သားတော်၏ မရင့်ကျက်နိုင်မှုကို မစောင့်ဆိုင်းနိုင်မိမှာ ကိုလို့ဖူ စိုးရိမ်မိသည်။

~တကယ်လို့ သားတော်ကို မစောင့်ဆိုင်းနိုင်ဘူး ဆိုရင် မယ်တော်ကို အပြစ်မဆိုပါနဲ့ ကန်းအော်~

***

အခန်းအတွင်းမှ ထွက်ဖို့ ပြင်လိုက်ပြီးမှ သွားလာနေသော အပျိုတော်တွေ အပျိုထိန်းတွေကို တွေ့လိုက်တော့ တံခါးအကွယ်လေးမှာ ရပ်လိုက်ရသည် ။ ခမည်းတော်၏ ဧည့်သည် တွေ ဆိုသော်လည်း ဒါက ရှောင်နန်ကြောင့် နန်းတော်သို့ ရောက်လာရခြင်းမို့ ခမည်းတော်နှင့် တွေ့ဆုံမည့် စကားတွေကို သိချင်လှသည် ။

ပန်းအိုးလေးတွေ စီထားသော နန်းဆောင်နဘေးမှ ပုန်းလျှိုး ကွယ်လျှိုးဖြင့် ဧည့်သည် တွေ နေသော နန်းဆောင်သို့ ဦးတည်ကာ သွားနေရာမှ မျက်စိရှေ့သို့ ရွှေကွပ်ထားသော ဖိနပ်ကို စီးထားသည့် ခြေထောက်ကို မြင်လိုက်မှ မျက်လုံးတွေကို မှိတ်လိုက်ကာ မတ်တတ်ရပ်လိုက်ရ၏။ ပြီးတော့မှ လက်နှစ်ဖက်ကို နောက်ပစ်လိုက်ကာ မျက်လုံးလေး ဝေ့လည်ဝေ့လည် လုပ်ရင်း

'အစ်ကိုကြီး ငါက ဒီနားက ပန်းပင်တွေကို ပြုစုမလို့ သေချာ ကြည့်နေတာပါ ငါက'

'ကောင်းပြီ မင်းပြောကြည့် ဒီနားက ပန်းပင်တွေက ဘာဖြစ်လို့ လဲ နန်းတော်ထိန်းတွေက ပန်းပင်တွေကို မပြုစုဘူးလို့ မင်းယူဆနေတာလား ရှောင်နန်'

ထိုအခါ ကျမှ ရှောင်နန်က မျက်နှာလေး ပုပ်သိုးသွားပြီး

'မဟုတ်ပါဘူး ညီမလေးက'

'ငါသိတယ် ဒီနေ့လို အချိန်မှာ နန်းပြင်က ညွှ့်သည် တွေကို မင်း စိတ်ဝင်စားနေမယ် ဆိုတာကို ငါသေချာ သိတယ် မသွားနဲ့ အဲဒါကို လက်လျှော့ပြီး မင်း ငါ့ကို လာကူပါလား မင်းသိလား ဒီနေ့က အမတ် မင်း သားသမီးတွေ နန်းတော်ထဲ အလည်လာကြမှာ လေ'

'ငါသိတယ် ဒါပေမဲ့ အဲဒါက ငါ့အတွက် ထူးဆန်းတာ ဘာရှိလို့ လဲ တစ်လတစ်ကြိမ် သူတို့ လာနေကျပဲလေ'

'တစ်လတစ်ကြိမ် ဆိုပေမဲ့ ဒီတစ်ကြိမ်မှာ ငါ သတင်း အတိအကျ ရ ထားတယ် အမတ်မင်းဝေရဲ့ သမီး နန်းတော်ကို လာမယ်တဲ့ '

'ဟို ရုပ်ဆိုးမလား'

'ဘာ!! ရုပ်ဆိုးမ ဟုတ်လား သူက မင်းရဲ့ ယောက်မ ဖြစ်လာမှာ ဘယ်နားက ရုပ်ဆိုးလို့ လဲ'

အစ်ကိုကြီး ချူနန်က သူသဘောကျနေသော အမတ်ဝေ၏ သမီးအား ရှောင်နန်က ရုပ်ဆိုးမဟု ပြောလိုက်တာကို ဆတ်ဆတ်ခါသွားပြီး

'မင်းနဲ့ သူက အရင်တည်းက ရင်းနှီးတယ် မဟုတ်လား ရှောင်နန် ဝေမိန်းကလေးက'

'ဘာ ဝေမိန်းကလေးလဲ ရုပ်ဆိုးမပါ သူက ဒီလောက်လဲ မလှပါဘူး အစ်ကိုကြီး မင်းအသက်က နှစ်ဆယ့်ရှစ်နှစ် ရှိတာ ဒီတစ်ကြိမ်တော့ မင်း လူရွေးမှားပြီ ဖယ်စမ်းပါ ငါမင်းကို ကူပြီး ဘာမှ မလုပ်ပေးဘူး'

'ရှောင်နန် မင်း နန်းတော်ကနေ ထွက်ပြီ မလည်ချင်ဘူးလား'

ချူနန်၏ စည်းရုံးနည်းက ထိရောက်သည် ။ ရှောင်နန် ခြေလှမ်းတွေ ချက်ချင်း ရပ်သွားပြီး

‘ဘယ်နေ့လဲ ဘယ်နှရက်လဲ ဘယ်ကိုလဲ’

မေးခွန်းတွေ မေးလာသော ညီမလုပ်သူအား ချူနန်က မေးစေ့ကို လက်ဖြင့် ပွတ်လိုက်ပြီးမှ

‘ဘယ်နှရက်လဲ ဟုတ်လား မင်း နေ့တစ်ပိုင်းလောက် ပျောက်သွားတာနဲ့ ဒီပျောင်းနန်းတော်မှာ အရမ်းသိသာတယ် ရက်နဲ့ တော့ မရဘူး လေးနာရီလောက် ရမယ် မင်း ဈေးထဲ သွားလည်ဖို့ အချိန် လုံလောက်ပါတယ်’

‘လေးနာရီ အစ်ကိုကြီး လေးနာရီက ငါ့အတွက် နည်းလွန်းတဲ့ အချိန်ပဲ မလုံလောက်ဘူး’

‘ကောင်းပြီလေ မင်းနန်းပြင်ကို မထွက်ချင်ရင်လည်း ငါမင်းကို မကူညီရုံပဲပေါ့’

အစ်ကိုကြီးက လှည့်ထွက်ဖို့ ပြင်လိုက်မှ ချောင်နန် ကမန်းကတန်း လှမ်းဆွဲလိုက်ပြီး

‘ကောင်းပြီ ငါသဘောတူတယ် ရက်ကိုတော့ ငါပဲ ရွေးမယ်’

‘မရဘူး နန်းတော်မှာ အထိန်းတော်လုံက မင်းကို မျက်စိဒေါက်ထောက် ကြည့်နေတာ ခမည်းတော် အမဲလိုက်ထွက်တဲ့ နေ့ကျမှ မင်းသွားရမယ်’

‘ကောင်းပါပြီလေ ငါက ဘာလို့ များ ဒီလို နန်းတော်မှာ မွေးလာတာပါလိမ့် ပုန်းနေရတဲ့ ကြွက်လိုပဲ ပြော ငါ ဘာလုပ်ရမလဲ’

‘တစ်ခုပဲ’

‘အဲဒီ ဝေရှပ်ဆိုးမကို မင်းရဲ့ နန်းဆောင်နားက ကြာပန်းကန်ကို ခေါ်

လာပေးရမယ်လို့ မပြောဘူးဆို ငါလုပ်ပေးမယ်’

အစ်ကိုကြီးက ရှောင်နန်အား မျက်နှာချိုသွေးလိုက်သော မျက်နှာဖြင့် အားရဝမ်းသာ ထောက်ခံပြီး

‘ဟုတ်တယ် ရှောင်နန် မင်းရဲ့ ဉာဏ်ပညာက အံ့မခန်း တိုးတက်လာတာပဲ’

‘ထားလိုက်ပါ ငါ သွားခေါ်လာပေးမယ် ဒါပေမဲ့ မင်းသိလား သူက ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတာ မင်းက သူနဲ့ ဆို ဆယ်နှစ်လောက် ကွာတယ် မင်း နည်းနည်းတွေးပါဦးလား သူက ရုပ်ဆိုးတယ်နော်’

‘မင်းဘယ်လိုလုပ်ပြီး သူ့ကို ရုပ်ဆိုးတယ်ပဲ ခဏခဏ ပြောနေရတာလဲ သွားတော့ သွားတော့ ပြောထားတာသာ မမေ့နဲ့ ’

အစ်ကိုကြီးရှေ့မှ လှည့်ထွက် လာပြီးတော့ နန်းတော်အတွင်းသို့ အလည်လာသော အမတ်သားသမီးတွေ စစ်သူကြီးသားသမီးတွေ စုဝေးရာသို့ ခပ်မြန်မြန် ရောက်လာခဲ့၏။ ~အဲဒီ အစ်ကိုကြီးက ဘယ်လိုလုပ်ပြီး မလှမပ မိန်းကလေးကို မျက်စိကျရတာလဲ ငါ ယုံတောင် မယုံနိုင်ဘူး ငါဒီကိစ္စကို ဘယ်သူ့ကို အကူညီတောင်းရမလဲ ဟုတ်ပြီ လီဝေစစ်သူကြီးရဲ့ သား သူက အစ်ကိုလေးရဲ့ သူငယ်ချင်းပဲ ပြီးတော့ သူက နန်းတွင်း စာသင်ဆောင်မှာ ငါနဲ့ တစ်တန်းတည်းပဲ~

တွေးလိုက်စဉ်မှာ ပဲ လီဝေစစ်သူကြီး၏ သား ဖြစ်သော လီဝမ်အား တွေ့လိုက်တာမို့ အနားသို့ ပြေးသွားပြီး

‘လီဝမ်!!’

လီဝမ်က အစ်ကိုနှစ်နှင့်မှ အသက်တူညီသော်လည်း ငယ်စဉ်က နေမကောင်းဖြစ်ကာ စာသင်ကြားမှုကို ရပ်နားထား ရသောကြောင့်သာ သူမ

နှင့် အတန်းတူညီနေခြင်း ဖြစ်၏။

'မင်းသမီး'

'ဘာကို မင်းသမီးလဲ မင်းငါ့ကို တစ်ခု ကူညီပါလား'

'မင်းသမီး ဘာစေခိုင်းဖို့ ရှိလဲ ဆိုတာကိုသာ ပြောပါ'

'ငါ ပြောပြမယ် ငါ့အစ်ကိုကြီးက ဟိုရုပ်ဆိုးမ ဝေအမတ်ရဲ့ သမီးကို သူ့ရဲ့ နန်းဆောင်နားက ကြာပန်းကန်ကို လာစေချင်နေတာ မင်း တစ်ခု ခုနဲ့ ဒီနေရာကနေ သူတို့ မိန်းကလေးတွေ အုပ်စုလိုက် ထွက်ပြေးအောင် လုပ်ပေး ငါက သူ့ကို လက်ဆွဲပြီး ကြာပန်းကန်ထိ ပြေးသွားမယ်'

'အဲဒါက ငါလုပ်မယ် ဆိုရင် ငါ့ကို နန်းတော်စောင့် တပ်တွေ ဖမ်းမှာပေါ့'

'မဖမ်းစေရဘူး စိတ်ချပါ'

ရှောင်နန်၏ စကားကို ယုံကြည်ကာ လီဝမ်က အနက်ရောင်အင်္ကျီကို ပြောင်းလဲ ဝတ်ဆင်လိုက်ကာ အပင်ပေါ်သို့ တက်လိုက်ပြီး ဓားရှည်ကို ထုတ်လိုက်ကာ သစ်ပင်ပေါ်မှ ခုန်ချလိုက်ပြီ အမတ်ဝေ၏ သမီး ဝေချင်းချင်းအား ဓားဖြင့် ချိန်ရွယ်လိုက်ကာ

'ငါမင်းကို ဖမ်းသွားမယ်'

လေသံက မာကျောရမည့်အစား ကြောက်ကြောက်လန့်လန့်ဖြင့် ခပ်တိုးတိုးသာ ထွက်လာသဖြင့် တခြားသော သူများက မကြောက်ပဲ နေ၏။ ထိုစဉ် ရှောင်နန်က လီဝမ်အား ကျောက်တုန်းဖြင့် အနောက်မှ ထုလိုက်ပြီး ဝေချင်းချင်း၏ လက်ကို ဆွဲကာ ထိုနေရာမှ ပြေးထွက်လာ၏။

'လာခဲ့! ငါမင်းကို အန္တရာယ် ကင်းတဲ့ နေရာကို ခေါ်သွားပေးမယ်'

ဝေချင်းချင်းက မူးဝေဝေ ဖြစ်ကာ ကျန်နေခဲ့သော လီဝမ်အား တအံ့တသြ ကြည့်နေရင်းမှ ရှောင်နန်၏ လက်အတွင်းသို့ ယက်ကန် ယက်ကန်လေး ပါလာ၏။ လီဝမ်မှာ မူ အကျီအနက်ကို ဝတ်ဆင်ထားသဖြင့် နန်းတော်စောင့်များ လက်အတွင်းသို့ ကျရောက် သွားလေတော့သည် ။ လူများ၍ ယုံကြည်မိခြင်း အတွက် နန်းတွင်း အချုပ်ခန်းအတွင်းသို့ ရောက်သွားလေတော့သည် ။

ရှောင်နန်က ဝေချင်းချင်းအား လက်ဆွဲ၍ ပြေးလာကာ ကြာပန်းကန်အနားတွင် ရပ်လိုက်ပြီးမှ

'မင်း ပြေးလာရတာ မောနေပြီ မဟုတ်လား ငါမင်းအတွက် ရေသွားခပ်လာပေးမယ်'

' မဟုတ်ဘူး မင်းသမီး'

ရှောင်နန်က ဝေချင်းချင်းအား ထားရစ်ခဲ့ပြီး အစ်ကိုတော် ချူနန်အားလက်ပြကာ ထိုနေရာမှ ထွက်ခွာလာခဲ့တော့သည် ။

'ငါ့ကို နန်းပြင် ထွက်ဖို့ အမိန့်ပြား မပေးကြည့် လည်ပင်းမှာ အပေါက် ဖောက်ပေးလိုက်မယ်'

ပြောလိုက်ပြီးမှ ဧည့်တွေ့ဆောင်ကို သတိရသွားပြီး ခြေလှမ်းတွေကနောက်ပြန်လှည့်သွားမိသည် ။

'ငါ သူတို့ ကို သွားကြည့်ရမယ် ခမည်းတော် ဘာတွေ မေးမှာ လဲ မသိဘူး ခမည်းတော်နဲ့ စကားပြောပြီးသွားရင်တော့ ငါတော့ သွားပါပြီ'

အဆောင်ဟု ပြောကာ ပေးခဲ့သော ခါးချိတ်သည့် ကျောက်စိမ်းပြားလေးကို ခါးတွင် ချိတ်ကာ ခမည်းတော်၏ နန်းဆောင်သို့ ခိုးဝင် လာခဲ့မိတော့သည် ။ သို့သော် ခမည်းတော်က အမတ်တွေနှင့် စကားပြောနေ

ကာ မျက်မှောင် ကုတ်သွားပြီးနောက်

'ဘာပြောတယ် ကျောင်းတိုင်းပြည်က သံတမန် အဖွဲ့စေလွှတ်လိုက်တယ် ဟုတ်လား ငါတို့ နဲ့ သူတို့ ကြားမှာ အရေးကိစ္စ ကြီးကြီးမားမား ရှိတာမှ မဟုတ်တာ'

'မှန်လှပါ မင်းကြီး ကျွန်တော်မျိုး ကြားတာက ပျောင်းတိုင်းပြည်က မင်းကြီးကို ကျူးရင် မိဖုရားက စောင့်ရှောက်ရတယ်လို့ ဖြစ်ပါတယ် တကယ်လို့ ကျူးရင် မိဖုရားက ပျောင်းတိုင်းပြည်ရဲ့ မင်းသမီး မဟုတ်ပဲ အစေခံကို ဆက်သတယ် ဆိုတာကို သိသွားတာ ဆိုရင် ကျောင်းမင်းကြီး အမျက်တော် ရှပြီး'

'အဲဒီလို ဖြစ်ဖို့ အကြောင်းမရှိဘူး ကျူးရင်က သေပြီ အစားပေးဖို့ တခြားမင်းသမီးလည်း မရှိတာ'

'ကျွန်တော်မျိုး စိုးရိမ်မိတာက ကျောင်းမင်းကြီးက ပျောင်းတိုင်းပြည်ကို အမျက်ရှပြီး စစ်ချီမယ် ဆိုရင်'

'အမတ်မင်း တကယ်လို့ သိသွားတယ် ဆိုရင်တောင်မှ သူတို့ ဂုဏ်သိက္ခာအတွက် သူတို့ ပျောင်းကို စစ်ချီမှာ မဟုတ်ဘူး ကျောင်းမင်းကြီးက သေချာ တွေးတောတတ်တဲ့ မင်းကြီးပါ စိတ်ပူတာ လွန်နေပါပြီ'

'မှန်လှပါ မင်းကြီး ထက်မြက်လှကြောင်းပါ'

'တစ်ခုပဲ စိုးရိမ်တယ် ကျူးရင်ရဲ့ နေရာမှာ အစားဝင်သွားတဲ့ အစေခံငယ်က စိတ်သဘောထား ဆိုးတယ် ကျူးရင်ရဲ့ သေဆုံးမှုမှာ သူ့ပယောဂမကင်းလို့ အပြစ်ဒဏ်အနေနဲ့ ကျောင်းတိုင်းပြည်ကို ဝင်စေတာမှာ သူက ပျောင်းကို မလိုမုန်းထားပြီး ပြဿနာ ရှာမှာ ကို စိုးရိမ်ရတယ်'

'အဲဒါဆို ဘယ်လိုလုပ်မလဲ မင်းကြီး'

'ကိစ္စမရှိဘူး ကျူးရင်ရဲ့ သေဆုံးမှုကို အပြင်လူတွေဆီ မပေါက်ကြား ရင် ရပြီ ကြားလား!!'

~သူတို့ မရှိသေးဘူးပဲ တော်သေးတယ် ခမည်းတော်က အမတ်မင်း တွေနဲ့ တွေ့ပြီးမှ သူတို့ ကို ဆင့်ခေါ်မယ် ထင်တယ်~ ခမည်းတော်၏ နန်းတော်မှ ထွက်လာခဲ့ပြီး ဧည့်သည် တွေ နေသော နန်းဆောင်သို့ ရော က်လာမိသည် ။ အကျီတွေကို သေသပ်စွာ ပြုပြင်လိုက်ပြီးမှ အတွင်းသို့ လှမ်းဝင်လိုက်တော့ ရှောင်ချိုက ထိုင်နေရာမှ ထရပ်လိုက်ပြီး

'ရှောင်နန် မင်းရောက်လာသေးတယ် ငါမင်းကို မနက်တည်းက စောင့်နေတာ'

'ဟုတ်လား ငါ လုပ်စရာ နည်းနည်းရှိနေလို့ နောက်ကျသွားတာ ဘယ်လိုလဲ ခမည်း မင်းကြီးနဲ့ တွေ့ပြီးပြီလား'

'မတွေ့ရသေးဘူး ဒါပေမဲ့ မင်းကြီးနဲ့ တွေ့ပြီးရင် ငါတို့ နန်းတော်က နေ ပြန်ရမယ်လို့ ပြောတယ်'

ထိုစကားကြောင့် ရှောင်နန် ခေါင်းလေး ငုံ့သွားမိသည် ။ ပြီးမှ

'ကောင်းပြီ မင်းတို့ ပြန်ရင် ငါလည်း နန်းပြင်ကို လိုက်ပြီး ထွက်လာ မယ် ငါ့မှာ လေးနာရီစာ အချိန်ရှိတယ်'

'လေးနာရီ'

'ငါတို့ နန်းတော်သူတွေက နန်းပြင် မထွက်ရဘူးလေ'

'ဒါပေမဲ့ မင်းက နန်းတော်သူနဲ့ မတူဘူး'

ရှောင်ချို၏ ထိုစကားကြောင့် ရှောင်နန် မျက်နှာ တစ်ချက်အမ်းသွား ပြီးမှ

'အ အာ ဟုတ်တယ် ငါက နန်းတော်ထဲက တိုက်ခိုက်ရေးအမတ်ရဲ့ သမီးပါ အမေက မရှိတော့ ငါက နန်းတော်ထဲမှာ လိုက်နေရတာ အဲဒါကြောင့် ငါက ဒီမှာ ဆို တခြားနန်းတော်သူတွေနဲ့ မတူပဲ လွတ်လွတ်လပ်လပ်နေလို့ ရတယ် ဒါပေမဲ့ နန်းတော်သူတွေလိုပဲ စည်းကမ်းတွေကို လိုက်နာရတယ်'

~အမေ့ တောင်းပန်ပါတယ် ရှောင်နန်အစတည်းက ညာထားမိတာ ဆက်ညာမှ ပဲ ရမယ် အမေ ကျန်းမာရေး ဂရုစိုက်ပါ ရှောင်နန် ပြော လိုက်တာနဲ့ လွဲပါစေ ဖယ်ပါစေ~

'ဒါပေမဲ့ မနေ့ညက မင်းကို လိုက်ရှာနေတာ အိမ်ရှေ့မင်းသားလို့ ကြားတယ်'

~သေစမ်း ညာတာတောင်မှ အစ်ကိုကြီးနဲ့ မလွတ်ဘူး~

'အဲဒါ ဟုတ်တယ် သူက ငါ့ရဲ့ အစ်ကိုကြီး ကြီး လိုပဲ ငါ့ကို သဘောထားတာလေ အဲဒါပြောတာ အဲဒါ ငါ့အဖေက သူ့ကို စောင့်ရှောက်ရတာလေ အဲဒီလို အဲဒီလို'

~ဟူး!! ငါ ဒီနားကနေ မြန်မြန်သွားမှ ပါ~ ညာထားရသည့် ဒုက္ခက ချွေးတွေပါ ထွက် လာပြီး မသိမသာဖြင့် ချွေးတွေကို သုတ်နေမိသည် ။ ထို့ကြောင့် ထိုနေရာမှ ချာခနဲ လှည့်ထွက်လာတော့ ရှောင်ချီက လက်ကို ဖမ်းဆွဲ လိုက်ပြီး အလောသုံးဆယ်ဖြင့်

'ရှောင်နန် ငါ ပြန်သွားပြီးရင် မင်းကို လာတွေ့မယ်'

***

(အပိုင်း-၄)

ထိုနေရာမှ မြန်မြန် ထွက်သွားလိုစိတ်သာ ဖြစ်နေတာမို့ ဆတ်ခနဲ ခေါင်းညိတ်လိုက်ကာ ထိုနေရာမှ လှည့်ပြေးလာခဲ့မိသည် ။ လှည့်ထွက်လာပြီးမှ ထိုနန်းဆောင် အတွင်းသို့ မင်းကြီးနန်းဆောင်မှ အခေါ်လွှတ်သည့် နန်းတွင်းအရာရှိ တစ်ဦးက ဝင်လာကာ

'မင်းတို့ ကို မင်းကြီးက အခေါ်လွှတ်တယ်'

မယ်တော်က ရှောင်ချီအား လက်မှ ဆွဲကိုင်ကာ ထိုနန်းတွင်း အရာရှိနောက်သို့ လိုက်သွားရ၏။ မယ်တော်၏ လက်မှ တစ်ဆင့် စိုးထိတ်နေမှုကို ရှောင်ချီ ခံစားနေရသည် ။ ပျောင်းမင်းကြီး၏ နန်းဆောင် အတွင်းသို့ ဝင်လာခဲ့ပြီးမှ မယ်တော်က ပျောင်းမင်းကြီးအား ဒူးတုပ်ကာ သူ့ကိုပါ ဒူးထောက်စေလျက်

'မင်းကြီးကို အရိုသေပေးပါတယ်'

စကားသံက မတူတာကြောင့် ပျောင်းမင်းကြီး၏ စိတ်ထဲတွင် တစ်မျိုး ဖြစ်သွားသော်လည်း

'နေမြဲတိုင်း နေစေ မင်းတို့ တွေက ဒီအမှတ်တံဆိပ်တော်ကို ဘယ်လိုရခဲ့တာလဲ ငါကိုယ်တော်ကို ပြောပြနိုင်မလား'

'ကျွန်တော်မျိုးမတို့ သေဘေးကြောင့် ပြေးလွှားနေမိစဉ်မှာ မိန်းကလေး ကလေးငယ် တစ်ဦးက ပေးခဲ့တာပါ'

ကြောက်လန့် နေသည့်တိုင် သမီးတော် သုနန် ပြောပြထားသော အကြောင်းရာနှင့် ထပ်တူညီနေခြင်းကြောင့် ပျောင်းမင်းကြီး စိတ်ထဲတွင် ဘဝင်ကျသွား၏။ ထို့နောက်တွင် မှ

'မင်းတို့ ကို နန်းတော်ထဲကို ခေါ်လိုက်တာက ဘယ်လို ရခဲ့တာလဲ ဆိုတာကို သိချင်ရုံ သက်သက်ပါပဲ မင်းတို့ သွားလို့ ရပါပြီ သူတို့ ကို ပြန်ပို့ပေးလိုက်ပါ'

စကားအနည်းငယ်သာ ပြောဆိုပြီး ပြန်လွှတ်ဖို့ အမိန့်ချလိုက်တာကြောင့် အမ်းလွေ့ မိဖုရား စိတ်ထဲတွင် ဘဝင် ကျသွားရ၏။ ပြီးနောက်တွင် မှ

'မင်းကြီးကို ကျေးဇူးတင်ပါတယ်'

မင်းကြီး၏ နန်းဆောင်မှ ထွက် လာပြီးနောက်တွင် မိဖုရား အမ်းလွေ့က သားတော်၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး နန်းတော်မှ ပြန်လည် ထွက်ခွာရမည့် အဖြစ်ပျက်ကို အားတင်းလိုက်သည် ။ အမ်းလွေ့နှင့် ရန်ချီတို့ မင်းကြီး၏ နန်းဆောင်မှ ထွက် လာပြီးနောက်တွင် မှ ပျောင်းမင်းကြီးထံသို့ ကျောင်းနိုင်ငံမှ တမန်တော် တစ်စု ရောက်လာကြ၏။

'ပျောင်းမင်းကြီးကို ကျွန်တော်မျိုးတို့ မိဖုရားကြီးမှ စာလွှာ ပါးလိုက်ပါတယ်'

'ကောင်းပြီ တမန်တော်တွေ အနားယူဖို့ နေရာ ပြင်ဆင်ပေးလိုက်ပါ'

ကျောင်းတိုင်းပြည်နှင့် ပျောင်းတိုင်းပြည်က အနည်းငယ် ခက်ခဲသော ဆက်ဆံရေး ရှိသောကြောင့် ပျောင်းမင်းကြီးမှ ထိုသို့ စကားကို ခပ်လေးလေး လေသံဖြင့် မိန့်ကြားတော် မူသည် ။ ပြီးနောက်တွင် မှ

'ဒီကိစ္စကို ညီလာခံကျမှ မိန့်ကြားမယ် ပြင်ဆင်လိုက်ပါ ချွမ်း'

'မှန်လှပါ အမိန့်တော် အတိုင်းပါ မင်းကြီး'

နန်းဆောင် အတွင်းမှ အားလုံး ထွက်သွားကြပြီ ဆိုမှ ပျောင်းမင်းကြီးက စာလွှာကို ဖြန့်ကာ ဖတ်ကြားလိုက်သည် ။ စာလွှာအတွင်းတွင် ကျောင်းမင်းကြီး၏ ကိုယ်လုပ်တော်က ပျောင်းပြည်နယ် နယ်စပ်တွင် ပျောက်ဆုံး သွားသောကြောင့် နိုင်ငံအတွင်းသို့ ဝင်ရှာချင်ကြောင်း အကယ်၍ ရှာခွင့် မပြုလျှင်လည်း ရှာဖွေရန် ကူညီစေလိုကြောင်း ကျောင်းမင်းကြီ၏ သားတော်ပါ ပျောက်ဆုံးနေခြင်းကြောင့် ဒီကိစ္စကိုသာ မကူညီလျှင် ကျောင်းမင်းကြီးကို မျက်နှာလွှဲရာ ကျမည်ဟု ရေးသားထားသည် ။ စာလွှာအနားတွင် ကပ်ချည်ထားသော ပန်းချီပုံကို ဖြန့်ကြည့်လိုက်တော့မှ ခုနတုန်းက သူ့အား လာပြီး ဂါရဝပြုသွားသော ကျေးတောသူ သားအမိသည် ကျောင်းမင်းကြီး၏ ကိုယ်လုပ်တော်နှင့် သားတော် ဖြစ်ကြောင်း သိလိုက်ရ၏။ ထို့ကြောင့် အလောသုံးဆယ်ဖြင့် နန်းဆောင် အပြင်သို့ ထွက် လာပြီးလျှင်

'ချွမ်း!!'

'မင်းကြီး'

'ခုနတုန်းက သားအမိကို ဘယ်ကိုမှ မသွားစေနဲ့ အခုချက်ချင်း သွားရှာလာခဲ့!!'

မင်းကြီး၏ ပြင်းထန်လှသော အမိန့်ကြောင့် အိမ်တော်မှူး ချွမ်းပင်လျှင် ထိတ်လန့်စွာဖြင့် နန်းတော်စောင့် ရဲမက်တို့ အား အလျင်အမြန် စေခိုင်းလိုက်ရသည် ။ ဒီ ကျောင်းနန်းတွင်းမှ ကိုယ်လုပ်တော်သည် ကံဆိုးစွာဖြင့် ပျောင်းပြည်၏ လျှို့ဝှက်ချက်ကို သိရှိသွားပါက ကျောင်းနှင့် ပျောင်း စစ်မဖြစ်စေရန် သူတို့ သားအမိအား ရှင်းပစ်ရန်သာ ရှိတော့

လေသည် ။

***

'မင်းကြီး စိတ်ချတော်မူပါ အဲဒီသားအမိကို ပြန်လည်ခေါ်ယူထားပြီး ကြောင်းပါ'

ထိုအခါမှ ပျောင်းမင်းကြီး ဟင်းခနဲ သက်ပြင်း ချလိုက်မိတော့သည် ။ ထို့ကြောင့်

'သူတို့ သားအမိကို ဘာကြောင့် ပြန်ခေါ်ထားတယ် ဆိုတာကို မပြော ပြနဲ့ဦး မနက်ဖြန်ကျရင် သူတို့ ကို ပြန်ပို့ဖို့ ပြင်ဆင်လိုက်ပါ'

'မှန်လှပါ'

***

ပျောင်းမင်းကြီးမှ ပြန်ပို့ရန် စီစဉ်နေသော်လည်း တစ်ဖက်တွင်

'မယ်တော် မင်းကြီးက သားတော်တို့ ကို သတ်တော့မှာ လား'

'မယ်တော်လည်း မသိဘူး မနေ့ကလို မဟုတ်ပဲ ဒီနေ့မှာ ရဲမက်တွေနဲ့ စောင့်ကြည့် ခံရတာ ဆိုတော့ အခြေအနေက သိပ်ပြီးတော့ မကောင်း ဘူးလို့ ခံစားမိတယ်'

~ရှောင်နန် မင်းက ဘယ်မှာ လဲ ငါက သေရမလား ရှင်ရမလား မသိ

တော့ဘူး~

***

အိမ်ရှေ့မင်းသား၏ နန်းဆောင် အတွင်းတွင်၊

'အစ်ကိုကြီး ဟိုက ဧည့်သည် သားအမိက ဘာဖြစ်တာလဲ သူတို့ ကို အစောင့်တွေနဲ့ ထိန်းသိမ်းထားတယ်'

'မင်း အဲဒီ နန်းတွင်းရေးကို ဝင်မပါစမ်းပါနဲ့ ရှောင်နန် သွား သွား'

အစ်ကိုကြီးက ရှောင်နန်အား အိမ်တော် အပြင်သို့ တွန်းလွှတ် လိုက် တာကြောင့် စိတ်ဆိုးသွားကာ

'ကောင်းပြီ အစ်ကိုကြီး ရှောင်နန်ကို နန်းပြင်ထွက်ဖို့ ကူညီပေးပါ'

'လေးနာရီပဲ ရမယ်'

'လေးနာရီဆို လေးနာရီပေါ့ ဘယ်သူက အကြာကြီး သွားမယ် ပြော လို့ လဲ'

'ကောင်းပြီ မင်းနန်းတော်ထဲက လျှို့ဝှက် အုတ်ဂူ ရှိတာ သိတယ် မ ဟုတ်လား ဒေါ်လေးလေ'

'သိတယ် အဲဒီကနေ ဂူထဲကို ဝင်သွားလိုက် တစ်ဖက်မှာ တံခါး ရှိ တယ် အဲဒီကို သွားလိုက်ရင် မင်း နန်းပြင် ရောက်ပြီ ဒါက ခမည်းတော် စီစဉ်ထားတာ နန်းတော်ထဲမှာ တစ်ခုခု ဖြစ်ခဲ့ရင် ထွက်ပြေးလို့ ရအောင် လို့ ဒါပေမဲ့ မင်းသိပါတယ် ရှောင်နန် မင်းကို မင်းအမေက လေးနာရီ လောက် ပျောက်သွားရင် လိုက်ရှာမယ် ဆိုတာကို မင်းသိတယ် မဟုတ်

လား’

‘သိပါတယ်’

အစ်ကိုကြီး၏ နန်းဆောင်အတွင်းမှ ထွက်လာ ပြီးနောက်တွင် နန်းပြင်ထွက်ရန် တွေးတောကာ ပျော်ရွှင်နေမိသည် ။

~နန်းတော်ပြင်မှာ သွားလည်ဖို့ ဘယ်သူ့ကို ခေါ်သွားရင် ကောင်းမလဲ သိပြီ ငါ ရှောင်ချီကို ခေါ်သွားမယ်~

ထို့နောက်တွင် မှ ရှောင်ချီတို့ သားအမိအား စောင့်ကြပ်နေသည့် ရဲမက်တွေကို ကျော်လွှားရန် ဆုံးဖြတ်လိုက်၏။ ရှောင်နန် ထိုနန်းဆောင်ရှေ့တွင် အခေါက်ပေါင်းများ စွာ လှည့်ပတ်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပြီး ထိုအရှေ့နားသို့ ရောက်သွားကာ အသံကျယ်ကျယ်ဖြင့်

‘သူခိုး!! သူခိုး’

ထိုအနီးအနားရှိ ရဲမက်တွေ ရောက်လာတော့

‘ဟိုဘက်ကို ပြေးသွားတယ် သူခိုးက ဟိုနားကို ပြေးသွားပြီ မြန်မြန်လိုက်လေ မြန်မြန်’

မင်းသမီးလည်း ဖြစ် မင်းကြီး၏ အချစ်ဆုံးလည်း ဖြစ်တာကြောင့် ရဲမက်တွေ တုံ့ဆိုင်းမနေပဲ ထိုနေရာမှ ပြေးထွက်သွားကာ ရှောင်နန် လက်ညှိုးညွှန်ရာသို့ သူခိုးကို ဖမ်းဆီးရန် ပြေးထွက်သွားတော့၏။ ထိုအခါမှ နန်းဆောင် အတွင်းသို့ လျင်မြန်စွာ ဝင် လာပြီး

‘ငါတို့ နန်းပြင် ထွက်ရအောင်!!’

ရဲမက် အစောင့်အကြပ်တွေ ကြားထဲမှာ နေနေရတာကို ကြောက်လ

န့်နေသော အမ်းလွေသည် ဘာမှ စဉ်းစားမနေတော့ပဲ ထိုနေရာမှ ထရပ်လိုက်ကာ ရှောင်နန် ခေါ်ဆောင်ရာသို့ ထွက်လာခဲ့ လိုက်တော့သည် ။ လှို့ဝှက်စွာ လာခဲ့ပြီးမှ တစ်နေရာသို့ အရောက်တွင် ခြေလှမ်းတွေ ရပ်တန့်သွားမိသည် ။ အုတ်ဂူတစ်ခုတွင် ထွင်းထုထားသော စာကို မြင်လိုက်မှ အမ်းလွေ ဒီနေရာကို ရောက်လာတာ မှားပြီဟု ထင်မြင်မိသွားသည် ။

~စူးမာကျူးရင် မင်းသမီးဒီမှာ က စူးမာကျူးရင် ဆိုရင် ကျောင်းတိုင်းပြည်က စူးမာကျူးရင်က ဘယ်သူလဲ~ အတွေးတွေနဲ့ စိတ်ထဲမှာ စိုးရွံ့သွားမိစဉ် ရှောင်နန်က အုတ်ဂူအတွင်းရှိ မှတ်တိုင်လေးကို လှည့်လိုက်ရာ

'ကျွီ ဒုတ် ဒုတ်'

အမှုန်အမွှားတွေ ကျဆင်း လာပြီး လူတစ်ကိုယ်စာ တံခါးတစ်ချပ် ပွင့်သွားသည် ။ ရှောင်နန်က အနောက်သို့ လှည့်ကြည့်ပြီးလျှင်

'ဒါက ဘယ်သူမှ မသိတဲ့ သိပ်မကြာသေးတဲ့ ဒဏ္ဍာရီ တစ်ပုဒ်ရဲ့ အဆုံးသတ်ပဲ ထားလိုက်ပါ သွားမယ်'

ဘယ်သူမှ မသိဘူး ဆိုတဲ့ စကားကို အမ်းလွေ ပိုပြီး စိုးရိမ်သွားမိသည် ။ ထို့ကြောင့်

'မင်းသမီး စူးမာကျူးရင်က ဘယ်လို ဆုံးသွားတာလဲ'

'လျှန်စစ် ရေတံခွန်ပေါ်ကနေ ခုန်ချသွားတာ အဲဒီတုန်းက ရှောင်နန်တောင် မမွေးသေးဘူး'

အမ်းလွေက ထိတ်လန့်နေသော်လည်း ရှောင်ချီက ဘာမှ မသိသေးပဲ

'ရှောင်နန် ငါတို့ ဘယ်ကို သွားကြမလဲ'

‘တကယ်တမ်းကျတော့ ငါက လျှန်စစ် ရေတံခွန်ကို သွားချင်တာ ဒါပေမဲ့ မဖြစ်နိုင်ဘူး ငါ့မှာ အချိန်လေးနာရီပဲ ရတာ’

သားအမိနှစ်ယောက်ကို တစ်ဖက်စီ တွဲကိုင်ထားရင်း ရှောင်နန် နန်းမြို့၏ ဈေးတွင် ပျော်ရွှင်စွာ သွားလာနေ၏။

***

‘မင်းကြီး စောင့်ကြည့်ခိုင်းထားတဲ့ သားအမိကို မင်းသမီးက ခေါ်ထုတ်သွားပါတယ်’

ပျောင်းမင်းကြီး ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည် ။ ထို့နောက်တွင်

‘နန်းတော်ထဲမှာ တွေ့အောင် ရှာ သူတို့ လျှို့ဝှက် နေရာကို မရောက်သွားခင် တွေ့အောင်ရှာ!!’

မင်းကြီး အမိန့်ကြောင့် ရဲမက်တွေ ပြေးလွှားရှာဖွေ ကြသော်လည်း ရှောင်နန်၏ မိခင် တတိယမြောက် မိဖုရားကမူ ဒူးတွေ တုန်ပြီး မင်းကြီးအနားတွင် လဲကျသွားတော့သည် ။ အနားရှိ အပျိုတော်တွေ မိဖုရားတွေက ကူညီပြီး ဖေးမလိုက်တော့

‘မင်းကြီး ရှောင်နန်က တကယ်လို့ အဲဒီ ပျောင်းက ကိုယ်လုပ်တော်ကို လျှို့ဝှက်နေရာကို ခေါ်သွားမိရင် ဘယ်လိုလုပ်မလဲ’

‘အဲဒီ ကိုယ်လုပ်တော်သားအမိ သေရမယ်!!’

‘ရှောင်နန်ကော’

‘အပြစ်အကြီးဆုံးက ရှောင်နန် ဆိုရင် သူလည်း အပြစ်ခံရမယ်’

ဆူးကွေ့ သတိလစ်ချင်သလို ခံစားလိုက်ရပြီး

'ဒါပေမဲ့ ဒါက ရှောင်နန်က မင်းကြီးရဲ့ သမီးလေ'

'ငါ့သမီးတော်မို့ သူက ပိုပြီး အပြစ်ခံရသင့်တယ်'

~မဖြစ်ရဘူး ရှောင်နန် မင်းကို မယ်တော် ကာကွယ်ပေးမယ် ~ရှောင်နန် မင်းကြောင့် မယ်တော် စိတ်ပူပြီး သေတော့မယ်~

***

နန်းတော်မှာ ဖြစ်သမျှကို မသိပဲ ရှောင်နန်က မြို့တော် ဈေးထဲတွင် ပျော်ရွှင်စွာ ခုန်ပေါက်သွားလာနေ၏။

'ရှောင်ချီ မင်းကြည့် ဒါလေး လှလား'

လိပ်ပြာတောင်ပံ ပါသော ဆံထိုးလေးကို ယူပြတော့ ရှောင်ချီက ပြုံးလျက် ခေါင်းညိတ်သည် ။ ပြီးနောက်တွင် မှ ရှောင်နန် ပြန်ချလိုက်သော ဆံထိုးလေးကို လှမ်းကိုင်လိုက်တော့ မယ်တော်က ရှောင်ချီအား

'သားတော် မယ်တော်တို့ ပျောင်းနန်းတော်ကို ပြန်ဝင်လို့ ရမှာ မဟုတ်ဘူး ဒီတော့ ရှောင်နန်ကို သွားပါစေ မယ်တော်တို့ ပြန်မှ ဖြစ်မယ်'

'ပြန်ရမယ်'

အရှေ့တွင် ပျော်ရွှင်စွာ သွားနေသော ရှောင်နန်အား လှမ်းကြည့်လိုက်ပြီးမှ ဈေးဆိုင်ရှိ ဆံထိုးလေးကို ဆိုင်ရှင်မသိအောင် လှမ်းယူလိုက်ကာ မယ်တော် ခေါ်ဆောင်ရာသို့ လိုက်လာခဲ့ရတော့သည် ။ သူတို့ ကြောင့် ရှောင်နန် အပြစ်ပေးခံရမှာ လား၊ မဖြစ်ပါစေနဲ့ ၊ ~ရှောင်နန် တောင်းပ

န်ပါတယ်~

***

မုန့်ဆိုင် တစ်ဆိုင်ရှေ့သို့ ရောက်မှ ရှောင်ချီတို့ သားအမိကို သတိရပြီး လှည့်ကြည့်လိုက်တော့ မရှိတော့ပေ။

'ရှောင်ချီ အန်တီ ဘယ်ရောက်သွားတာလဲ'

မြို့တော်ဈေး နေရာအနှံ့သို့ ရှာဖွေပြီးနောက် တွင် မှ ရှောင်ချီတို့ သားအမိ ထွက်ပြေးသွားတာကို လက်ခံလိုက်ရပြီး နန်းတော်တံခါးသို့ တစ်ဦးတည်း ပြန်လာရတော့သည် ။ နန်းတော် ဝင်ဝင်ချင်းတွင် မှ မယ်တော်က ပြေး လာပြီးလျှင်

'ရှောင်နန် တော်သေးတယ် ပြန်လာလို့ တော်သေးတယ်'

'မယ်တော် ရှောင်ချီက သမီးကို ထားပြီး ထွက်ပြေးသွားတယ်'

မယ်တော်က ရှောင်နန်၏ ဦးခေါင်းလေးကို ပွတ်သပ်ပြီးနောက်တွင်

'ကောင်းတယ် ကောင်းတယ် ရှောင်နန် တိတ်တိတ်နေ မယ်တော် ဖြေရှင်းပေးမယ်'

မယ်တော်က ရှောင်နန်၏ အဝတ်စတွေကို ဆွဲဖြဲပစ်လိုက်ပြီးလျှင် ဆံပင်တွေကို ရှုပ်ပွအောင် လုပ်ပစ်လိုက်၏ ပြီးမှ ရှောင်နန်၏ လက်မောင်းတွေ လည်ပင်းတွေမှာ ဆံထိုးဖြင့် ခြစ်ပစ်ကာ သွေးတွေ စို့ထွက်လာစေသည် ။

'မယ်တော် ရှောင်နန် နာတယ် မယ်တော်'

‘ခဏနေ ခမည်းတော်က မေးရင် ဘာမှ မဖြေနဲ့ မယ်တော်ဖြေပေးမယ် ပြောစကား နားထောင် ကြားလား’

မယ်တော်၏ ထိတ်လန့်နေသော တုန်လှုပ်နေသော လေသံတို့ကြောင့် ရှောင်နန် ထိတ်လန့်စွာ ခေါင်းညိတ်ပြလိုက်မိသည် ။ ထိုအခါမှ မယ်တော်က ရှောင်နန်အား လက်မှာ ဆွဲကိုင်ကာ

‘ကယ်ကြပါဦး ကယ်ကြပါဦး မင်းကြီး သမီးတော်ကို ကြည့်ပါဦး’

ကျယ်လောင်စွာ အော်ဟစ်ကာ နန်းတော် အတွင်းသို့ ပြေးဝင်လာတော့ ရဲမက်တွေက အနားတွင် ဝိုင်းလာ၏။ မယ်တော်ကို ပြူးကြောင်စွာ ကြည့်နေရင်းနှင့် ရှောင်နန် ကြောင်အနေခဲ့သည် ။

‘ဆူးကွေ့မိဖုရား ဆူးကွေ့မိဖုရား’

‘ဟိုသားအမိက ရှောင်နန်ကို ဖမ်းခေါ်သွားပြီး သူတို့ လွတ်မြောက်ပြီဆိုမှ ရှောင်နန်ကို စွန့်ပစ်ခဲ့ပါတယ်’

မယ်တော် ပြောနေတာတွေကို နားထောင်ပြီး ရှောင်နန် ပို၍ ရှုပ်ထွေးသွားမိ၏။

~ရှောင်ချီတို့ သားအမိက ဘယ်တုန်းကမှ ရှောင်နန်ကို မဖမ်းသွားပါဘူး မယ်တော် ဘာတွေ ပြောနေတာလဲ~

ခမည်းတော် ရှေ့သို့ ရောက်သွားတော့ မယ်တော်က သည်းထန်စွာ ငိုကြွေးနေပြီးမှ

‘မင်းကြီး တရားမျှတစွာ ဆုံးဖြတ်ပေးပါ သူတို့ က ဘာကြောင့်မို့လဲ မသိပေမဲ့ ရှောင်နန်ကို ခြိမ်းခြောက်ပြီး နန်းပြင်ထွက်ဖို့ လမ်းကို ပြသစေခဲ့ပါတယ် ရှောင်နန်က ကြောက်လန့်ပြီးတော့ သူတို့ ခိုင်းတဲ့ အတိုင်း လုပ်မိရှာလေးပါ မင်းကြီး’

‘မယ်တော် မှားနေပြီ’

ရှောင်နန် ပြောဆိုတော့ဖို့ ပြင်လိုက်သည် နှင့် မယ်တော်က ရှောင်နန်၏ ဦးခေါင်းကို ရင်ခွင်အတွင်းသို့ ဆွဲပွေ့လိုက်ပြီး

‘အခု သမီးတော်က ကြောက်လန့်နေတော့ ပြောသမျှ မှန်မှာ မဟုတ်ဘူး သူ့ကို ကြည့်ပါဦး ဒဏ်ရာတွေနဲ့ အဲဒါကို စစ်မေးချင်သေးတာလား’

ခမည်းတော်က ရှောင်နန်ကို တစ်ချက် ကြည့်လိုက်ပြီးမှ

‘မင်းသမီးကို ခေါ်သွား အဝတ်စား လဲပေးပြီး သမားတော်နဲ့ ပြပေးလိုက်ပါ ပြီးတော့ ဟိုသားအမိကို ဖမ်းခေါ်လာခဲ့ မလိုက်လာရင် နေရာမှာ တင် အသေသတ်ပစ်!!’

မိဖုရား၏ စကားအရကော သမီးတော်အား ချစ်စိတ်ကြောင့်ပါ ပျောင်းမင်းကြီး သေချာစိစစ်ဖို့ မေ့လျော့ကာ အသေသတ်ရန် အမိန့် ပေးလိုက် လေတော့သည် ။

***

ကံဆိုးသူ သားအမိ နှစ်ဦးမှာ မြို့တော်မှ အထွက်တွင် ရဲမက်များ ၏ ဖမ်းဆီးခြင်းကို ပြန်၍ ခံရပြီး နန်းတော်သို့ အချုပ်သားအဖြစ် ခေါ်ဆောင် ခံရလေတော့သည် ။

မြို့တော်မှ နန်းတော်သို့ ခေါ်ဆောင်သော လမ်းတွင် ပင် ပျောင်းတိုင်းပြည်မှ မင်းသမီးအား ကျူးလွန်သူများ အဖြစ် ရဲမက်များက ကောင်းမွန်စွာ မဆက်ဆံပဲ ရိုင်းစိုင်းစွာ ဆက်ဆံကြသည် ။ ထို့အပြင် မိ

ဖုရား အမ်းလေ့၏ နုနယ်ပျိုမြစ်မှုတွေကို ရဲမက်များက ထိကပါး ရိကပါး ပြုလုပ်ကြတာကို ရှောင်ချီ အံကြိတ်ကာ သည်းခံနေရသည် ။

လက်သီးကို ကျစ်နေအောင် ဆုပ်ကိုင်ကာ သွားအတွင်းမှ သွေးများပင် စိမ့်ထွက်လာ၏။ ညရောက်သွား၍ နန်းတော်သို့ မဝင်ရသော အခါတွင် နန်းတော် အပြင်၌ပင် အချုပ်ခန်းအတွင်း နေရ၏။ ရဲမက်များက သေရည်များ သောက်ပြီးနောက် အမ်းလေ့ မိဖုရားအား ဆွဲခေါ်ကာ သေရည်ငှဲ့ခိုင်းသည် ။ အဖြစ်အပျက်တွေကို မြင်နေရပြီး ဘာမှ မလုပ်နိုင်သော ဘဝကို ခါးသီးစွာ ရှောင်ချီ၏ အတွေးအတွင်းတွင် ပျောင်းတိုင်းပြည် အပေါ်တွင် မုန်းတီးမှု စတင်ခဲ့လေတော့သည် ။

အမ်းလေ့ မိဖုရားက သားတော်အား အချက်ပြကာ ငြိမ်နေဖို့ ပြောသော်လည်း ရှောင်ချီက အချုပ်ခန်း တံခါးကို ခြေထောက်ဖြင့် ဆောင့်ကန်လေရာ ရဲမက်များက ဝင်ရောက်ပြီး ဆယ့်သုံးနှစ်အရွယ် ဆိုသော်လည်း ဖွံ့ထွားခြင်း နှေးနေသေးသည့် ရှောင်ချီအား ခြေဖြင့်ကန် လက်ဖြင့် ရိုက်ခြင်းများ ပြုလုပ်လေသည် ။ အမ်းလေ့က သားတော်အား ပွေ့ဖက်ကာ ကာကွယ်တော့ မျက်နှာတွင် အရိုက်ခံရပြီး သွေးများ စီးကျလာသည် ။

'မယ်တော် မယ်တေယ်'

'သားလေး ခဏပဲ သည်းခံလိုက် ခဏဆိုရင် ရပါပြီ'

'လာခဲ့!! မင်းတို့ သားအမိကို မနက်ဖြန်ဆိုရင် မင်းကြီးက အသေသတ်မှာ ပဲ လွတ်ဖို့ မရှိဘူး မနက်ဖြန် သေရမှာ ဆိုတော့ မင်းက နှမြောစရာကြီး'

'အား!! မလုပ်ပါနဲ့ မလုပ်ပါနဲ့ '

'ငါ့အမေကို လွှတ် လွှတ်စမ်း!!'

ရဲမက်နှစ်ဦး၏ ဆွဲခေါ်ရာသို့ ပါသွားသော မယ်တော်အား အတင်း လိုက်ဆွဲ သော်လည်း သူ့ကို အချုပ်ခန်းထောင့်သို့ လွင့်စဉ်သွားအောင် ကန်ပစ်လိုက်ခြင်းသာ ရရှိခဲ့ပြီး နေရာမှာ တင် မေ့မြောသွားတော့သည် ။

သူ့တစ်ကိုယ်လုံး နာကျင်ကာ နိုးလာတော့ မယ်တော်က သူ့ကို ဖက်ကာ ငိုရှိုက်နေ၏။ ပုခုံးတွင် အဝတ်အစားများ ပြဲနေကာ ဆံပင်တွေက အပြိုပြို အပြေပြေ၊ နှုတ်ခမ်းတွေမှာ ပေါက်ပြဲနေပြီး လည်ပင်းမှာ လည်း ဒဏ်ရာ ဒဏ်ချက်တွေနှင့် ဖြစ်သည် ။

'မယ်တော်'

သူခေါ်လိုက်သည် နှင့် မယ်တော်က သူ့အနားသို့ တိုး လာပြီးလျှင် သူ့ ပခုံးအား ထွေးဖက်လိုက်ပြီး

'ရှောင်ချီ မင်းသေချာ နားထောင် ကျောင်းတိုင်းပြည်ကို မင်း ပြန်ရမ ယ် ဘယ်လို အခြေအနေနဲ့ ပဲ ဖြစ်ဖြစ် မင်းပြန်ရမယ် ပြီးရင် မယ်တော် အတွက် တရားမျှတမှုကို ပြန်ယူရမယ် ကြားလား'

'မယ်တော် သားတော် မယ်တော်နဲ့ အတူတူ ပြန်မယ်'

'ဘာမဟုတ်တဲ့ ရဲမက်တွေရဲ့ လက်မှာ အစွန်းထင်း ဖြစ်သွားတဲ့ မယ် တော်က ကျောင်းတိုင်းပြည်မှာ မိဖုရားလုပ်ဖို့ မဖြစ်နိုင်တော့ဘူး သား တော်'

' မဟုတ်ဘူး သားတော် မယ်တော်ကို ရအောင် ပြန်ခေါ်မယ်'

'ဟော့!! မင်းတို့ တွေ နန်းတော်ကို ဝင်မယ်'

ရဲမက်တွေ ဆွဲခေါ်ရာသို့ ပါသွားတော့ မယ်တော်နှင့် စကားမပြောလိုက်နိုင်ပဲ နန်းတော်သို့ ကြိုးချည်ထားလျက် ဝင်လာခဲ့ရသည် ။

***

'လုံအထိန်းတော် ရှောင်ချီတို့ သားအမိ သတင်းကို ပြောပြပါ တကယ်တမ်းကျတော့ သူတို့ က အမှား မလုပ်ထားဘူး'

'မင်းသမီး'

လုံအထိန်းတော် ဆိုတာက ရှောင်နန်၏ နန်းဆောင်ကို စောင့်ကြပ်သော အမျိုးသမီးရဲမက် ဖြစ်သည် ။ ရှောင်နန်၏ အားအကိုးရဆုံး လက်ရွေးစင် ရဲမက် ဖြစ်သော်လည်း သားတစ်ဦး၏ မိခင်ဖြစ်သည် ။ သို့သော် ခင်ပွန်းသည် က ဆုံးပါးသွားသဖြင့် နန်းတော်မှာ တိုက်ခိုက်ရေး ရဲမက်အဖြစ် တာဝန်ထမ်းနေခြင်းလည်း ဖြစ်၏။

'မနေ့ညတုန်းက သူတို့ သားအမိကို နန်းတော်ပြင်မှာ ပြန်တွေ့တယ်လို့ ပြောပါတယ် ပြီးတော့ နန်းတော် အတွင်းကို လျှို့ဝှက် ပို့ဆောင်ပြီး ကွပ်မျက်မယ်လို့ ကြားတယ်'

'သူတို့ သေမှာ လား မဖြစ်ဘူး သူတို့ က ဘာအမှားမှ မလုပ်ထားဘူး'

'မင်းသမီး တိုင်းပြည်ရေးက အခုလိုပဲ ရှုပ်ထွေးတယ်'

'ရှောင်နန်'

မယ်တော်က ရှောင်နန်အနားသို့ တိုး လာပြီး ကြင်နာစွာ ခေါ်သည် ။ သို့သော် ရှောင်နန် အိပ်ရာဘေးတွင် ရှိသော အစ်ကိုနှစ် လက်ဆောင်

ပေးထားသည့် ဓားမြှောင်ကို ထုတ်လိုက်ကာ

'မယ်တော် တကယ်လို့ သူတို့ သေရမယ် ဆိုရင် ရှောင်နန် တစ်သက်လုံး ရှက်ပြီးတော့ ရှင်သန်ရမှာ အဲဒီလို မနေချင်ဘူး သူတို့ သေရင် ရှောင်နန်လည်း သေလိုက်မယ်'

'ရှောင်နန် မင်း မယ်တော့်ကို မသနားဘူးလား သူတို့ က ဘယ်လိုပဲ ဖြစ်ဖြစ် သေရမှာ အဲဒါကို မယ်တော်က မင်းကို ကယ်ထုတ်ဖို့ ကြိုးစားတာ ဓားကို ပြန်ချလိုက်ပါ'

'မရဘူး သူတို့ သေရင် ရှောင်နန်လည်း သေမှာ '

ရှောင်နန်၏ တည်ငြိမ်စွာ ပြောလိုက်သော စကားကြောင့် မယ်တော်က သက်ပြင်းချလိုက်ပြီးလျှင်

'ကောင်းပြီ လုံအထိန်းတော် တစ်နာရီ အချိန်ရတယ် သူတို့ သားအမိကို မင်းကြီးက ကွပ်မျက်မှာ မင်းကြီးရှေ့မှာ တော့ သူတို့ ကို အသေသတ်မှ ဖြစ်မှာ နောက်မှ လုံအထိန်းတော်က သူတို့ ကို သူတို့ တိုင်းပြည်ကို ပြန်ခေါ်သွားပေးပါ ရှောင်နန် မင်းက ခမည်းတော်ဆီမှာ သူတို့ ကို သတ်ဖို့ ခွင့်တောင်းလိုက်ပါ ပြီးရင် မင်းသိပါတယ်'

မယ်တော် ပြောလိုတာက သေအောင်မသတ်ပဲ ချန်ရစ်ဖို့ ဖြစ်မှန်း သိတာမို့ ရှောင်နန် ခေါင်းညိတ် လိုက်မိသည် ။ ပြီးတာနှင့် အနောက်နန်းတွင်းရှိ လျှို့ဝှက် ကွပ်မျက်သော နေရာသို့ ဦးတည်ကာ ဓားမြှောင်ကို ကိုင်လျက် ပြေးလာခဲ့မိသည် ။

***

မယ်တော်နှင့် သူနဲ့ ကို ချည်နှောင်ထားပြီး ပျောင်းမင်းကြီးက ခက်ထန်စွာ ကြည့်နေသည် ။ ပျောင်းမင်းကြီးကို သူလည်း တန်ပြန်ကြည့်နေမိသော်လည်း ဒေါသက တစ်ဝက် အသနားခံလိုခြင်းက တစ်ဝက် ဖြစ်နေသည် ။ တကယ်လို့ သာ မယ်တော်နှင့် သူနဲ့ ကို လွှတ်ပေးမည် ဆိုလျှင် ကျောင်းတိုင်းပြည်သို့ မပြန်ရလည်း ဖြေသိမ့်လိုက်နိုင်သည် သာ၊ သို့သော်

'သတ်!!'

အမိန့်သံ တစ်ခုက ခက်ထန်စွာ သူ့နားအတွင်းသို့ စီးဆင်းသွား၏။ ထိုအမိန့်သံ အဆုံးတွင် မယ်တော်နှင့် သူ့အနားသို့ ဓားသမား တစ်ဦးက လှမ်းလာခဲ့ပြီး ဓားကို ဆွဲထုတ်လိုက်သည် ။ ပြီးနောက်တွင်

'ချွမ်း!!'

ဓားဆွဲထုတ်လိုက်သံက အသည်းတွေ အူတွေပါ ပြောင်းဆန်စေသည် ။ ပြီးတော့

'ခွတ်!! အ'

'မယ်တော်!! မယ်တော်!!'

မယ်တော်ထံမှ ညည်းညူသံက ခပ်တိုးတိုးသာ ထွက် လာပြီး သူ့ထံသို့ စိတ်မချနိုင်သော မျက်ဝန်းများ ဖြင့် ဇက်က စောင်းလျက် ကျသွားလေတော့သည် ။

'နောက်တစ်ယောက် သတ်!!'

နောက်ထပ် အမိန့်သံက နားအတွင်းသို့ စူးရှစွာ စီးဝင်လာ၏။ ဒီတစ်ကြိမ်မှာ တော့ သူ့အတွက် အကြောက်တရားက လက်ကျန်မရှိတော့ပဲ နာကျင်မှု နာကြည်းမှုသာ ကျန်နေခဲ့တော့သည် ။ ထို့ကြောင့် သူ့အနား

သို့ ရောက်လာသော ဓားသမားအား အံကို တင်းတင်းကြိတ်လျက် ကြည့်လိုက်မိသည် ။ ထိုစဉ်

'ရပ်!! ငါ လုပ်မယ်!!'

အသံလာရာသို့ လှမ်းကြည့်လိုက်တော့ မျက်နှာနှင့် တခြားသော နေရာများ တွင် ဒဏ်ရာ အနည်းငယ် ရှိနေသော ရှောင်နန်က ဓားမြှောင်ကို ကိုင်လျက် ပြေးလာနေသည် ။

~ရှောင်နန်က ဒဏ်ရာတွေ ရနေတာလား ဘာကြောင့်မို့လဲ သူတို့ က ဘာကြောင့် သူတို့ သားအမိကို သတ်တာလဲ ရှောင်နန်ကိုကော ဘာလို့ ဒဏ်ရာတွေ ရအောင် လုပ်ထားတာလဲ~

သူ နားမလည်ချင်း များ စွာဖြင့် တွေးတောနေစဉ် သူ့အနားက ဓားသမားက ရှောင်နန်အား ဖယ်ပေး၏။ ရှောင်နန်က သူ့အရှေ့သို့ ရောက်လာပြီး တံတွေးကို တစ်ချက် မျိုချလိုက်သေးကာ အနည်းငယ် တုန်ယင်နေသော လေသံဖြင့်

'ငါ ကိုယ်တိုင် သတ်မယ်'

~ရှောင်နန်က ငါ့ကို သတ်မှာ လား ဘာလို့ ရှောင်နန်ကလဲ~ မဟုတ်ဘူး တခြားသူကြောင့် သေရတယ်ဆို ခံသာသေးတယ် ရှောင်နန်ကြောင့်မို့တော့ မသေချင်ဘူး မသတ်ပါနဲ့ ငါ့ကို မင်းမသတ်ပါနဲ့ ရှောင်နန် မင်းကိုယ်တိုင် ငါ့ကို မသတ်ပါနဲ့ ~

***

(အပိုင်း-၅)

ရှောင်ချီထံမှ မယုံနိုင်သလို အကြည့်တွေကြောင့် ဓားမြှောင်ကိုင်ထားသည့် လက်တွေ တုန်ယင်လာမိသည်။

~ငါ့ကိုအဲဒီလိုမကြည့်ပါနဲ့ ငါ့ကိုအဲဒီလိုအကြည့်တွေနဲ့ မကြည့်ပါနဲ့ ရှောင်ချီ~

ရှောင်နန် စိတ်အတွင်းမှ တိုးတိတ်စွာ တောင်းပန်နေမိသော်လည်း ဓားကိုင်လက်နှင့် ခြေလှမ်းတို့ က တဖြည်းဖြည်း အရှေ့သို့သာ တိုးကပ်နေမိသည် ။ ရှောင်ချီ၏ အနားသို့ ရောက်သွားတော့ ရှောင်ချီက သူမအား တီးတိုးလေသံလေးဖြင့်

'ငါ့ကို မသတ်ပါနဲ့ '

လက်အတွင်းမှ ဓားမြှောင်ကို မပြုတ်ကျသွားအောင် မနည်းထိန်းလိုက်ရပြီး ပို၍ နီးသွားအောင် တိုးကပ်လိုက်ကာ ရှောင်ချီ တစ်ဦးသာ ကြားနိုင်သော လေသံဖြင့်

'တောင်းပန်ပါတယ် ဒါပေမဲ့ မင်းသေချာပေါက် အသက်ရှင်ရမယ်'

ရှောင်နန် မျက်လုံးတွေကို စုံမှိတ်လိုက်ကာ လက်အတွင်းမှ ဓားသွားကို ဘယ်လက်ဖြင့် ဆုပ်ကိုင် လိုက်ပြီးမှ

'မင်းသေချာပေါက် အသက်ရှင်ရမယ်နော်'

'ဖွတ်!!'

'အ!!'

ရင်ဘတ်အတွင်းသို့ တိုးဝင်လာသော ဓားသွားကို ငုံ့ကြည့်ကာ သွေးတွေ ထွက်လာတာကို သေချာ ကြည့်နေမိရာမှ ရောင်ချီ ခေါင်းငိုက် ကျသွားတော့၏။ ပျောင်းမင်းကြီးက သေဆုံးမှု ရှိမရှိကို စစ်ဆေးရန် အချက်ပြလိုက်ရာ တတိယမိဖုရားကပါ လုံအထိန်းတော်အား မျက်ရိပ်မျက်ခြည် ပြလိုက်သည် ။ ထို့ကြောင့် လုံအထိန်းတော်မှ ကြိုးချည်ထားသော လူနှစ်ဦးကို စမ်းသပ်ပြီးလျှင်

'မင်းကြီး သူတို့ နှစ်ယောက်လုံး သေဆုံးသွားပါပြီ'

'ကောင်းတယ် သူတို့ ကိုလျှန်စစ် ရေတံခွန်ကနေ ပစ်လိုက်ပြီးတော့ ဘယ်သူမှ မသိပါစေနဲ့ '

ခမည်းတော် ထွက်သွားပြီဆိုမှ တုန်ယင်နေသောလက်ဖြင့် ရောင်နန် ဓားသွားကိုကိုင်ကာ လက်မှာ သွေးတွေ ဖြစ်နေတာကို ငုံ့ကြည့်မိသည် ။ ဓားသွားမှာ သွေးတွေ စွန်းထင်းမနေဘူးဆိုလျှင် ဓားသွားကရောင်ချီ၏ ခန္ဓာကိုယ် အတွင်းသို့ ဝင်သွားတာ မဟုတ်မှန်း သိသွားမည်မို့ ဓားသွားမှာ သွေးတွေ စွန်းသွားအောင် ကိုယ့်လက်ကိုကိုယ်တိုင် သွေးထွက်လာအောင် ဓားဖြင့် ပွတ်ဆွဲခဲ့ခြင်းကို လုံအထိန်းတော်က တွေ့မြင်မည်သာ၊ ပြီးတော့ ရောင်ချီ၏ ခန္ဓာကိုယ်အတွင်းသို့ ဓားသွားကို တစ်ဆုံးထိမထိုးပဲ တစ်ဝက်မျှသာ သွင်းလိုက်တာကို လုံအထိန်းတော်က သိသိနှင့် သေဆုံးပြီဟု ပြောဆို လိုက်သော်လည်း ရောင်ချီ၏ ခန္ဓာကိုယ်က သွေးခုန်နေဆဲ ဖြစ်သည် ။ ထို့ကြောင့် ရောင်ချီကို သေမသေ စမ်းသပ်လိုက်ရင်း ပါးစပ်အတွင်းသို့ သွေးခုန်နှုန်းငြိမ်ဆေးကို ထိုးသွင်းလိုက်တာကို ထိတ်

လန့်စွာ တွေ့ရှိလိုက်ရသည် ။ ထိုဆေးအရ ရှောင်ချို၏ ခန္ဓာကိုယ်အား စမ်းသပ်ပါက သွေးခုန်နှုန်းမရှိပဲ သုံးရက်ခန့် ရှိနေမည် ဖြစ်သည် ။ ထို သုံးရက်အတွင်း ဒီပျောင်းတိုင်းပြည် အတွင်းမှ ထွက်ခွာနိုင်ရမည် ဖြစ်သ ည် ။

ခမည်းတော်နှင့် မယ်တော်တို့ အနောက်နန်းတော်ဆောင် ကွပ်မျက် နေရာမှ ထွက်သွားတာကို စောင့်ကြည့်ပြီး ထိုနေရာသို့ ပြန်လာခဲ့မိသည် ။ လုံအထိန်းတော်က နန်းတော်စောင့်များကို အမိန့်ပေးစေခိုင်းနေတာ ကို ခိုးကြည့်နေမိသည် ။ ရင်ထဲမှာ လည်း ရှောင်ချို သေဆုံးသွားမှာ ကို စိုးရိမ်နေမိသည် ။ အစောင့်တွေ မရှိတော့မှ လုံအထိန်းတော် အနားသို့ တိုးကပ်လာကာ

'လုံအထိန်းတော်'

'မင်းသမီး'

'သူ မသေသေးဘူး မဟုတ်လား သူ မသေရဘူးနော်'

လုံအထိန်းတော်က ရှောင်နန်အား အရိပ်ပြသပေးလိုက်ပြီးမှ

'မင်းသမီး နန်းတော်မှာ ပဲ ဘယ်သူမှ မသိအောင် နေခဲ့ပါ သူ့ကို ပျော င်းနယ်နိမိတ် လွန်အောင် ကျွန်တော်မျိုးမ ပို့ပေး လိုက်ပါ့မယ်'

'ကောင်းပြီ သတင်းကောင်းကိုပဲ စောင့်နေလိုက်မယ်'

လှည်းပေါ်မှာ တင်လျက် ပိတ်ဖြူ အုပ်ထားသည့် လူနှစ်ဦးအား လုံအ ထိန်းတော်က နန်းတော်အပြင်သို့ ယူသွားရန် အချက်ပြလိုက်ကာမှ ရှော င်နန် ထိုအနားသို့ ပြေးသွားကာ သတိလစ်နေသော ရှောင်ချို၏ လက်အ တွင်းသို့ လက်အတွင်းမှ ဓားမြှောင်ကို ထည့်ပေးလိုက်မိသည် ။

'မင်းသမီးလေး ဘာအတွက်'

‘တကယ်လို့ သူ့အိမ်က ဝေးတယ် ဆိုရင် လမ်းမှာ စားဖို့ မရှိရင် ငါး တွေ အကောင်တွေ ဖမ်းပြီး စားလို့ ရအောင်လို့ ပါ’

‘အချိန်နှောက်ကျလို့ မဖြစ်ပါဘူး မင်းသမီးလေး’

လှည်းထွက်ခွာသွားပြီ ဆိုမှ နန်းတော်တိုင်ပေါ်သို့ တက်ကာ လှည်း ကို မျက်စိတစ်ဆုံးထိ ကြည့်ပြီးမှ အောက်သို့ ပြန်ဆင်း လာပြီး သည်းထန်စွာ ငိုကြွေး လိုက်မိတော့သည် ။

~သေချာပေါက် အသက်ရှင်ရမယ် ရှောင်ချီ သေချာပေါက်~

***

ရှောင်ချီ သတိရလာတော့ ရေကျသံကို ပြင်းထန်စွာ ကြားနေရသည် ။ ထို့ကြောင့် လူးလဲ ထရပ်လိုက်တော့ သူ့ကို စူးစိုက်ကြည့်နေသော သူ့ ထက်ငယ်မည့် ကလေးငယ် တစ်ဦးကို တွေ့လိုက်ရသည် ။ ထိုအခါမှ သ တိတရဖြင့်

‘မယ်တော် မယ်တော် မယ်တော် မင်းဘယ်သူလဲ’

‘ကျွန်တော်က ဒီနားကရွာကပါ အစ်ကို့ကို စောင့်ရှောက်ရမယ်လို့ လူ တစ်ယောက်က ပိုက်ဆံပေးပြီး စေခိုင်းလို့ ဒီမှာ အစ်ကို သတိရလာတဲ့ အထိ စောင့်နေပေးတာပါ’

‘ဒီနေရာက ဘယ်နေရာလဲ ငါ့မယ်တော်ကော မယ်တော်!!’

ထိုကောင်လေးက သူ့ကို တွေတွေ ဝေဝေဖြင့် ကြည့်နေရာမှ

‘သူတို့ လာတုန်းက မိန်းမတစ်ယောက်ရဲ့ အလောင်းကို ရေတံခွန်

အောက်ကို ပစ်ချလိုက်တာ တွေ့လိုက်တယ်'

'အလောင်း ဟုတ်လား မယ်တော်!! မယ်တော်!!'

ထိုနေရာမှ ပြေးထွက်လိုက်ပြီး ရေတွေ ပြင်းထန်စွာ စီးဆင်းနေသည့် ရေတံခွန်မှ ခြေချော်မကျသွားအောင် ထိန်းလိုက်ရသည် ။ ရေတံခွန်အဆုံးကို ငုံ့ကြည့်မိပြီးမှ ထိုနေရာမှာ အားပြတ်စွာ လဲကျသွားမိသည် ။

~အမေ သားတော်ကို ချန်ထားခဲ့ပြီလား သားတော်ကို တစ်ယောက်တည်း ထားခဲ့ပြီလား~

အားပြတ်သလို ဖြစ်သွားရာမှ ရေတံခွန်အောက်သို့ ဆင်းရန် အနိမ့်ဆုံး နေရာကို ရှာလိုက်ပြီးလျှင် နွယ်တွေကို သေချာ ချည်နှောင်လိုက်ပြီးမှ ရေတံခွန်အောက်သို့ ဆင်းလာခဲ့ လိုက်လေသည် ။

~မယ်တော် မယ်တော်ကို သေချာပေါက် ကျောင်းနိုင်ငံကို ပြန်ခေါ်သွားပါ့မယ်~

ရေတံခွန်ပေါ်မှ တွယ်ဆင်း လာပြီးမှ ရေလမ်းကြောင်းအတိုင်း သုံးရက်မျှ လိုက်ပါလာကာ နွယ်တွေ ချုံတွေနှင့် ငြိနေသော မယ်တော်အား တွေ့လိုက်ရလေတော့သည် ။ သူ သွေးရူးသွေးတန်းဖြင့် မယ်တော် ထံသို့ ပြေးသွားကာ မယ်တော်အား ပြေးပွေ့လိုက်ပြီး

'မယ်တော်!! မယ်တော် သားတော် ရောက် လာပြီ မယ်တော်'

သူ ဘယ်လိုပဲ မယ်တော်ရဲ့ ခန္ဓာကိုယ်ကို လှုပ်နိုးပေမဲ့ မယ်တော်က သူ့ကို ဂရုမစိုက်ပဲ မျက်စိတွေ စုံမှိတ်လျက် သူ့အား ကျောခိုင်း ထားခဲ့လေသည် ။

မယ်တော့်ကို ဘယ်လိုမှ နိုးထလာဖို့ မတတ်နိုင်ဘူးမှန်း နားလည်သွားပြီ ဆိုမှ သူ့အင်္ကျီတွေကို ချွတ်လိုက်ကာ မယ်တော်အား ကြိုးနှင့် အ

ထပ်ထပ် ပတ်လိုက်ပြီးမှ မနိုင့်တနိုင်ဖြင့် ကျောတွင် ပိုးကာ လာလမ်းအတိုင်း ရေတံခွန်ပေါ်သို့ ပြန်တက်လာခဲ့မိသည် ။

~မယ်တော် ခဏစောင့်ပေးပါ မယ်တော့်အတွက် တရားမျှတမှုကို ခမည်းတော် ဆီကနေ တောင်းပေးပါ့မယ်~

***

ရေတံခွန်ပေါ်သို့ ရောက်တော့ သူ့ကို စောင့်နေသော ကလေးက မထွက်သွားသေးပဲ စောင့်နေဆဲ ဖြစ်သည် မို့ မယ်တော်အား သေချာစွာ စည်းနှောင်လိုက်ပြီးမှ

'မင်းက ဘာလို့ ဒီမှာ ရှိနေသေးတာလဲ'

'ငါ့နာမည်က ကျာအန်းပါ ငါ့မှာ မိသားစုမရှိဘူး သွားစရာလည်း မရှိဘူး'

'ငါ့အတွက် လှည်းတစ်စီး စီစဉ်ပေးလို့ ရမလား ငါ မင်းရဲ့ ကျေးဇူးကို မမေ့ပါဘူး'

'ငါတို့ ရွာအပြင်မှာ လှည်းအပျက် တစ်စီးတော့ ရှိတယ် ခဏစောင့် ငါသွားယူလာပေးမယ်'

ထိုကောင်လေးက ပြေးထွက်သွားပြီ သိပ်မကြာခင်မှာ ပဲ လှည်းအပျက်တစ်စီးကို ဆွဲယူလာသည် ။ ထိုအခါမှ မယ်တော်၏ အလောင်းကို သစ်ခက်တွေ ဖုံးကာ တင်ဆောင်လိုက်ပြီး ထိုနေရာမှ ထွက်လာခဲ့သည် ။

~ခမည်းတော်ဆီကနေ မယ်တော် အတွက် မျှတမှုကို တောင်းဆိုရမ

ယ်~

သူသွားရာနောက်သို့ လိုက်ပါလာသော ကျာအန်းကို ပြောမရတာမို့ ခေါ်လာခဲ့လိုက်ရ၏။ ကျောင်းနယ်နိမိတ်သို့ ဝင် လာပြီးမှ မယ်တော်၏ ရုပ်အလောင်းအား မီးရှို့သင်္ဂြိုဟ်ပြီး အရိုးပြာကိုသာ အိုးငယ်အတွင်းသို့ ယူထည့်လိုက်ကာ ပွေ့ပိုက်ထားပြီး နောက်ဆုံးတစ်ကြိမ် ငိုကြွေးလိုက်မိသည် ။

~နောက်ဆိုရင် သားတော် သန်သန်မာမာ နေပါ့မယ် အခုလိုမျိုး မယ်တော်ကို ဆုံးရှုံးရသလိုမျိုး သားတော်အတွက် အရေးကြီးတဲ့ သူတွေကို မဆုံးရှုံးရအောင် နေပါ့မယ် သားတော် ကာကွယ်ချင်တဲ့ အရာအားလုံးကို ကာကွယ်ပေးနိုင်အောင် နေပါ့မယ် မယ်တော် စိတ်ချပါ~

***

ကျောင်းနယ်နိမိတ်သို့ ဝင်သော်လည်း ရုံးတော်မှ ချက်ချင်း အကြောင်းမကြားပေးပဲ သူ့ကို ရုံးတော်တွင် ထိန်းသိမ်းထား၏။ ကျာအန်းက သူ့အတွက် စားစရာတွေကို စီစဉ်ပေးရင်း

‘အစ်ကိုက ရုံးတော်က လူတွေ ပြောနေကြသလို ကျောင်းမင်းကြီးရဲ့ သားတော် ဆိုတာ ဟုတ်သလား’

‘မင်း မယုံလို့ လား’

ကျာအန်းက တွေတွေ ဝေဝေဖြင့် ခေါင်းခါပြပြီးလျှင်

‘မဟုတ်ပါဘူး ကျွန်တော်တို့ ရွာက သူငယ်ချင်း တစ်ယောက်ကို သ

တိရလို့ ပါ'

'ဘာလို့ '

'ကျွန်တော်တို့ ရွာသူကြီးမှာ ဇနီးနှစ်ဦး ရှိတယ် ပထမတစ်ယောက်က ကလေးမမွေးနိုင်တော့ နောက်ထပ် တစ်ယောက်ကို ထပ်ယူခဲ့တယ် ဒုတိယတစ်ယောက်က ကလေးမွေးတော့ ကျွန်တော်နဲ့ သူငယ်ချင်း ဖြစ်လာတယ်လေ သူက ချစ်စရာလည်း ကောင်းတယ် ပြီးတော့ စိတ်လည်း ကောင်းတယ်'

'မင်းပြောချင်တာက ဘာလဲ ကျာအန်း'

သူစိတ်မရှည်သလို မေးလိုက်တော့မှ ကျာအန်းက သူ့ကို မော့ကြည့်လာပြီးလျှင်

'မနှစ်က သူကြီးရဲ့ ဒုတိယဇနီးကို ပန်းပွဲတော်မှာ ရေတံခွန်ပေါ်က တွန်းချလိုက်ပြီးတော့ ကလေးကို နိမိတ်ဆိုးတဲ့ လူ အဖြစ်နဲ့ ရွာထဲမဝင်ခိုင်းတော့ဘူးလေ ပထမဇနီးက တကယ်လို့ အစ်ကိုက ကျောင်းနိုင်ငံရဲ့ မင်းသား သာဆိုရင် အစ်ကိုရဲ့ အဖေမှာ လည်း တခြားမိန်းမတွေ ရှိမှာပေါ့'

အခုမှ သူလည်း ကျာအန်း ပြောချင်တာကို နားလည်တော့သည် ။ ထို့ကြောင့် သူကိုယ်တိုင်လည်း တွေဝေ သွားမိပြီးမှ

'ပြောလို့ မရဘူး နန်းတော်ထဲမှာ ငါ့ကို မလိုချင်တဲ့ သူ ရှိနေနိုင်တယ်
'

'အဲဒါဆို ဘယ်လိုလုပ်မလဲ'

ထိုအခါမှ ရှောင်ချီက ရဲရင့်စွာ ပြုံးလိုက်ပြီးမှ

'ငါ့အသက်ကို ငါပဲ ပိုင်ရမယ် တခြားဘယ်သူမှ စီရင်ခွင့် မရှိစေရဘူး
'

***

ကျောင်းနန်းတွင်း၊ ကျောင်းနန်းတွင်းတွင် လွှီဖူမိဖုရားကြီးမှ ညီလာခံတွင် မင်းသားငယ် ကျောင်းရန်ချီအား ကြိုဆိုရန် အမိန့်ချလိုက်ပြီးသည့်နောက် မိဖုရားကျူးရင်၏ လက်ပါးစေ အမတ်တစ်ဦးမှ မိဖုရားကျူးရင် ရှိရာသို့ လျင်မြန်စွာ ပြေး လာပြီးလျှင်

'ကျူးရင်မိဖုရား ရန်ချီမင်းသား ကျောင်းပြည်နယ်ထဲကို ရောက်နေပြီလို့ သိရပါတယ် ပြီးတော့ ပျောင်းနယ်ထဲကနေ ထွက်လာတယ်လို့ သိရပါတယ်'

'ဘာ!! ပျောင်းနယ်ထဲကနေ ထွက်လာတယ် ဟုတ်လား'

'ဟုတ်တယ် မိဖုရား အမ်းလွေကတော့ သေဆုံးသွားပြီလို့ သိရပါတယ် ကျူးရင်မိဖုရား'

~ပျောင်းကနေ ပြန်လာတာ ဆိုတော့ ဒီနန်းတော်ထဲ ပြန်ဝင်ခိုင်းလို့မရဘူး ငါ့အကြောင်း သိသွားရင် ငါအသက်ရှင်ဖို့ ခက်တော့မှာ မဖြစ်ဘူး မဖြစ်ဘူး သူများ ငါ့ကို မသတ်ခင် ငါက အရင်သတ်မှ ဖြစ်မယ်~

'အမတ်မင်း တကယ်လို့ ရန်ချီမင်းသားသာ နန်းတက်မယ် ဆိုရင် အမတ်မင်းရဲ့ နေရာက ဘယ်လို ဖြစ်သွားမလဲ'

'ဒါက ဘယ်လိုမှ မဖြစ်နိုင်တဲ့ အကြောင်းတရားပါ ကျူးရင် မိဖုရား'

'တွေးကြည့်လေ ဖြစ်နိုင်လား မဖြစ်နိုင်ဘူးလား အမ်းလွေ မိဖုရားကို မိဖုရားကြီး လွှိဖူက မျက်နှာသာပေးတာ သိသာလွန်းတယ် ကျောင်းကန်းမင်းသားက ရှိရှင်း မိဖုရားရဲ့ သားတော် မင်းကြီးရဲ့ သားတော် ဆိုရင်တောင်မှ အမ်းလွေမိဖုရားရဲ့ သားတော် ဖြစ်တဲ့ ရန်ချီအပေါ်မှာ မိဖုရားကြီးက ဘယ်လိုက် စေတနာ ထားတယ် ဆိုတာကို ကျွန်မတို့ အားလုံး သိနေကြတာပဲ'

'ဒါပေမဲ့'

ရုံးတော် အမတ်မင်း တွေတွေဝေဝေ ဖြစ်လာသည် ။ ထိုအခါမှ ကျူးရင်က ထိုင်နေရာမှ ထရပ်လိုက်ပြီး သေသပ်စွာ ပြုံးလိုက်သေးလျက်

'အခု အမ်းလွေ မိဖုရား မရှိတော့ဘူး မိတဆိုး မင်းသားနှစ်ပါးမှာ လွှိဖူမိဖုရားကြီးက ဘယ်သူ့ကို စေတနာပိုမယ် ထင်လဲ ဘယ်သူ့ကို နန်းတက်စေမယ် ထင်လဲ'

'အဲဒါက'

'တကယ်လို့ သာ ရန်ချီမင်းသား နန်းတက်မယ် ဆိုရင် လက်ရှိ ညီလာခံ တက်နေတဲ့ အမတ်မင်းတွေ နေရာကို စိုးရိမ်မိတယ် မဟုတ်လား'

'ရန်ချီ မင်းသားက သိမ်ငယ်ရတဲ့ သားတော် ဆိုပေမဲ့ ငယ်စဉ်တည်းက ထက်မြက်တယ် ဒါပေမဲ့ အာဏာရေးကို သူစိတ်မဝင်စားပဲနဲ့ အချိန်တိုင်း သူ့ညီတော်ကို မြှောက်စားတယ်'

'အဲဒါက လိုချင်တာအတွက် မလိုတာတွေကို ချပေးနေတာပါ ဆိုရင်ကော အမတ်မင်း'

'ရန်ချီ မင်းသား နန်းတက်လို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး'

'ကောင်းပြီ ဒါဆိုရင် သူ့ကို နန်းတော်ကို မပြန်နိုင်အောင် အမတ်မင်း

စီရင်လိုက်ပါ’

‘တကယ်လို့ မင်းကြီးနဲ့ မိဖုရားကြီး သိသွားမယ် ဆိုရင် ကျူးရင်မိဖုရား’

‘မိဖုရားကြီး မသိအောင် သေချာ စီစဉ်လိုက်ပါ မင်းကြီးကို ကျွန်မ တာဝန်ထား’

ယုတ်မာသော အကြံအစည်တို့ နှင့် ကျူးရင်မိဖုရားသည် သူ၏ နေရာတည်မြဲရေး အတွက် ကျောင်းမင်းသားရန်ချီကို လုပ်ကြံ သတ်ဖြတ်ရန် အစီစဉ် တစ်ခုကို သေသပ်စွာ ရေးဆွဲတော့သည် ။ သို့သော် ကံကောင်းစွာဖြင့် မင်းသားရန်ချီက ထိုအခြေအနေကို ကြိုတင် တွက်ဆမိပြီး နားခိုရာ ရုံးတော်မှ ကျာအန်းနှင့်အတူ ထွက် လာပြီး နန်းတော်သို့ တခြားနည်းလမ်းဖြင့် အရောက်ပြန်ခဲ့လေသည် ။ မိခင်၏ အရိုးအိုးကို ပိုက်ကာ ပြန်လာသော ကျောင်းရန်ချီအား မင်းကြီးနှင့် မိဖုရားကြီးမှ နန်းတော်ဝတိုင်အောင် အပြေးအလွှား ကြိုဆိုခဲ့ပြီး မင်းကြီးက သားဖြစ်သူ၏ နွမ်းလျသော မျက်နှာအား ကြည့်ကာ မျက်ရည်ဝေတော်မူသည် ။ ရန်ချီမှ မင်းကြီးရှေ့တွင် ဒူးထောက် လိုက်ပြီးလျှင်

‘ခမည်းတော် မယ်တော်ရဲ့ မတရားသဖြင့် သေဆုံးမှုကို အလျော်တောင်းပေးပါ’

မယ်တော်၏ အရိုးအိုးအား မြှောက်ကိုင်လိုက်ပြီး ပြောဆိုလိုက်သည်တွင် လွီဖူ မိဖုရားကြီးမှ ရန်ချီ၏ လက်အတွင်းရှိ အရိုးအိုးကို လှမ်းယူလိုက်ပြီးလျှင်

‘ညီမလေး ညီမလေး!! အဟင့်’

ဝမ်းနည်း ကြေကွဲစွာ ငိုကြွေးလေသည် ။ လွီဖူမိဖုရားကြီး ငိုကြွေး

တော့ ဘေးနားတွင် ရှိသော ကျောင်းကန်း မင်းသားငယ်ကပါ ငိုကြွေး လေသည် ။ ရန်ချီ နန်းဆောင်သို့ သွားလိုက်ပြီ ဆိုမှ လမ်းတွင် ကျူးရင်မိဖုရားက

‘မင်းသား အိမ်ပြန်ရောက်လာတာကို ကြိုဆိုပါတယ်’

ကျူးရင်မိဖုရားကို စကားတစ်ခွန်းမှ ဆိုမနေတော့ပဲ ထိုနေရာမှ လှည့်ထွက် လာခဲ့မိတော့သည် ။ ဒီနန်းတော်မှာ လည်း သူ့ကို သတ်ချင်တဲ့ သူတွေ ရှိနေနိုင်သေးတာပဲ၊

***

ကျောင်းနန်းတော် ညီလာခံ အတွင်းတွင် အမတ်မင်းများ စစ်သူကြီးများ ရုံးတော် လူကြီးများ စုဝေး နေကြပြီး ယခုညီလာခံတွင် မင်းကြီးနှင့် မိဖုရားကြီး နှစ်ပါးလုံး တက်ရောက်လေသည် ။ ထို့ပြင် ညီလာခံ လျှောက်လမ်းတွင် မှ ရန်ချီက မတ်တတ်ရပ်လျက်ဖြင့် မင်းကြီးရှေ့မှောက် စားပွဲတွင် တင်ထားသော မိခင်၏ အရိုးအိုးအား စူးစိုက်ကြည့်နေသည် ။

‘ရှောင်ချီ မင်းပြော မင်းအမေက ဘယ်လို သေဆုံးခဲ့ရလို့ မင်းက တရားမျှတမှုကို လိုချင်တာလဲ’

‘ခမည်းတော် အမေ့ကို ပျောင်းတိုင်းပြည်က မင်းကြီးက သတ်ပစ်ခဲ့ပါတယ် သားတော်ကိုတော့ ရင်းနှီးတဲ့ နန်းတွင်းသူလေးက ကူညီခဲ့လို့ အသက်ဘေးကနေ လွတ်ခဲ့ရတာပါ အဲဒါကြောင့် မယ်တော့်အတွက် တရားမျှတမှုကို တောင်းဆိုရတာပါ’

အမတ်တွေ အားလုံးက တိတ်ဆိတ်သွားကြ၏။ မင်းကြီး၏ နေမ

ကောင်း၍ ချောင်းဆိုးသံ တစ်ခုတည်းကသာ ညီလာခံအား ကြီးစိုးသွားသည် ။ အမတ်မင်း တစ်ပါးမှ မျက်နှာ မကောင်းစွာဖြင့် ရှေ့သို့ တက်လာပြီးလျှင်

'မင်းကြီး သေချာ ဆင်ခြင် သုံးသပ်စေချင်ပါတယ် အခုချိန်မှာ တိုင်းပြည်အတွင်း ကွဲပြားမှုတွေ ဖြစ်နေပြီးတော့ အစိုးရဌာန တစ်ခုချင်းစီတောင်မှ ကွဲပြားနေပါတယ် ပြီးတော့ နယ်ခြားက မြောင်တိုင်းပြည်ကလည်း တိုင်းပြည်ရဲ့ အခြေအနေကို အထူးစောင့်ကြည့်ပြီး စစ်ချီချင်နေတယ် ဆိုတာ မင်းကြီး သိရှိပါတယ် အဲဒါကြောင့် သေချာ သုံးသပ်ပေးတော်မူပါ'

'မင်းကြီး အကယ်၍ ပျောင်းတိုင်းပြည်ကို ကိုယ်လုပ်တော် မိဖုရားတစ်ပါး သေဆုံးမှုနဲ့ ပတ်သက်ပြီး အပြစ်ဖို့ မယ် ဆိုရင် နဂိုရ်တည်းက ရှိနှင့်ပြီးသား ငြိမ်းချမ်းရေး ပျက်ပြားပြီးတော့ မြောင်တိုင်းပြည်ရဲ့ စစ်ချီခြင်းကို ခံရနိုင်ပါတယ် မင်းကြီး သေချာ ဆင်ခြင်စေလိုပါတယ်'

'မင်းကြီး မင်းသားငယ်က ငယ်ရွယ်လွန်းတော့ တိုင်းပြည်ရေးနဲ့ စစ်ရေးကို နားမလည်ပဲ မင်းကြီးကို အခက်တွေ့စေတယ်လို့ ယူဆရကြောင်းပါ မင်းကြီး'

အမတ်တွေ တင်လျှောက်သမျှတွင် ခမည်းတော်က တွေဝေ နေခြင်းသာ အတိပြီးနေ၏။ ထို့ကြောင့် သူ နေရာမှ ထရပ်လိုက်ကာ ခမည်းတော် ရှေ့ရှိ အရိုးပြာကို ပြန်ယူလိုက်ပြီးမှ

'ကျွန်တော်ရဲ့ မယ်တော်က မတရား သေခဲ့ရတယ် တိုင်းပြည်ရေးကို ငါနားမလည်တာနဲ့ စစ်ရေးကို ငါ မသိတတ်တာနဲ့ ဘာများ ပတ်သက်နေလို့ လဲ တကယ်လို့ မယ်တော်ရဲ့ သေဆုံးမှုကို ငါ တစ်နေ့ ပြန်ပြီး ကလဲ့စားချေမယ် သေချာပေါက်'

‘ရန်ချီ!!’

‘ခမည်းတော်!! ခမည်းတော် မလုပ်ရဲဘူး ဆိုရင် သားတော် သေချာပေါက် လုပ်ပေးမယ်’

ဘယ်တုန်းကမှ ခမည်းတော်အား မပြောဆိုဖူးသော်လည်း ဒီတစ်ကြိမ်တော့ ပြောဆိုမိပြီ ဖြစ်သည် ။ ဘယ်အရေးကိုမှ ဝင်မပါဖူးသော်လည်း အခုတော့ ဒီအရာတွေကို ဝင်ပါမှ ရတော့မည်ကို နားလည်လိုက်ပြီ ဖြစ်၏။ ထိုညီလာခံမှ ဆင်းလာသည် နှင့် မိဖုရားကြီး လွီဖူ၏ နန်းဆောင်တွင် စောင့်နေလိုက်ကာ မိဖုရားကြီး ဝင်လာတော့မှ

‘မိဖုရားကြီး ရှောင်ချီကို မယ်တော်အတွက် ကလဲ့စားချေခွင့် ပြုပါ’

လွီဖူ ခေတ္တတွေဝေ သွားမိသည် ။ ရန်ချီသည် မင်းကြီး၏ သွေးသား ဖြစ်သည့် အားလျော်စွာ မည်မျှပင် ဖိနှိပ်ထားသည် ဆိုသော်လည်း အချိန်တန်လျှင် ပေါ်ထွက်လာပေသည် ။ သူမကတော့ ရန်ချီအား ငယ်စဉ်ကတည်းက သိနားလည်ခဲ့သည် ။ ထိုကလေးသည် သူမတူအောင် ထက်မြက်သည် ။ နားလည်သည် ။ အလိုက်သိသည် ။

မင်းကြီးက မျက်နှာသာ မပေးလိုခဲ့ခြင်းကိုလည်း သိနေပြန်သည် ။ နဂိုရ်ကတည်းက ထက်မြက်သော ဒီကလေးအား မျက်နှာသာ ပေးလိုက်ပါက နန်းတွင်း တစ်ခုလုံးအား ဆုပ်ကိုင်သွားမည်ကို စိုးရွံ့နေခြင်းဖြစ်လျက် မင်းကြီးက ဒီသားတော်ကို ကြည့်ချင်လျှင်တောင် အတော် ဝေးဝေးမှ ငေးကြည့်ရှာသည် ။ အနီးနားသို့ မသွားပေ။

ယခုတစ်ကြိမ်တွင် မိခင် သေဆုံးပြီးသည့် မင်းသားငယ်၏ ရင်အတွင်းဝယ် သောကမီးတို့ တောက်လောင်နေခြင်းအား မထိန်းကွပ်လျှင် မရပေ။ ထို့ကြောင့်

'ကောင်းပြီ ရှောင်ချီ မင်းက အချက်သုံးချက်ကို လိုက်နာမယ် ဆိုရင် ငါမင်းအမေအတွက် ကလဲ့စားချေဖို့ ခွင့်ပြုပေးမယ်'

'ဘယ်ကိစ္စကိုမဆို ရှောင်ချီ လက်ခံပါတယ်'

'ပထမတစ်ချက် မင်း ငါ့ကို မယ်တော်လို့ ခေါ်ပါ ဒုတိယ တစ်ချက် စစ်ရေးကို သေချာ နားလည်အောင် လေ့လာပါ တတိယတစ်ချက် မင်း ဘုရင်ဖြစ်နိုင်ပြီ ဆိုတဲ့ အချိန်မှ ပျောင်းတိုင်းပြည်က နန်းတွင်းကို ကလဲ့စားချေပါ ရမလား'

ခေတ္တမျှ တွေဝေ သွားပြီးနောက်

'ရတယ် ဒါဆို ကျွန်တော့်ကို စစ်တပ်ထဲ သွင်းပေးပါ'

'ကောင်းပြီ မင်းအတွက် ဓားရေး လှံရေး စစ်ကဲရေး သင်ကြားပေမဲ့ ဆရာကို ကျောင်းတစ်ကျောင်းကနေ ခေါ်ယူထားတယ် အဲဒီဆရာနဲ့ အတူတူ မင်း စစ်ရေးကို လေ့လာပါ စစ်ရေးကို ဆိုတာက တိုက်ခိုက်ရေးပဲ မဟုတ်ဘူး စစ်ရေးဗျူဟာ အပါအဝင် အားလုံးကို မင်းသိထားဖို့ လိုတယ် ကြားလား'

'မယ်တော်အတွက် ကလဲ့စားချေနိုင်မယ် ဆိုရင် ဘာတွေက ဒီလောက် ခက်ခဲနေမှာ လဲ အကုန်လုံး ရတယ် မရဘူး ဆိုတာ မရှိဘူး!!'

မာကျောသွားသော နှလုံးသား တစ်စုံက ဘယ်လိုများ ပြန်နူးညံ့ဖို့ ရှိမှာ တဲ့ လဲ၊ ကလဲ့စား ဆိုသည့် အကြောင်းရာမှ လွဲ၍ ချစ်ခင်ခြင်း ကြင်နာခြင်း နူးညံ့ခြင်း ပျော်ရွှင်ခြင်းတွေ ပျောက်ဆုံး သွားသော မင်းသားငယ်သည် တိုက်ခိုက်ရေးကို လက်တွေ ပေါက်ပြဲသည့် အထိ လေ့ကျင့်သည် ။ ခြေထောက်တွေ မထောက်နိုင်သည့် အထိ လေ့ကျင့်သည် ။ မိုးရေထဲတွင် လည်း လေ့ကျင့်သည် ။ နေပူနေလျှင်လည်း လေ့ကျင်သည် ။ ထ

ပ်ခါထပ်ခါ လေ့ကျင့်သည် ။ သူနေ့စဉ် ကိုင်တွယ်နေကျ ကဗျာ စာအုပ်တွေကို ဘေးချ လိုက်ပြီးနောက် ထိုနူးညံ့သော စာပေတွေ နေရာတွင် စစ်ရေးဗျူဟာတွေကို တစိုက်မတ်မတ် လေ့လာတော့၏။

ကျောင်းမင်းကြီးသည် အိပ်ရာမှ မထနိုင်အောင်ပင် အနာသည်းလေသည် ။ ထိုအခါတွင် ညီတော်သုံးအား အပိုင်စားပေးထားသည့် နယ်မြေအား ပုန်ကန်မည်ဟု ဆိုလေရာ စစ်ထွက်ရန် လိုအပ် လာလေသည် ။ ထိုအခါတွင် မင်းသားငယ် ရန်ချီမှ

'ခမည်းတော် သားတော် စစ်ထွက်ပါရစေ!!'

***

# (အပိုင်း-၆)

ခမည်းတော်က သူ့ကို မျက်နှာလွှဲလိုက်ရင်းမှ

'မင်းက ငယ်သေးတယ် စစ်မြေပြင်က ပြေးလွှားဆော့ရတဲ့ နေရာ မဟုတ်ဘူး '

ခမည်းတော် ထံမှာ စစ်ထွက်ဖို့ တောင်းဆို ခြင်းက ကျရှုံးခဲ့လေ၏။ သို့သော် သူ လက်မလျှော့နိုင်ပါ။ မယ်တော်အတွက် ကလဲ့စားချေဖို့ ကိုညီလာခံတွင် ငြင်းပယ်ခံရမှုအတွက် သူ့မှာ ထပ်ပြီး ကြိုးစားဖို့ အစီအစဉ်တွေ အများကြီးကို တစ်ဆင့်ချင်း တွေးတောထားပြီးသား ဖြစ်သည် ။

***

လွီဖူမိဖုရားကြီး၏ နန်းဆောင် အတွင်းတွင် အပျိုတော်များ နန်းဆောင် အပြင်သို့ ထွက်နေပြီး နန်းဆောင် အတွင်းတွင် မင်းသားငယ်မှ ငြိမ်သက်စွာ ထိုင်နေသည် ။ အနီရောင် ဝတ်စုံဖြင့် သေသပ်နေသော်လည်း မသေမသပ် ဖြစ်နေခြင်းက စားပွဲပေါ်ရှိ စားပွဲခင်းအား လက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင် ထားခြင်းကြောင့်ပင် ဖြစ်၏။

'ရှောင်ချီ မင်း မယ်တော်ကို ပြောဖို့ ရှိတာ ဆိုရင် ပြောပါ'

ရေနွေးခွက်ကို လက်နှစ်ဖက်ဖြင့် ကိုင်ထားလျက်မှ လွှီဖူက ခပ်တိုးတိုး ပြောသည်။ ထိုအခါမှ မင်းသားငယ်က ခေါင်းမော့လာကာ

'မယ်တော် သားတော် ဒီထက်ပိုပြီး ရင့်ကျက်မှုကို လိုချင်တယ် ပြီးတော့ ဒီထက်ပိုပြီး ကြီးမားတဲ့ အာဏာကို လိုချင်တယ်'

တည်ကြည် ပြတ်သားစွာ ပြောနေသော ရှောင်ချီကို လှမ်းကြည့်နေရင်းမှ လွှီဖူ လက်အတွင်းတွင် ဖွဖွလေး ကိုင်ထားသော ရေနွေးခွက်ကို ချလိုက်ရသည်။ ပြီးမှ

'မင်းက တကယ်ပဲ အာဏာကို လိုချင်တာလား'

'မယ်တော် သားတော် သားတော်ရဲ့ အမေအရင်းအတွက် တရားမျှတမှုကို လိုချင်တယ် အဲဒီအတွက် မယ်တော် သားတော်ကို ထောက်ပံ့ပေးပါ'

'မင်း တော်တော် အတင့်ရဲပါလား ရှောင်ချီ'

'မယ်တော်ရဲ့ ထင်မြင်ချက်ကို သားတော် မတားပါဘူး ဒါပေမဲ့ သားတော်ဆီမှာ လုံလောက်တဲ့ အရည်ချင်း ရှိတယ်လို့ မယ်တော် သတ်မှတ်တယ် ဆိုရင် သားတော်ကို ထောက်ပံ့ပေးပါ'

'ကောင်းပြီ မင်းဆီမှာ မယ်တော် လိုချင်တဲ့ အရည်ချင်း ရှိတယ် ထင်ရင် မင်းကို မယ်တော် ထောက်ပံ့ပေးမယ်'

'သတ်မှတ်ချက်က'

'တောင်ပိုင်း စစ်သေနာပတိ ဂူရှန်း လက်ထဲက စစ်တပ်အာဏာကို မင်း ရရှိပြီ ဆိုရင် မင်းကို မယ်တော် ထောက်ပံ့ပေးမယ်'

'မယ်တော် စောင့်ကြည့်နေပါ'

မင်းသား ကျောင်းရန်ချီ ထွက်သွားပြီ ဆိုမှ လွီဖူ မျက်လုံးတွေ မှိတ်လိုက်မိသည်။

~ရှောင်ချီ မင်း အခုလို နာကျင်နေတာကို မယ်တော် မြင်ရတာ ပိုပြီး စိတ်မကောင်းဘူး မင်းက နူးညံ့ပြီး ကြင်နာတတ်တဲ့ ကလေးပါ အမေအတွက် ကလဲ့စားချေမယ် ဆိုတဲ့ စိတ်နဲ့ ကြီးပြင်းလာမှာ ကို မယ်တော် မမြင်ရက်ဘူး ဒါပေမဲ့ မင်းသာ ဒီလို မတွေးဘူး ဆိုရင် မင်းက ချောင်တစ်ခုခုမှာ ငိုကြွေးပြီး အင်အားမဲ့နေမှာ ကိုလည်း မလိုလားဘူး မယ်တော် ဘယ်လို လုပ်ပေးရမလဲ ရှောင်ချီ~

***

'ရှောင်နန် ဒီနေ့ အစ်ကိုကြီးရဲ့ မင်္ဂလာပွဲ နေ့ မင်းနည်းနည်းလောက် ပြုံးစမ်းပါ'

'ပြုံးရမယ် ငါက ပြုံးနေဖို့ သင့်ရဲ့ လား ဆိုတာကို မသေချာဘူး'

'ဒီလတွေမှာ မင်းက အခုလိုမျိုး မှိုင်မှိုင်တွေတွေနဲ့ မေမေငယ်ကို ကြည့် စိတ်မကောင်းလို့ ထမင်းတောင် မစားနိုင်တော့ဘူး'

ရှောင်ချီတို့ သားအမိ သေလား ရှင်လား ဆိုတာကို စုံစမ်းသော်လည်း ဘာမှ မသိရသဖြင့် ပျော်ရွှင်နေဖို့ သင့်ရဲ့ လား ဆိုတာကို အခုထိ ဝေခွဲရခက်နေမိသည်။ သို့သော် ဒီနေ့က အစ်ကိုကြီး၏ မင်္ဂလာပွဲ နေ့ ဖြစ်၍ အစ်ကိုနှစ်က လာပြီး ချော့မော့ကာ မင်္ဂလာပွဲ တက်ရောက်ဖို့ ပြောနေခြင်း ဖြစ်သည်။ ရှောင်နန် ခေါင်းကို ခါယမ်းလိုက်ပြီးမှ ခုတင်တိုင်တွင် မှီလျ

က် ထိုင်နေရာမှ ဆင်းလိုက်သည် ။

အစ်ကိုနှစ်က လက်မလျှော့သေးပဲနှင့်

'ရှောင်နန် မင်းက မင်းရဲ့ အစ်ကိုကြီးကို သူများကို ပေးပစ်လိုက်ရတယ်လို့ တွေးပြီး သဘောမကျတာလား ငါရှိပါသေးတယ်'

အစ်ကိုနှစ်ကို နားငြီးလို့ သွားနေခြင်းမှာ နန်းဆောင်ရှေ့မှ ဝင်လာသော အစ်ကိုလေးကို မြင်လိုက်တော့ ပက်လက်ပင် လန်သွားချင်သည် ။ နောက်ပြန်လှည့်တော့ အစ်ကိုနှစ် အရှေ့မှာ အစ်ကိုလေး ရှောင်စရာက ဘေးလမ်းသို့ ဖြစ်ကာ ဘေးလမ်းမှာ အစ်ကိုငါးက သူမအား ပြုံးရယ်ပြသည် ။

သို့သော် အစ်ကိုငါးက သူမနှင့် စာလျှောင် ခန္ဓာကိုယ် သေးငယ်သူမို့ သူ့ကို တွန်းတိုက်ကာ ရှောင်ဖယ်ပစ်လိုက်၏။

'ဘုတ် ဟော့ ဟော့ ရှောင်နန်!!'

'အစ်ကိုငါး မင်း ငါ့လက်ကို လွှတ်နော် ငါ အဲဒီ မင်္ဂလာဆောင်ကို မသွားဘူး ပြီးတော့ အဲဒီ ရုပ်ဆိုးမ ဝေချင်းချင်း ငါ့အစ်ကိုရဲ့ ဇနီးနေရာကို ရောက်လာတာကိုလည်း ငါမနှစ်သက်ဘူး မသွားဘူးဆို မသွားဘူး'

ထိုအခါတွင် မှ အစ်ကိုနှစ်က အနည်းငယ် မကောင်းသော မျက်နှာဖြင့်

'အစ်ကိုကြီးက မင်းကို ရအောင် ခေါ်လာဖို့ မှာ ထားတယ် ရှောင်နန် ဒီနေ့မှာ အစ်ကိုကြီးက သူချစ်တဲ့ သူကို အပိုင်ရလို့ ပျော်နေတာ မင်းက သူ့ ပျော်ရွှင်မှုကို အပြည့်အဝ မခံစားစေချင်ဘူးလား'

ဒီလို စကားတွေကိုကျတော့ ရှောင်နန် မခံစားနိုင်ပဲ ခြေလှမ်းတွေ တန့်သွားသည် ။ ပြီးမှ သက်ပြင်းချလိုက်သေးကာ

'ကောင်းပြီ ငါ သွားမယ် တကယ်တမ်း ငါတွေးနေမိတာ ငါ ပျော်ရွှင်နေဖို့ သင့်ရဲ့ လား ဆိုတာကို အဲဒါကြောင့် ငါ မပျော်ရွှင်ချင်ဘူး'

ရှောင်နန်က ထိုသို့ ဝမ်းနည်းစွာ ပြောတော့ အစ်ကိုလေးက ရှောင်နန်အနားသို့ တိုးလာကာ လက်ဖဝါးတွင် အမာရွတ် ဖြစ်သော ညီမဖြစ်သူ၏ လက်ကလေးကို ဆွဲယူလိုက်သေးလျက်

'မင်း ကြည့် မင်းလက်မှာ ဒီအမာရွတ်က တစ်သက်လုံး ပျောက်မှာ မဟုတ်ဘူး မိန်းကလေးတစ်ယောက် အတွက် အမာရွတ် ဆိုတာ ရုပ်ဆိုးပြီး အကျည်းတန်တယ် မင်းက အမာရွတ်တောင် အဖြစ်ခံပြီးတော့ သူ့ကို ကူညီပြီးပြီ မင်းကူညီတာ အရာရောက်လား မရောက်လား ဆိုတာကို ထားလိုက်ပါတော့ မင်း ဒီအတိုင်းတွေ တွေးပြီး ဝမ်းနည်းနေတာ ဘယ်နှလလဲ မေမေငယ်လည်း စိတ်မကောင်းဘူး ပြီးတော့ ခမည်းတော် ဒီအကြောင်းတွေ မသိဘူး ထင်နေလား'

'ရှောင်နန် သိတယ် ခမည်းတော်က သူတို့ ကို လိုက်ရှာပြီး အသေမသတ်ခိုင်းတော့တာ ရှောင်နန်က သူ့ကို ကာကွယ် ပေးချင်လို့ မှန်း ခမည်းတော်က ကူညီလိုက်တာ ဒါပေမဲ့ ရှောင်ချီ ဘယ်လိုမှ မရှင်နိုင်ဘူး မဟုတ်လား သူတို့ ကို ရဲမက်တွေက တွေ့တာနဲ့ သတ်မှာ ပဲ'

'မင်း အဲဒီလောက် တွေးမနေပါနဲ့ တော့ ငါ ရဲမက်တွေကို အဲ့နားတစ်ဝိုက် စုံစမ်း ခိုင်းထားပြီးပြီ လျှန်စစ် ရေတံခွန်ကနေ ရေနစ်ပြီး သေတဲ့ သူ ဘယ်သူမှ မရှိဘူးတဲ့ '

'မင်း အခုလို ဖြစ်နေတာကို ခမည်းတော် သိရင် ပိုပြီး စိတ်မကောင်းဖြစ်မှာ မင်းမသိဘူးလား'

'အစ်မတော် အစ်မတော်!!'

မောင်နှမတွေ ပြောနေတုန်းမှာ စူးမာရှောင်အယ်က ပြေးလာခဲ့တော့ အစ်ကိုလေးက ပွေ့ချီလိုက်ပြီးမှ

'ရှောင်အယ် မင်းကတော့ တဖြည်းဖြည်းနဲ့ ပေါက်စီလို ဖြစ်နေပြီ မင်းကို ပွေ့ရတာ လေး လာပြီ နောက်ဆို အစ်ကိုလေး မင်းကို မပွေ့ တော့ဘူး'

ရှောင်အယ်က အစ်ကိုလေး၏ လက်အတွင်းမှ ကော့ကန်ကာ အတင်းဆင်းခဲ့ပြီးမှ ရှောင်နန်လက်ကို လာတွဲကာ

'အစ်ကိုလေး မပွေ့ရင်လည်း အစ်မတော်ကို ရှောင်အယ်ကို ပွေ့မှာ '

'မင်းတို့ တွေ ဒီနေရာမှာ ပဲ စုဝေးပြီး နေကြမှာ လား မြန်မြန်လာ မင်္ဂလာ အချိန်က စတော့မယ်'

အစ်ကိုလေး၏ အမေ မေမေလတ်က လာပြောမှ အစ်ကိုနှစ်က ရှောင်နန်ကို လက်ဆွဲကာ အရှေ့သို့ သွားလိုက်ရင်း

'သွားပြီ မေမေလတ် စိတ်မပူနဲ့ ရှောင်နန်လည်း ပွဲတက်မှာ '

နန်းတော် တစ်ခုလုံး မင်္ဂလာပွဲအတွက် ရင်ခုန်နေကြသည် ။ ပျော်ရွှင် နေကြသူတွေ ကြားထဲမှာ ရှောင်နန် တစ်ဦးတည်းသာ ပျော်ခြင်း တစ်ဝက် မပျော်နိုင်ခြင်း တစ်ဝက်ဖြင့် တွေတွေ ဝေဝေ ရှိနေ၏။ အစ်ကို လေးက ရှောင်နန်ကို တစ်ချက် တစ်ချက် လှမ်းကြည့်ကာ ပြုံးနေဖို့ သ တိပေးရှာသည် ။

အစ်ကိုလေးထံမှ အကြည့် ရောက်လာလျှင် ရှောင်နန် မရယ်ချင် လည်း လိုက်ရယ်သည် ။ မပြုံးချင်လည်း ဆွေမျိုးတွေ နည်းတူ လိုက်ပြုံး သည် ။ အမေက ရှောင်နန်ကို ကြည့်သော်လည်း စကား တစ်ခွန်းမှ တော့ မပြောပေ။ ပြောရလျှင် အမေနဲ့ ရှောင်နန် စကားမပြောဖြစ်တာ

လအနည်းငယ် ကြာနေပြီဟု ဆိုရမည်။

ငယ်စဉ်ကတည်းက ပျော်ရွှင်နေခဲ့ဖူးသော ဒီနန်းတော်ကြီးမှ မပျော်မရွှင် ဖြစ်နေမိတာ လအနည်းငယ် ကြာနေပြီ ဖြစ်သည် ။ ညတိုင်းလည်း အိပ်မက်ဆိုးတွေ မက်နေမိတာကို ဘယ်သူ့ကိုမှ မပြောပြမိသော်လည်း ညအိပ်ဖို့ ကို ရှောင်နန် မဝံ့မရဲ ဖြစ်လာမိနေပြီ။ အိပ်မက်အတွင်းတွင် ရှောင်ချီက ရှောင်နန်အား သူ့အသက်ကို ပြန်ပြီး တောင်းဆိုနေတာက ကြောက်မက်ဖွယ် ကောင်းနေခဲ့သည် ။

ထို့ကြောင့်ပင် ညစဉ်ညတိုင်း မအိပ်နိုင်ပဲ မီးလင်းနေသော အခန်းအတွင်းမှ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်ရင်း မိုးလင်းခဲ့ရတဲ့ ညတွေ ရှိနေတာကြောင့် နေ့လည် ဆိုလျှင်ပင် အခါတိုင်းလို ပြေးလွှားပြီး ဆော့ကစားခြင်း မရှိတော့တာ ကြာနေပြီမို့ အစ်ကိုတော်တွေ ပြီးတော့ မယ်တော်တွေက ရှောင်နန် ပျော်ရွှင်လာဖို့ ကို အထူးတလည် ကြိုးစားနေကြသည် ။

သို့သော် ရှောင်ချီ သေသလား ရှင်သလားကို မသိသရွေ့ ရှောင်နန် အတွက် ညတိုင်းမှာ အိပ်မက်ဆိုးတွေက ခြောက်လန့် နေဆဲပင် ဖြစ်မည် ။

ယခုလည်း အစ်ကိုကြီး၏ သတို့ သမီးလောင် ဝေချင်းချင်းက လှပသော ဝတ်စုံကို ဝတ်ဆင်ထားပြီး ဦးခေါင်းထက်တွင် အိမ်ရှေ့မိဖုရား၏ အဆောင် အယောင် ရွှေသရဖူကို ဆင်မြန်းထားသည် ။ သူမသည် နောင် အစ်ကိုကြီး နန်းတက်ကာ ဘုရင် ဖြစ်လာလျှင် မိဖုရားခေါင် ဖြစ်လာမည် ဟူသော ဆိုစကားကို ခမည်းတော်က ချီးမြှင့်သည် ။ မိဘတွေကို ကန်တော့ခြင်း ပြီးဆုံးသည် နှင့် ရှောင်နန် မင်္ဂလာပွဲမှ ထွက်လာခဲ့တော့သည် ။

ဒေါ်လေး ကျူးရင်၏ အုတ်ဂူရှေ့တွင် ငုတ်တုတ်လေး ထိုင်နေမိတာ အချိန်တွေက ဘယ်လောက် ရှိသွားမှန်း မသိ၊ အနည်းငယ် အေးစိမ့်လာမှ ဘေးပတ်ဝန်းကျင်ကို သတိရပြီး ကြည့်လိုက်မိတော့ အစ်ကိုတော်တွေနှင့် မယ်တော်က ရှောင်နန် ငေးငိုင်တွေဝေ နေတာကို မနှောင့်ယှက်ကြပဲ ဒီတိုင်း ရပ်ငေးကြည့်နေကြတာကို တွေးလိုက်၏။

ထိုင်နေရာမှ ထရပ်လိုက်ပြီး မြေကြီးထိ ရောက်နေတဲ့ ဝတ်စုံကို လက်ဖြင့် အသာလေး မယူလိုက်သေးလျက် မယ်တော်နှင့် အစ်ကိုတော်တွေ ရှိတဲ့ နေရာကို လာခဲ့ပြီးမှ

'အစ်ကိုတော်တွေနဲ့ မယ်တော် ရောက်နေတာကို ရှောင်နန် မသိလိုက်ဘူး အရိုသေပေးဖို့ ပျက်ကွက်မိတာ ခွင့်လွှတ်ပါ'

မယ်တော်က မျက်ရည်စို့နေသော မျက်ဝန်းတို့ ဖြင့် ရှောင်နန်အား ကြည့် လာပြီးလျှင်

'မနက်ဖြန် မင်းအစ်ကိုကြီးရဲ့ သတို့ သမီးအိမ် အလည်သွားဖို့ ရှိတယ် နန်းပြင် ထွက်ရမှာ ဆိုတော့ မင်း လိုက်ဖို့ ခမည်းတော်က အမိန့်စာ ရေးပြီး ခွင့်ပြုလိုက်တယ်'

အဲဒီ နန်းပြင် ဆိုတာကို ထွက်ချင်လွန်းလို့ လည်ချင်လွန်းလို့ ဘာမှ မဆိုင်သော လူနှစ်ဦးရဲ့ အသက်တွေ ပေးခဲ့ရတာ မဟုတ်လား၊ ထပ်ပြီးတော့ နန်းပြင်ကို ထွက်လည်နေရဦးမလား၊ ရှောင်နန် ခေါင်းယမ်းလိုက်ပြီးမှ

'ရှောင်နန် နန်းပြင်ကို ဘယ်တော့မှ မထွက်ချင်တော့ဘူး သေတဲ့ အထိ နန်းတော်ထဲမှာ ပဲ နေတော့မယ်'

'ရှောင်နန်!!'

'ထပ်ပြီးတော့ ရှောင်နန် ကြောင့်မို့ တခြားသူတွေ သေတာကို မဖြစ်စေချင်ဘူး ဒီနေ့ ရှောင်နန် ပင်ပန်းနေပြီ အိပ်တော့မယ်'

မွေးလာကတည်းက ပျော်ရွှင်နေတတ်ခဲ့သော ရှောင်နန် အတွက် မတိကျ မသေချာသော်လည်း ဆီလျော်တဲ့ သတင်း တစ်ခုတော့ လိုနေပြီလို့ မယ်တော်အပါအဝင် အစ်ကိုတော်တွေက တွေးလိုက်မိကြသည် ။ ဒီသူမကြောင့် ဆိုသော အကြောင်းအရာကို မေ့ပျောက် သွားအောင် သူမရဲ့ အသိထဲမှာ ရှောင်ချီ ဆိုသော ကလေးငယ်ကို အသက်ရှင်သေးတယ်ဟု လိမ်ညာ ထားလိုက်ကြရန် ဆုံးဖြတ် လိုက်ကြရတော့၏။

***

'နောက်တစ်ခေါက်!!'

ဆရာ့ထံမှ ပြင်းထန်သော စေခိုင်းမှုကြောင့် ရှောင်ချီ လက်အတွင်းတွင် သွေးကျလာတဲ့ အထိ ကိုင်ဆောင် ထားသော ဓားကို ပိုမို တင်းကျပ်အောင် ဆုပ်ကိုင်လိုက်ပြီး အရှေ့တွင် ရှိသော လူရုပ်သဏ္ဍာန် သစ်သားတုံးအား အားနှင့် လွှဲ၍ ခုတ်လိုက်သည် ။

'ဒုတ်!!'

လူရုပ်သဏ္ဍာန် သစ်သားတုံးတွင် ဒုတ်ဟူသော မြည်သံနှင့် အတန်ငယ် ပွန်းပဲ့သွားသော်လည်း ဆရာက ကျေနပ်သွားခြင်း မရှိပဲ

'နောက်တစ်ခေါက်!!'

'ဒုတ်!!'

'ကျောင်းရန်ချီ မင်း ယောက်ျား မဟုတ်ဘူး လား မင်းနေ့တိုင်း စားနေတဲ့ ထမင်းတွေက မင်းအတွက် အာဟာရ မဖြစ်ဘူးလား ဘာလို့ အားမရှိရတာလဲ ဒါလား စစ်တိုက် ထွက်ချင်တဲ့ ယောက်ျား ဒါလား!!'

'ကျား!! ဒုတ် ဝိုး'

ဆရာပြောလိုက်သော စကားက အရှိုက်သို့ ထိမှန်သွားကာ အားရှိသမျှဖြင့် သစ်သားဓားဖြင့် အရုပ်အား လွှဲ၍ ခုတ် လိုက်လေရာ ထိုအရုပ်ကို ထိသွားသော အရှိန်ဖြင့် လက်အတွင်းမှ သစ်သားဓားက ထက်ပိုင်းကျိုးကာ လွင့်စဉ်သွား၏။

'မင်း ဒေါသထွက်တတ်တာနဲ့ ပဲ မင်းနိုင်ပြီလို့ ထင်နေတာလား ယောင်းလု!! သူ့ကို နာနာလေး ပညာပေးလိုက်ပါ'

ယောင်းလု ဆိုတာက သူနှင့် ရွယ်တူ ဖြစ်ကာ ဆရာခေါ်လာသော ဆရာ၏ တပည့်တစ်ဦးလည်း ဖြစ်၏။ ယောင်းလုက စင်ပေါ်ရှိ လက်နက်များ အတွင်းမှ သူ့အား သစ်သားဓား တစ်ချောင်းကို ပစ်ပေးလိုက်ကာ သူရှိရာ ကွင်းသို့ ခုန်ဆင်းလာ၏။

ယောင်းလုသည် စကားအလွန်နည်းပြီး မျက်လုံးတွေ စူးရဲသည် ။ တိုက်ခိုက်ရေးကို မွေးကတည်းက အရူးအမူး လေ့ကျင့်လာသူဟု သိရသည် ။ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီလစစ်တိုက်ထွက်ဖို့ ခမည်းတော်ထံမှ ခွင့်ပြုချက်ရရန် အသည်းအသန် ကြိုးစားနေခြင်းမှာ အခုထိတော့ စိတ်ဓာတ် ကျဖွယ်တွေ ဖြစ်နေ၏။

'စမယ်'

သူ့ဘက်က စမယ်ဟု ပြောလိုက်သော်လည်း ယောင်းလုက သူ့အား တစ်ချက်မျှသာ အရိုအသေပေးပြီးနောက် နေရာမှာ သာ တိတ်ဆိတ်စွာ

ရပ်နေမြဲ ဖြစ်၏။ တစ်ဖက်လူကို အေးစက်စွာ အကဲခတ်တတ်ခြင်းအား ယောင်းလုထံမှ ပြန်ပြီး သင်ယူနေခဲ့ခြင်းက ထိရောက်သည် ဟု ဆိုရမည်။

'ယား!!'

'အရှင့်သား သတိထားပါ'

သူ ပြေးဝင် သွားသည် နှင့် ယောင်းလုက သူ့စိတ်ကို နှိုးဆွပေးနိုင်သော သတိပေးစကားကို ဆိုသည် ။ တစ်ဖက် ရန်သူမှ သူ့အား သတိပေးခြင်းကို သူမနှစ်သက်ပါ။ ထိုသို့ဆိုလျှင် သူက ပို၍ အေးစက်သွားတတ်သည် ။ ထိုအခါ ပိုပြီး ရက်စက်လိုသော သူ့စိတ်ထားကိုလည်း သူ မနှစ်သက်ပါ။

သူ့ထံမှ တည့်တည့်ထိုးလိုက်သော ဓားကို ယောင်းလုက မျက်နှာကို မော့ကာ ရှောင်တိမ်းလိုက်ပြီး သူ့အား ဓားဖြင့် ပြန်၍ ပက်သည် ။ ကမန်းကတန်း ရှောင်တိမ်းလိုက်ရခြင်းမှာ ယောင်းလု၏ တည်ငြိမ်နေမှုအရ သူနှင့် ယောင်းလု၏ တိုက်ခိုက်ရေး ပညာ တတ်မြောက်ခြင်း ကွာခြားချက်ကို တွေ့ရှိနိုင်သည် ။

သူက ရှောင်တိမ်း လိုက်ပြီးမှ ယောင်းလု၏ ရင်ဘတ်ကို လက်ဖနောင့်ဖြင့် တွန်းလိုက်သော်လည်း ယောင်းလုက သူ့ရင်ဘတ်ကို သူ့လက်သီးဖြင့် ပြန်လည် ကာကွယ်လိုက်တော့ သူ့လက်တွေ နာသွားကာ သူလည်း နှစ်လှမ်းခန့် ဆုတ်သွား၏။ နောက်တွင် မှ ယောင်းလုက သူ့အား အလစ်မပေးပဲ ဓားဖြင့် ရွယ်လိုက်သေးကာ လက်ညှိုးဖြင့် လက်မကို သုံးလျက် သူ့ရင်ဘတ်ကို တွန်းလွှတ် လိုက်သည် ။

လက်ညှိုးဖြင့် လက်မ ဆိုသော်လည်း ယောင်းလု၏ ဓားကို အသည်းအသန် ရှောင်တိမ်း၍ ဟန်ချက် မညီ ဖြစ်နေသော အချိန် ဖြစ်သဖြင့် အ

သာအယာ တွန်းလိုက်သော်လည်း သူ မြေပြင်ပေါ်သို့ ပက်လက်လှန်လျက် လှဲကျသွား၏။ ယောင်းလုက သူ့ကို မျက်နှာမကောင်းစွာ ကြည့်နေရာမှ လက်ကမ်း ပေးလိုက်တော့ ယောင်းလုအား မြေကြီးပေါ်သို့ လဲကျသွားအောင် ဆွဲချပစ်လိုက်ပြီး ထထိုင်လိုက်သည် ။ ပြီးမှ

'လူတော် တစ်ယောက်က တစ်ခုတည်း ပြီးပြည့်စုံ နေလို့ မရနိုင်ဘူးလို့ ငါမှတ်ထားဘူးတယ် မင်းက တိုက်ခိုက်ရေးမှာ ပြီးပြည့်စုံ လွန်းတယ် မင်းအတွက် ခေါင်းဆောင် လိုလာတဲ့ အချိန်မှာ ငါ့ကို သတိတရ ရှိလိုက်ပါ'

ပြောပြီးမှ ထိုနေရာမှ လှည့်ထွက် လာခဲ့မိတော့သည် ။ သေချာတာကတော့ ဘယ်လို နည်းလမ်းနှင့် ဖြစ်စေ ဒီ မြောင်ဒေသ စစ်ပွဲသို့ သူ လိုက်ပါမည် ဖြစ်ပြီး တောင်ပိုင်း စစ်သေနာပတိမှ သူ့အား အသိမှတ်ပြုလာရန် ကြိုးစားရပေမည်။

***

'ချန်ရှန်း မင်းသားက ဘယ်လိုလဲ'

လွီဖူမိဖုရားကြီးက ကျောင်းရန်ချီ မင်းသားငယ်၏ ဆရာ ဖြစ်သူအား ခေါ်မေးခြင်း ဖြစ်ပြီး ထိုဆရာအား ပျောင်းဒေသ ကျောင်းတစ်ကျောင်းမှ ခေါ်ယူထားခဲ့ခြင်းလည်း ဖြစ်သည် ။ သို့သော်

'မင်းသားရန်ချီက မိဖုရားကြီး ထင်ထားသလိုပဲ သင်ယူမှု လျင်မြန်တယ် တတ်မြောက်မှုက ခန့်မှန်းမရအောင် မြန်တယ် ဒါပေမဲ့ သူ့ရဲ့ လျင်မြန်မှုထက်ကို သူက ပိုပြီး လောနေတယ်'

'ဟုတ်တယ် ငါ အဲဒါကို စိတ်အပူဆုံးပဲ သူ သိပ်လောလွန်းတယ်'

'ယောင်းလုကို သူ့တစ်သက်လုံး တိုက်ခိုက်ရေးပဲ သင်ကြားပေးခဲ့တာမှာ မင်းသားရန်ချီကို ခြောက်လလောက် သင်ကြားပေး လိုက်တာမှာ မင်းသားရန်ချီက ယောင်းလု တစ်ဝက်လောက် ရောက်နေပြီ တကယ်လို့ ဒီထက် ပိုပြီးသာ တိုက်ခိုက်ရေးကို သင်ပေးလိုက်မယ် ဆိုရင် မင်းသားက ယောင်းလုကို မီလောက်တယ်'

'သင်ပေးဖို့ အချိန် မမီတော့ဘူး ချန်ရှန်း အခု မင်းကြီးရဲ့ ကျန်းမာရေး အရ ငါတို့ တော်ဝင်မိသားစု အရေးကို ကိုင်တွယ်နိုင်မယ့်သူ တစ်ဦး လိုအပ်နေပြီ မင်းကြီးက ဘယ်နေ့ ဆိုတာကို မခန့်မှန်း နိုင်ဘူး ပြီးတော့ ကန်းအော် သူက ကလေးလိုပဲ သူ့အစ်ကိုနဲ့ မတူဘူး'

'မိဖုရားကြီး ဆိုလိုချင်တာက'

'ဟုတ်တယ် တော်ဝင်မိသားစု အရေးနဲ့ နိုင်ငံရေးကို တည်ငြိမ်စေဖို့ ငါတို့ ရှောင်ချီကို လိုအပ်တယ် သူ့ကို သင်ကြားရေးထဲမှာ အချိန်တွေ အများကြီး ပေးဖို့ မရှိဘူး နောက်တစ်ပတ်ထဲမှာ စစ်ထွက်ဖို့ ကို သူ တောင်းဆိုထားတယ် ဒါပေမဲ့ မင်းကြီးက ငြင်းပယ်ခဲ့တယ် ဒါပေမဲ့ ကိစ္စ မရှိဘူး သူလည်း စစ်ထဲကို လိုက်ဖို့ နေရာတစ်ခု ကြိုးစားမှာ ပဲ ငါဒါကိုပဲ စောင့်ကြည့်နေတော့မယ်'

'ဒါပေမဲ့ မိဖုရားကြီး ကျောင်းရန်ချီ မင်းသားက အခုမှ ဆယ့်သုံးနှစ်ပဲ ရှိသေးတာ စစ်မြေပြင် ဆိုတာက'

လှီဖူ သက်ပြင်းတစ်ချက်ကို ညင်သာစွာ ချလိုက်ပြီး စားပွဲပေါ်တွင် တင်ထားသော ပန်းသီးစိတ်ကို လှမ်းယူလိုက်သည်။ ပြီးမှ

'တကယ်လို့ ဒီပန်းသီးသာ စောပြီး အရွယ်ကြီး လာမယ် ဆိုရင် မင်း

သူ့ကို စောစောခူးမလား နောက်ကျမှ ခူးမလား'

'ဒါက မိဖုရားကြီး စောစောခူးမှာ ပါ'

'ကောင်းပြီ မင်းပြောကြည့် ဒီပန်းသီး ချိုလား မချိုဘူးလား ဆိုတာ ကို မင်းဘယ်လို စမ်းသပ်မလဲ ခူးပြီး ခွဲကြည့်ဖို့ တော့ လိုတယ် မဟုတ်လား ချန်ရှန်း'

ထပ်ပြီး ပြောဖို့ စကားတွေ ထစ်အသွားပြီးမှ ချန်ရှန်းဆိုသည့် ပညာရှင်က ခေါင်းညိတ်လက်ခံသည် ။ ပြီးနောက်တွင် မှ

'မိဖုရားကြီး ပြောတာ အဓိပ္ပာယ် ရှိတယ်'

လွီဖူ အနည်းငယ် ပြုံးလိုက်ပြီးမှ သက်ပြင်း နောက်တစ်ကြိမ် ချ လိုက်မိသည် ။ ထိုင်ခုံတွင် ထိုင်နေရာမှ ထရပ်လိုက်ပြီး

'တကယ်လို့ သာ ပန်းသီးက မချိုခဲ့ရင် သူ့ကို ပန်းကန်ထဲမှာ ထားမလား ဒါမှ မဟုတ် ဒီလို'

'ဖတ်'

မိဖုရားကြီး လွီဖူ၏ လက်အတွင်းရှိ ပန်းသီးစိတ်လေးက တစ်ကိုက် မှ မကိုက်လိုက်ရသေးပဲ ကြမ်းခင်းပေါ်သို့ ကျရောက် သွားတော့၏။ မိဖုရားကြီးက နေရာတွင် ပြန်၍ ဝင်ထိုင်လိုက်ပြီးနောက်

'ဒါက နိုင်ငံရေးပဲ အသက်ငယ်တာ ကြီးတာတွေ ထက်ကို သူ့ရဲ့ စွမ်းဆောင်နိုင်မှုကပဲ အရေးကြီးတယ် ငါက ကန်းအော်ကို တကယ်ပဲ သားအရင်းလို သဘောထားတယ် ဒါပေမဲ့ ကန်းအော်က အခုထိ ငှက်ပစ်ဖို့ ကိုပဲ အထူးတလည် သင်ယူနေတုန်း ဆိုမှ တော့ ကန်းအော်ကို ငါ မစောင့်နိုင်ဘူး သူတို့ နှစ်ယောက်စလုံးက မင်းကြီးရဲ့ သားတွေပဲ ပိုပြီး ရင့်ကျက်သူ ပိုပြီး စွမ်းဆောင်နိုင်သူသာလျှင် မင်းကြီးရဲ့ ပလ္လင်နဲ့ ထိုက်

တန်တယ် ငါက မိန်းမသား ဒီအမတ်တွေက ဘယ်အချိန်အထိများ ကလေးမမွေးနိုင်တဲ့ မိန်းမကို ရှိသေနိုင်မလဲ'

မိဖုရားကြီး လှိုဖူက ပြောစကားကို ခေတ္တမျှ တန့်လိုက်ပြီးမှ ရေနွေးကို ငုံ့သည် ။ ပြီးလျှင်

'သူတို့ ငါ့ကို မနှင်ထုတ်ခင် ငါက အလိုက်သတိနဲ့ နေရာကို ဖယ်ပေးရမယ် အဲဒါမှ ငါလည်း ဣန္ဒြေရရ ပလ္လင်ပေါ်က ဆင်းနေနိုင်မယ် မဟုတ်လား ချန်ရှန်း'

'မိဖုရားကြီး ထက်မြက်လှပါတယ်'

'ပြီးတော့'

လှိုဖူ မိဖုရားကြီးက ရေနွေးကို ဖြည်းဖြည်းချင်း မှုတ်လိုက်ပြီးမှ လက်ဖြင့် ကွယ်ကာ တစ်ကျိုက် သောက်လိုက်သည် ။ ပြီးလျှင်

'တကယ်လို့ သာ နန်းတော်ရဲ့ အာဏာကို သင့်တင့်တဲ့ သူ တစ်ယောက်ယောက်ဆီ ရောက်သွားမယ် ဆိုရင် မင်းကြီးနဲ့ ငါ အေးအေးချမ်းချမ်းနဲ့ နေရာဒေသအနှံ့ကို သွားလို့ ရပြီလေ မင်းကြီးက တောခရီးမထွက်တာ ဒီလောက်ကြာနေပြီ ငါ သူ့ကို ခေါ်သွားချင်သေးတယ်'

'မိဖုရားကြီး ဆန္ဒတွေ ပြည့်မြောက်နိုင်မှာ ပါ'

'ကောင်းပြီ ဒါဆိုရင် ချန်ရှန်း မင်းကပဲ ရန်ချီကို စစ်ထွက်နိုင်ဖို့ ကူညီပေးလိုက်ပါ'

'မိဖုရားကြီး အမိန့်အတိုင်းပါ'

ချန်ရှန်းပညာရှင် ထွက်သွားပြီ ဆိုမှ အေးစက်နေပြီ ဖြစ်သည့် ရေနွေးခွက်ကို တစ်ချက် ငုံ့ကြည့်ကာ စိတ်ထဲမှာ မသက်မသာသလို ခံ

စားလိုက်ရ၏။

'မယ်တော်!! မယ်တော်!!'

သူမထံသို့ ပြေးလာသည့် သားတော် ကျောင်းကန်းအား လက်ကမ်း ကာ ကြိုလိုက်ပြီးမှ လက်အတွင်းရှိ ငှက်သေ နှစ်ကောင်ကြောင့် မျက်နှာ ပျက်သွားမိသည် ။ ပြီးမှ

'ကန်းအော် ဘယ်လိုဖြစ်လို့ ဒီငှက်တွေကို'

'သားတော် မယ်တော် အတွက် ငှက်ပစ်လာတာ'

'မင်း ဘာကိုမှ သေချာ သင်ယူဖို့ မကြိုးစားပဲနဲ့ တစ်ချိန်လုံး ဆော့က စားဖို့ ပဲ ကြိုးစားနေတာလား လာခဲ့!! ရေဇလုံ တစ်လုံးကို ရေအပြည့် ဖြ ည့်ခဲ့ကြစမ်း!!'

ထိုအခါတွင် မှ ကန်းအော်က မျက်နှာလေး ပျက်သွားလျက်ဖြင့်

'မယ်တော် သားတော် အမှားကို သိပါပြီ'

'သိပြီလား မင်း တစ်ရက် တစ်ရက် အခုလို ပြေးလွှားပြီး ဆော့နေမှာ လား မင်းက ဒီနိုင်ငံရဲ့ အိမ်ရှေ့မင်းသား သင်ယူမှု မရှိပဲ ပြေးလွှားနေ တာကို တခြားလူတွေ မြင်ရင် ဘယ်လို သတ်မှတ်မလဲ'

'သားတော်မှာ အစ်ကိုတော် ရှိတယ်လေ သားတော် အစား အစ်ကို တော်က သင်ယူပေးမယ်လို့ ပြောတယ်'

'ဘာ!! အဲဒါဆို မင်းကကော မင်းလည်း အသက်ကြီးလာမှာ ကန်း အော် မင်း အသက်ကြီးလာလို့ မင်းကို တခြားသူတွေက မရှိသေကြရင် မင်း ဘယ်လို နေမလဲ'

ကန်းအော်က မျက်လုံးလေး ပုတ်ခတ် ပုတ်ခတ်ဖြင့် သူမကို မော့ကြ

ည့် လာပြီးနောက်တွင်

'သားတော်ကို ဘယ်သူမှ မရှိသေတော့ရင် နန်းတော် အပြင်မှာ သွားနေမယ်'

ဟူသော စကားကို ကျေနပ်စွာ ဆိုလေသည်။ ဒါက ငယ်တဲ့ အရွယ်မို့ ပြောခြင်း ဖြစ်သော်လည်း နောင်တစ်ချိန် ညီအစ်ကိုနှစ်ဦး မသင့်မမြတ် ဖြစ်မှာ ကိုတော့ လွှီဖူ စိုးရိမ်မိလေသည်။

'ကန်းအော် သေချာမှတ်ထား နောင်တစ်ချိန်မှာ မင်း မင်းအစ်ကိုရဲ့ ကြိုးစားမှုတွေကို အသိမှတ်ပြုပေးရမယ် မင်းကြည့် သူက မင်းထက်ပိုပြီး ကြိုးစားတယ် မင်းကိုယ်စား သူက ကြိုးစားပေးနေတယ် အဲဒီလို အသိအမှတ်ပြု ပေးနိုင်ရမယ် ရန်ဖြစ်ပြီး ဘာမှ မလုရဘူး ကြားလား'

'အစ်ကိုတော်က သားတော်ရဲ့ တစ်ဦးတည်းသော အစ်ကိုတော်ပဲ သားတော် ကြိုက်တဲ့ မုန့်ဆိုရင် အစ်ကိုတော်က ဘယ်တော့မှ မစားဘူး သားတော်ကို ပေးတယ် ပြီးတော့ သားတော် လိုချင်တဲ့ အင်္ကျီတွေဆိုရင်လည်း မယူဘူး သားတော်ကို ပေးတယ် တစ်လောကလုံးမှာ အကောင်းဆုံး အစ်ကိုတော်ပဲ သားတော်က အစ်ကိုတော် လိုချင်တာ တစ်ခုခုအတွက်ကို သဘောထား ကြီးနိုင်ပါတယ်'

'ကောင်းပြီ အစ်ကိုတော်က မင်းအပေါ်မှာ အကောင်းဆုံး အစ်ကိုတော် ဆိုရင် မင်းကလည်း အကောင်းဆုံး ညီတော် ဖြစ်ပေးရမယ် နားလည်လား'

'ကန်းအော် နားလည်ပါပြီ'

ငှက်သေနှစ်ကောင်နှင့် ပျော်ရွှင်နေသော သားအငယ်က နောင်တစ်ချိန်မှာ ခမည်းတော်၏ အရိုက်အရာအတွက် အစ်ကိုတော်ကို ဆန့်ကျင်

မှာ လား၊ ဒါမှ မဟုတ် ဓားကိုင်၍ လေ့ကျင့်နေသော အစ်ကိုတော်က နောင်တစ်ချိန်မှာ ချစ်လှပါတယ် ဆိုတဲ့ ညီတော်ကို ထိခိုက်စေမှာ လား၊ အရာရာက ကံတရားအတိုင်း ဖြစ်လာမှာ ကို ငါက တားဆီးနိုင်မှာ လား အမ်းလွေ မင်းကတော့ သွားနှင့်လိုက်ပြီ။

***

(အပိုင်း-၇)

လေ့ကျင့်ရေးကွင်း၊ လေပြည်က ခပ်ပါးပါး တိုက်ခတ်နေ၏။ ပတ်ပတ်လည်တွင် မင်းသားတွေ အတွက် ပြင်ဆင်ထားသော တိုက်ခိုက်ရေးကွင်းမှန်း သိသာအောင် ပြင်ဆင်ထားမှုအရ ပန်းအိုးများ ပြင်ဆင်ထားခြင်းကြောင့် ပန်းရနံ့တွေက လှိုင်နေသည် ။ တိုက်ခိုက်ရေးအတွက် အသုံးပြုသော တိုက်ခိုက်ရေး လက်နက်များကို သတ္တုများ နှင့် သစ်သား ဖြင့် ပြုလုပ်ထားသော လက်နက်များ သီးသန့် ခွဲခြားထား၏။

'မင်းသား တကယ်လို့ စစ်ထွက်ဖို့ လိုက်ပါချင်တယ် ဆိုရင် တစ်ခု တော့ ရှိတယ်'

'ဆရာ ပြောကြည့်ပါ'

နောက်သုံးရက်ဆို စစ်ထွက်မည့် စစ်သည် များ အဆင်သင့် ဖြစ်နေသည့်တိုင် လိုက်ပါသွားဖို့ အခွင့်အရေး မရှိတာကို စိတ်ညစ်နေမိသော အခြေအနေမို့ အခုချိန်မှာ သူ စစ်ထွက်ဖို့ ကို ကူညီပေးနိုင်မည့် ဘယ်လိုနည်းလမ်းကို မဆို လိုက်လုပ်မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည် ။

ထို့ကြောင့် ဆရာက ပြောလာသည် နှင့် ချက်ချင်း ခေါင်းညိတ် လက်ခံလိုက်မိသည် ။

'ဒါပေမဲ့ မင်းသားရဲ့ မင်းသား ဆိုတဲ့ အဆောင်အယောင်ကို နန်းတော်မှာ ပဲ ချန်ထားခဲ့ရမယ်'

ထိုအတွက် ရန်ချီ ခဏတာမျှ တွေဝေ သွားပြီးနောက် ခေါင်းညိတ်လိုက်ကာ

'ကောင်းပြီ မင်းသား ဆိုတာကို ခဏတာ ထားရစ်ခဲ့တာက မင်းသား ဆိုတာထက် ကြီးမားတဲ့ အရာကို ရယူဖို့ ပဲ'

'မင်းသား ရှေ့တန်းကို စာပို့တဲ့ တပ်သားနေရာကနေ စစ်ထွက်တဲ့ နေရာကို သွားရမယ် ဒါမှ နန်းတော်တပ်မှာ အမှုထမ်းဖူးတဲ့ တပ်သားတွေက မင်းသားကို မသိနိုင်မှာ '

'ကောင်းပြီ စာပို့တပ်သား ဆိုတော့လည်း စာပို့ တပ်သားပဲပေါ့'

'စစ်တပ်က နောက်သုံးရက်ဆို လာမှာ ဆိုတာကို မင်းသား အရှေ့ပိုင်း မြောင်ဒေသအနီးက ဂူရှန်းတပ်မဆီကို သတင်းပေးပို့ရမယ် ဒီနေ့ပဲ မင်းသား သွားရမှာ '

'ဒီနေ့လား'

'ဟုတ်တယ် အချိန်မကျန်တော့ဘူး မိုးချုပ်တာနဲ့ သွားရမှာ မင်းသား အတွက် ယောင်းလုကို ထည့်ပေးလိုက်မယ်'

'ယောင်းလု'

'ဟုတ်တယ် ယောင်းလုကို ထည့်ပေးလိုက်မယ် မင်းသား လမ်းခရီးမှာ ဂရုစိုက်ပါ တကယ်လို့ ကံကောင်းလို့ စစ်ပွဲကနေ ပြန်လာနိုင်ရင် မင်းသားရဲ့ ဆရာ ထပ်ပြီး ဖြစ်ခွင့် ရချင်ပါသေးတယ်'

'ဆရာ့ကို ကျေးဇူးတင်ပါတယ် တကယ်လို့ ရှောင်ချီ နေရာတစ်ခုထိ အောင်မြင်ခဲ့ရင် ဆရာ့ကို မမေ့ပါဘူး'

'ဂရုစိုက်ပါ ယောင်းလု မင်းသားနဲ့ အတူသွားဖို့ ပြင်ဆင်ပါ ဒါက

မြောင်ဒေသကို သွားတဲ့ မြေပုံပါ'

နန်းဆောင် အတွင်းသို့ ဝင် လာပြီးမှ အဝတ်အစားတွေ ထည့်တော့ သူ ပြန်လာကတည်းက မကြည့်မိတော့သော သွေးစွန်းနေသည့် ဓားမြှောင်လေးကို ကိုင်လိုက်မိသည် ။ ဒီဓားမြှောင်လေးမှာ သူ့သွေးတွေ တစ်ဝက် စွန်းထင်းနေကာ တစ်ဝက်က ရှောင်နန်ရဲ့ လက်က သွေးတွေ ဖြစ်သည် ။

ပြောရလျှင် ဒီဓားပေါ်တွင် စွန်းထင်းနေသော သွေးတချို့က သူ့အသက်ကို ကယ်ဆယ်ဖို့ ရည်ရွယ်မှန်း သိသာနေသည် ။ ဒါကြောင့်ပဲ ဒီဓားမြှောင်လေးတွင် ပေကျံနေသော သွေးတွေကို ဆေးကြောဖို့ သူဘယ်တုန်းကမှ မတွေးတောခဲ့ဖူးပါ။

~ရှောင်နန် မင်းကကော ငါ့ကို ကယ်ဆယ်ဖို့ အပြစ်သင့်သေးလား ဒါမှ မဟုတ် ဒီလောကကြီးမှာ မင်းကော ရှင်သန်နေသေးလား~

အဝတ်တွေ ထည့်ပြီးတော့ မယ်တော်၏ နန်းဆောင်သို့ သွားဖို့ ပြင်လိုက်ပြီးမှ မသွားတော့ပဲ ပြန်လှည့်လာခဲ့သည် ။ ပြောရလျှင် နန်းတော်တွင်း မယ်တော်၏ အင်အားက သူ့ကို ကောင်းမွန်သော အထောက်အပံ့ ဖြစ်စေနိုင်သည် ။ သူ့လို ခမည်းတော် မျက်နှာသာ မရသော မင်းသားငယ် တစ်ပါးအတွက် မယ်တော်က သူ့ကို ကောင်းမွန်သော အင်အားကို ပေးနိုင်သည် ။ ဒါပေမဲ့ မယ်တော်က သူ့အတွက် အမေအရင်း မဖြစ်နိုင်ပေ။

မယ်တော် ထံသို့ သွားနေသော ခြေလှမ်းတွေကို နန်းဆောင်လမ်းမပေါ်မှာ တင် ရပ်လိုက်ပြီး ဦးညွှတ် အရိုသေပေးလိုက်ကာ နန်းတော်မြောက်တံခါးသို့ ဦးတည်လိုက်သည် ။

~မယ်တော် ရှောင်ချီ ပြန်လာရင် အခုထက်ပိုတဲ့ ရင့်ကျက်မှုတွေနဲ့ မ

ယ်တော် ထောက်ပံ့ပေးရမယ့် စစ်သည် တော် တစ်ဦး အဖြစ် ပြန်လာခဲ့ ပါ့မယ်~

***

မြောင်နန်းတွင်း အတွင်းရှိ လှပသေသပ်သော နန်းဆောင်၊ မွှေးပျံ့ နေသော မွှေးရနံ့များ နှင့် အခန်းတစ်ခုလုံး သင်းကြိုင်နေ၏။ ထိုအခန်း အတွင်းတွင် အနီရောင် စားပွဲဝိုင်း တစ်ခုအား လက်ရာမြောက်လှသော ပန်းပုဆရာတို့ မှ ပျောင်းနွဲ့စွာ ကပြနေဟန် မိန်းမငယ် တစ်ဦး၏ ပုံရိပ် အား ထွင်းထုထားသည် ။ ထိုထွင်းထုထားသော လက်ရာမြောက်လှ သည့် စားပွဲပေါ်တွင် ထပ်မံ၍ လက်ရာမြောက်လှသော ကြွေခွက်ငယ် အား တင်ထားလျက် နီရဲနေသော အသီးငယ်လေးများကို လင်ပန်းတွင် တင်ထားသေးသည် ။

ထိုအနီးတွင် တော့ လက်ရာမြောက်လှသည် ဟု ဆိုသော ကနေ သည့် မိန်းမငယ်ဟန် ပန်းပုထက်ကို သာ၍ ချောမောသော အသက် ဆယ့်ခုနစ်နှစ် အရွယ် မိန်းကလေး တစ်ဦးက အပ်နှင့်အပ်ချည်ကို ကျင် လည်စွာ ကိုင်လျက် လက်ကိုင်ပဝါ တစ်ထည်ကို ပန်းပွင့်ပုံဖော်ရင်း ထိုင် နေသည် ။

တစ်လောကလုံးတွင် အလှဆုံး မိန်းကလေး ဟူသော အမည်နာမကို ရယူပိုင်ဆိုင် ထားနိုင်သည့် မြောင်မင်းသမီး မြောင်ဝိန့်ရီက နူးညံ့သော လက်ချောင်းလေးများ ပျံကာ လွှားကာဖြင့် လက်ကိုင်ပဝါ အဖြူရောင် ပေါ်တွင် ပန်းပွင့်ပုံအား ပုံဖော်နေသည် ။ တစ်ချက် တစ်ချက်တွင် အသီး အနီလေးများကို ဖော့ဖယောင်းကဲ့သို့ လက်ချောင်းလေးဖြင့် နှိုက်ယူကာ

ချယ်ရီရောင် ကဲ့သို့သော နှုတ်ခမ်းအတွင်းသို့ ထည့်ကာ ညင်သာစွာ ဝါး နေသေး၏။

ပြေပြစ်သော နဖူးမှ ဆင်းကျနေသော ဆံယဉ်စလေးများ ရယ်၊ နီ ထွေးနေသော နှုတ်ခမ်းလွှာလေး နှစ်လွှာရယ်၊ ချွန်စင်းနေသော နှာတံ ပြေပြေလေးရယ်၊ သွယ်မယောင်နှင့် ဝိုင်းနေသော မျက်နှာလေးက တစ် လောလုံးမှာ အလှဆုံး ဟူသော ဂုဏ်ပုဒ်နှင့် ကိုက်ညီနေလေသည် ။

'မင်းသမီးလေး ဒီတစ်မနက်လုံး ပန်းထိုးနေတာ လက်တွေ ညောင်း နေမှာ ပေါ့'

အနားရှိ အပျိုတော် တစ်ဦးမှ သတိပေးစကား ဆိုတော့ ထို အပျိုတော်ကို လှမ်းကြည့်လိုက်သည့် မျက်လုံးဝိုင်းဝိုင်းလေးများက အစဉ်မြဲ ပြုံးနေသယောင် ထင်ရသည် အထိ ရွှန်းလဲ့နေ၏။ သွားတွေ ပေါ်အောင် ပြုံးရယ်လိုက်တော့ ညီညာဖြူဖွေးနေသော သွားများက ပုလဲ လုံးလေးများ စီတန်း ထားသလို လှပလွန်းလှသည် ။

'ငါ့အစ်ကိုက ဒီညနေမှာ ပြန်လာတော့မှာ ငါသူ့ကို တန်ဖိုးကြီးတဲ့ ပေးစရာ လက်ဆောင် မရှိဘူး တကယ်လို့ သာ ဒီပိုးပဝါကို ငါ့လက်နဲ့ အ နာခံပြီး လုပ်ထားတာကို သိရင် သူ သေချာပေါက် ကျေနပ်သွားမှာ လေ ချင်းရှင်း'

'ဒါပေမဲ့ မင်းသမီးလေး လက်တွေ နာနေပြီ မဟုတ်လား'

လက်တွေ နာနေပြီ မဟုတ်လား ဟူသော မေးခွန်းအား ဖြေကြားရန် မြောင်ဝိန့်ရီက သူမ၏ နူးညံ့သော လက်လေးကို အပေါ်သို့ မြှောက်ထော င်ကာ ကြည့်လိုက်သည် ။ လက်ကို ထောင်လိုက်၍ အဝတ်လစ်သွား သော လက်ဖျံလေးက ပန်းသွေးရောင် သန်းတဲ့ အထိ ဖြူဖွေးနေကော သွေးကြောစိမ်း လေးများကိုပင် မြင်တွေ့နေရသည် ။ ပြီးမှ ပြန်ချလိုက်ရ

င်း

'ဒီမနက်မှာ ငါ့လက်ကို အပ် တစ်ချက်မှ မစူးဘူး ငါ ပန်းထိုးတာ အခါတိုင်းထက် ပိုပြီး ကျွမ်းကျင်လာပါပြီ စိတ်မပူပါနဲ့ '

အနားရှိ အပျိုတော် ချင်းရှင်းက မြောင်ဝိန့်ရီ၏ လက်ကလေးကို လှမ်းကိုင်လိုက်ပြီးမှ လစ်သွားသော အဝတ်ကို ပြန်လည် အုပ်ပေးလိုက်သည် ။

'မင်းသမီးလေး မွေးလာကတည်းက ဒီ ကန်သာ နန်းဆောင်ကနေ ထွက်ခွင့် မရှိဘူး မင်းသမီးက တစ်လောကလုံးမှာ အလှဆုံး မိန်းကလေး ပြီးတော့ တစ်လောကလုံးမှာ ဘုန်းတန်ခိုး အကြီးဆုံး ယောကျ်ားလေးနဲ့ သာ ဆုံစည်းခွင့် ရှိသူ အဖြစ်နဲ့ နေလာရတာ အခုလို အဝတ်လစ်သွားအောင် နမောနမဲ့ မလုပ်သင့်ဘူး'

ချင်းရှင်း ပြောချင်တာကို ဝိန့်ရီ နားလည်သည် ။ သူမသည် နူးညံ့သော သိမ်မွေ့သော ကြန့်ကြီးသော မင်းသမီး တစ်ပါး ဖြစ်သည့် အတွက် လက်ဖျားမှ စ၍ ခြေဖျားထိ အဝတ်မလစ်အောင် နေထိုင်ရသူ ဖြစ်သည် ။

'ချင်းရှင်း ငါက ဒီ ကန်သာနန်းဆောင် ကနေ ထွက်ခွင့် မရှိဘူးဆိုရင် တစ်လောကလုံးက ဘုန်းတန်ခိုး အကြီးဆုံး ယောကျ်ားလေးကို တွေ့ဆုံခွင့် ရမှာ မဟုတ်ဘူး '

ထိုသို့ ပြောလိုက်တော့ ချင်းရှင်း မျက်နှာလေး ပျက်သွား၏။ သို့သော် ဘာမှ မဖြစ်ပါဘူး ဆိုသည့် သဘောနှင့် ခေါင်းလေးကို မော့လိုက်သေးကာ

'အဲဒီ ယောကျ်ားလေးက မင်းသမီးလေး ဆီကို ခစားဖို့ ရောက်လာ

မှာ ပါ မပူပါနဲ့ '

'သူက ငါ့ကို ခစားရပြီ ဆိုမှ တော့ သူက ဘယ်လိုလုပ်ပြီးတော့ ဘုန်းတန်ခိုး အကြီးဆုံး ဖြစ်တော့မှာ လဲ ထားလိုက်ပါတော့ ငါ့အစ်ကိုတော်လာ တော့ မှာ ဒီလက်ကိုင်ပဝါကို ကျောက်တွေ စီခြယ်ပြီးရင် ပြီးပါပြီ အပြီးသတ်လိုက်မယ်'

လက်ကိုင်ပဝါကို စိတ်ပါဝင်စားစွာ အပြီးသတ်လိုက်ပြီးမှ ညောင်းညာသွားမှုကို ခါးလေးကော့ ခေါင်းလေးမော့ ရုံသာ ဖြေဖျောက်လိုက်ရသည် ။ လက်တွေ ဆန့်တန်းပြီး အညောင်းဖြေဖို့ ကို သူမ မတတ်နိုင်ပါ။ မင်းသမီး တစ်ပါးအနေနှင့် မသင့်လျော်သော အပြုအမူတွေကို မပြုလုပ်ဖို့ ငယ်စဉ်ကတည်းက သင်ကြားခဲ့ရသည် ။

မင်းသမီးတစ်ပါးသည် နူးညံ့သော အပြုအမူကိုသာ ပြုလုပ်ရမည်။ သိမ်မွေ့သော စကားများကိုသာ ဆိုရမည်။ မင်းသမီးအနေနှင့် မလျော်ကန်သော အပြုအမူ အနည်းငယ်ကိုမျှပင် မပြုလုပ်ခဲ့ဖူးပေ။ ဒါက မြောင်တိုင်းပြည်မှ မင်းသမီးတိုင်း ထိုသို့သာ ပြုမူနေထိုင်ရသည် ။ နန်းဆောင်အပြင်သို့ ထွက်၍ နန်းတော်အတွင်း လှည့်လည်သွားလျှင်တောင် ပဝါပါး ခံထားသော ခေါင်းဆောင်းကို ဆောင်းထားရပြီး မြောင်ဝိန့်ရီ၏ မျက်နှာအား နန်းတော်စောင့်တွေ မြင်ရန်ကိုပင် ခွင့်မပြုခဲ့ရပေ။

နေသားတကျ ရှိပြီးသားဟု ထင်ရသော်လည်း ဒီဘဝကြီးက ငြီးငွေ့ဖွယ် ကောင်းသည် ဟု ထင်မြင်မိသည် ။ သို့သော် မွေးလာကတည်းက တော်ဝင်မင်းသမီး တစ်ပါးအနေနှင့် မွေးဖွားလာခြင်းအရ သူမသည် ထိုသို့သာ သေဆုံးရမည်လားပင် မသိတော့ပေ။

'မင်းသမီးလေး မင်းသား မြောင်ခွမ့် လာပါပြီ'

'အစ်ကိုတော် ရောက်ပြီလား'

ထိုင်နေရာမှ ဝမ်းသာအားရ ထလိုက်သော်လည်း ငယ်စဉ်ကတည်းက ပြေးလွှားဖို့ ကန့်သတ်ခံထားရသည် ဖြစ်ရာ ခြေဖမိုးမပေါ်အောင် လမ်းလျှောက်ပြီး နန်းဆောင် အဝသို့တိုင် အစ်ကိုတော်အား ကြိုဆိုမိသည် ။

မြောင်ခွမ့်က သိမ်မွေ့စွာ လှမ်းလာသော ညီမတော်အား တွေ့သည်နှင့် ညီမငယ် အနီးသို့ လျင်မြန်စွာ လှမ်းပြီး ညီမငယ်၏ ခြေလှမ်းတို့ ကို တန့်ရပ်စေသည် ။ ဒီညီမလေးက ဘယ်လောက် သိမ့်မွေ့ နူးညံ့တယ် ဆိုတာကို နားလည်လို့ ဖြစ်သည် ။

'ညီမလေး ရီအော် ဒီတစ်ခါ နန်းတော် ပြန်လာတာမှာ အစ်ကိုတော်က ညီမလေးအတွက် ဘာယူလာလဲ မှန်းကြည့်'

ဝိန့်ရီက အစ်ကိုတော်၏ အမေးစကားကို ကျောခိုင်းလိုက်ပြီးမှ ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သေးလျက်

'အဲဒီအရာက ရတနာနဲ့ စီခြယ်ထားတဲ့ အရာတစ်ခုခုပဲ နေပါလိမ့်မယ် ချင်းရှင်း သိမ်းထားလိုက်ပါ'

မြောင်ခွမ့်က ဝိန့်ရီ၏ အရှေ့သို့ သွားလိုက်ကာ လက်ကလေးကို မယူလိုက်ပြီးမှ

'ရတနာနဲ့ စီခြယ်ထားတာ မဟုတ်ဘူး ဒီတစ်ခါ အစ်ကိုတော် နယ်စပ်မှာ အမဲလိုက်သွားတော့ ကျောင်းတိုင်းပြည်က ဦးရီးတော်သုံးနဲ့ စကားပြောဆိုခွင့် ရခဲ့တယ်'

'ဦးရီးတော်သုံး သူက မြောင်ဒေသနဲ့ ဆက်စပ်နေတဲ့ နယ်ကို အပိုင်စားရထားတာ မဟုတ်လား'

'သေချာတာပေါ့ ဝိန့်ရီ ညီမလေးက ဗဟု သုတနဲ့ ပြည့်စုံပါပေတယ်'

'ဆက်ပြောလေ'

ဝိန့်ရီက စားပွဲပေါ်မှာ တင်ထားသော ရေနွေးခွက်ကို အစ်ကိုတော် မြောင်ခွမ့်၏ လက်အတွင်းသို့ ထည့်ပေးလိုက်ပြီးမှ မေးတော့ မြောင်ခွမ့်က ရေနွေးခွက်ကို စားပွဲပေါ်သို့ တင်လိုက်ပြီး

'ကျောင်း ပျောင်း ထျောင် ပြီးတော့ မြောင် တိုင်းပြည်လေးခုမှာ ကျောင်းပြည်နယ်က အင်အား ကြီးမားတယ် လက်ရှိ ကျောင်းပြည်နယ်ရဲ့ အုပ်ချုပ်ရေးကို ထျောင်တိုင်းပြည်က မင်းသမီးက အုပ်ချုပ်နေတယ် ဆိုတော့ ထျောင်တိုင်းပြည်က အန္တရာယ် ကင်းနိုင်ပေမဲ့ မြောင်က အနည်းနဲ့ အများ အန္တရာယ် ရှိနိုင်တယ် ပိုဆိုးတာက ကျောင်းမင်းကြီးက မကျန်းမာဘူး သားတော် နှစ်ပါးက အရွယ်မရောက်သေးဘူး ညီအစ်ကို တွေထဲက ဘယ်သူက နန်းတက်နိုင်မလဲ မသိဘူး ငါတို့ အားလုံးနဲ့ ရင်းနှီးအောင် နေတာ အကောင်းဆုံးပဲ'

'ကျောင်းတိုင်းပြည်က အိမ်ရှေ့မင်းသားက ပညာမသင်ယူဘူးလို့ ကြားတယ် ရယ်စရာ ဖြစ်မနေဘူးလား'

'ဟုတ်တယ် ဒါပေမဲ့ သူက အခုမှ ဆယ်နှစ်ပဲ ရှိသေးတော့ ငယ်သေး တယ်လေ'

မြောင်မင်းသား မြောင်ခွမ့်က ထိုသို့ ပြောတော့

'ကျောင်းတိုင်းပြည်က အိမ်ရှေ့မင်းသား ကျောင်းကန်းက ကလေးငယ်လေးပဲ ဖြစ်တုန်း ဆိုတော့ အမတ်တွေက မကျန်းမာတဲ့ ဘုရင်နဲ့ အဆော့မက်တဲ့ အိမ်ရှေ့မင်းသား သူတို့ အာဏာသက်ရောက်မှု အားနည်းသွားပြီ ဒါပေမဲ့ သူတို့ နန်းတွင်းမှ ထက်မြတ်တဲ့ မိဖုရား လွှီဖူ ရှိနေသ၍ နန်းတွင်းရေးကို ဘယ်သူမှ ဝင်ပြီး စွက်ဖက်လို့ ရမှာ မဟုတ်ဘူး '

'ရိုး! ညီမလေး မင်းက ဒီကန်သာ နန်းဆောင်ထဲမှာ နေလို့ သာ တော်တော့တယ် မဟုတ်ရင် မင်းတော့ မြောင်ဒေသကို အုပ်ချုပ်တဲ့ ဘုရင်မဖြစ် လာလောက်တယ် သိလှချည်လား'

'နေ့စဉ် နေ့တိုင်း တခြား တိုင်းတစ်ပါးရဲ့ အကြောင်းအရာတွေကို စုံစမ်းရုံကလွဲပြီး ညီမလေးမှာ ဘာ အလုပ်မှ မရှိဘူးလေ ဒါနဲ့ အခုထိ လက်ဆောင်ကို မမြင်ရသေးဘူးနော်'

'မင်းအတွက် အပြင်းပြေအောင်လို့ ဒီ အစ်ကိုက သိမ်းငှက် တစ်ကောင် ယူလာပေးတာ'

'သိမ်းငှက် ဟုတ်လား စိတ်ဝင်စားစရာပဲ ဒါပေမဲ့ ဒါကို ညီမလေး ထိန်းကျောင်းနိုင်မယ် မထင်ဘူး သိမ်းငှက်တွေက ကြမ်းတမ်းတယ် မဟုတ်လား'

မြောင်ခွမ့်က ဝိန်နီ့ရဲ့ စိုးရိမ်သွားတာလေးကို ခေါင်းမော့ကာ ရယ်မောလိုက်ပြီးမှ

'အဟက် ဟား ဟား ဝိန်နီ့ရဲ့ ဒီကြမ်းတမ်းတဲ့ သိမ်းငှက်မှာ လည်း ထိန်းချုပ်တဲ့ နည်းလမ်း ရှိမှာ ပါပဲ ကျွမ်းကျင်ဖို့ ပဲ လိုတာပါ'

'ဒါပေမဲ့ အဲဒါကို ညီမလေး တတ်မြောက်ချင်မှ တတ်မြောက်မှာ လေ'

'မလိုဘူး မင်းက တော်ဝင်မင်းသမီးပဲ မင်းအတွက် ထိန်းကျောင်းပေးမယ့်သူ ရှိအောင် စီစဉ် ထားပြီးသား'

'ဒီတစ်ကြိမ်တော့ အစ်ကို့ကို ကျေးဇူးတင်ပါတယ်'

'ဟူး!! ကျေးဇူးတင်ပါတယ် ဆိုတဲ့ စကားတစ်ခွန်း ရဖို့ မနည်း ကြိုးစားလိုက်ရတယ်'

ထိုသို့ ခပ်တိုးတိုး ရေရွတ်ပြောဆို လိုက်ပြီး နဖူးပေါ်သို့ ဝဲကျလာသော ဆံပင် ခွေခွေလေးတွေကို ပင့်တင်ရင်း ဆိုနေသော အစ်ကိုတော်ကို တစ်ချက်မျှ စောင်းကြည့်ကာ ဝိန့်ရှီ ပဝါဖြင့် လက်ကို အုပ်လျက် ရယ်လိုက်မိသည် ။

'အစ်ကိုတော် ကြားလိုရင် အမြဲတမ်း ကြားစေပ့ါမယ်'

'မလိုပါဘူး ဟေ့!! ငါ့လှည်းထဲက လှောင်ချိုင့်ကို သွားယူလာခဲ့ သွားမြန်မြန်'

အစ်ကိုတော်က သူ့အစေခံ မိန်းကလေး တစ်ဦးအား စေခိုင်းလိုက်တော့ ထိုအစေခံက လျင်မြန်စွာ ထွက်သွားပြီး ပြန်ရောက်လာတော့ အတော် အတန် ကြီးမားသော လှောင်ချိုင့်ကို အေးဆေး သက်သာစွာ မယူလာ၏။

'အားရှန်!! ဒီတစ်ခါ ခရီး ထွက်ပြီး ပြန်လာတာ ဘယ်လိုနေလဲ ပျော်စရာ ကောင်းလား'

အစ်ကိုတော် မြောင်ခွမ့်၏ အနီးကပ် မိန်းကလေး ကိုယ်ရံတော်အား ဝိန့်ရှီ အားကျစွာ မေးလိုက်မိသည် ။ အားရှန်က အစ်ကိုတော်အား တစ်ချက်မျှ လှမ်းကြည့်လိုက်ကာ

'ဒီတစ်ကြိမ် အနောက်ပိုင်းကို ခရီးထွက်တာမှာ မင်းသားကနယ်ခြားထိ ရောက်သွားတော့ ကံကောင်းစွာနဲ့ လွတ်မြောက်လာတာပါ မင်းသမီးလေး'

'အားရှန်!! မင်း ဘယ်တုန်းက ဒီလောက် စကားများ သွားတာလဲ သွားတော့ သွား!!'

'မသွားနဲ့ '

'တောင်းပန်ပါတယ် မင်းသမီးလေး'

အားရှန်က အစ်ကိုတော်၏ အိမ်တော်က တိုက်ခိုက်ရေး အကျွမ်းကျင်ဆုံး ဖြစ်ပြီး သန်မာသော မိန်းကလေးဟု ဆိုလျှင်လည်း မမှားပေ။ သို့သော် အားရှန်က အစ်ကိုတော်၏ စကားကိုသာ နာခံတတ်သူ ဖြစ်ပြီး ခမည်းတော်က အမိန့်ပေးလျှင်တောင် အစ်ကိုတော်၏ မျက်နှာကိုသာ အရင်ဆုံး လှမ်းကြည့်ကာ အရိပ်အကဲ ကြည့်တတ်သော သစ္စာရှိ အစေခံ ဖြစ်သည် ။

ဝိန့်ရီ တားဆီး လိုက်သော်လည်း အားရှန်က အစ်ကိုတော်၏ စကား အတိုင်း သူမအား ကျောခိုင်းကာ တောင်းပန်စကား ဆိုလျက် ထွက်ခွာ သွားပြီ ဖြစ်သည် ။

'အစ်ကိုတော် ခမည်းတော်က အစ်ကိုတော် လုပ်ဆောင်မှုတွေကို မနှစ်မြို့ဘူးလို့ ဟိုတစ်နေ့က မယ်တော်က လာပြီး သတိပေး ပြောဆိုသွားတယ်'

'မင်းစိတ်ချပါ ခမည်းတော်က ဒီသားတစ်ယောက်တည်း ရှိတာ အသေတော့ မသတ်လောက်ပါဘူး'

'ဘယ်လိုပဲ ဖြစ်ဖြစ် သတိထားတာ အကောင်းဆုံးပဲ'

'ကောင်းပါပြီ မင်းသမီးလေး'

ဝိန့်ရီက သတိပေး စကားဆိုလိုက်တာကို အစ်ကိုတော်က သူမအား နောက်ပြောင်လိုသော ဟန်ပန်ဖြင့် လက်နှစ်ဖက်ကို ရင်ဘတ်တွင် ယှက်လိုက်ကာ ခါးကို တစ်ဝက်ကျအောင် ကိုင်းညွတ်ပြီး ညာခြေကို ရှေ့သို့ ထိုးလျက် လွန်စွာ ရိုကျိုးသော အပြုအမူဖြင့် အရိုအသေပေးသည် ။

သူမအား နောက်ပြောင်နေသော အစ်ကိုတော်အား လာမှ မပြောလို

တော့ပဲ မျက်စောင်းတစ်ချက်သာ ထိုးလိုက်ပြီး ရတနာများ ဖြင့် စီခြယ်ထားသော ပဝါအား ကမ်းပေးလိုက်သည် ။

'ဒါက ဒီနေ့အတွက် ညီမတော်ရဲ့ လက်ဆောင်ပဲ ဒီတစ်ကြိမ်က ဒီပဝါမှာ ပျောင်းဒေသနဲ့ နီးစပ်တဲ့ ဒေသက ဆက်သထားတဲ့ ကျောက်မျက်နဲ့ သီထိုးထားတာ တန်ဖိုးကြီးတယ်'

'ငါ့ညီမတော် မင်းသမီးရဲ့ လက်နဲ့ သေချာ ထိုးထားတဲ့ ဒီပဝါက သေချာပေါက် တန်ဖိုးကြီးမှာ ဆိုတာ သိပြီးသားပါ အစ်ကိုတော် သွားတော့မယ်'

အစ်ကိုတော် ထွက်သွားပြီဆိုမှ လှောင်အိမ်တွင် အဝတ်နီဖြင့် အုပ်ဆိုင်း ထားသော သိမ်းငှက်အား အဝတ်နီကို ဖယ်ရှားကာ ကြည့်လိုက်သည် ။ သိမ်းငှက်က ငြိမ်သက်စွာဖြင့် ဝိန့်ရီအား စူးစိုက်ကြည့်နေသည် ။ ဝိန့်ရီ တစ်ချက် စိမ့်ခနဲ ကြောက်ရွံ့ သွားမိပြီး

'ချင်းရှင်း ဒီသိမ်းငှက်ကို ယူသွားပါစေ'

'ဟုတ်ကဲ့ပါ မင်းသမီးလေး'

***

'ယောင်းလု ငါတို့ မနက်ဖြန်ဆို အရှေ့ပိုင်း စစ်တပ်ကို ရောက်ပြီ'

ရေဘူးကို မော့သောက်ရင်း ပြောလိုက်သော ရန်ချီ၏ စကားကို ယောင်းလုက တစ်ချက်သာ ခေါင်းဆတ်ပြပြီး အသိအမှတ်ပြုသည် ။ ပြီးတော့မှ သူပစ်ပေးလိုက်သော ရေဘူးကို ဖမ်းယူလိုက်ပြီး

'မင်းသား အထူးသတိထားသင့်တယ် မင်းသားကို ဘယ်သူမှ မင်းသားတစ်ပါးလို့ ဆက်ဆံမှာ မဟုတ်ဘူး အခုလို စစ်ဖြစ်ကာလဆို ပိုပြီးတော့တောင် သတိထားသင့်သေးတယ် အချိန်မရွေး သတ်ပစ်နိုင်တယ်'

'ငါသိတယ် သွားမယ်!! မနက်ဖြန် မိုးသောက်တာနဲ့ စစ်စခန်းကို အရောက် သွားချင်တယ်'

'ကျား!!'

'ခွပ် ခွပ် ခွပ် ခွပ်'

လူကို ကြည့်လိုက်လျှင် ဖြူဖြူ နွဲ့နွဲ့လေး လိုလိုနှင့် ပြင်းထန်သော လေကျင့်မှုတွေကို ခံနိုင်ရည် ရှိသော ဒီမင်းသားကို ယောင်းလု မလေးစားလို့ မရပါ။ အဆက်မပြတ် လေ့လာမှုကို ဒီမင်းသားသာလျှင် ပြုလုပ်နိုင်မည်ဟု ဆရာချန်ရှန့်က ပြောကြားဖူးသည် ။ နေ့လယ်ခင်းမှာ ပြင်းထန်သော လေ့ကျင့်မှုကို ပြုလုပ်သည် ။ ညပိုင်းမှာ မီးထွန်းလျက် လမ်းလျှောက်ကာ စာပေသင်ကြားမှုကို ပြုလုပ်သည် ။ ပြီးလျှင် လက်လှမ်းမီသမျှ အမတ်မင်းတို့ နှင့် ဆွေးနွေးခြင်းကို ပြုလုပ်သေး၏။ အချိန်အတော်ကြာ မြင်းစီး လာပြီးနောက် ညနေစောင်းတွင် တောင်ကုန်းလေး ပေါ်သို့ လှမ်းအတက်၌

'ရှီး!!'

'ဝိုး!! ရှပ်!!'

'ဒုတ် ဒုတ် ဒုတ်  ဒုတ်' (မြားများ မြေကြီးပေါ်တွင် ပစ်စိုက်သွားသံ)

မြားတွေကို ကမန်းကတန်း ရှောင်လိုက်ရ၍ မြင်းဇက်ကို အတင်းဆွဲလိုက်ရရာ မြင်းက ပတတ်ရပ်၍ ပြင်းစွာ ဟီလေသည် ။

'ဟီး ဟီး ဟီး ဟီး'

ယောင်းလုက မြင်းပေါ်မှ နေ၍ အသင့် အနေအထားဖြင့် လွယ်ထားသည့် ဓားကို ထုတ်လိုက်သည် ။ ယောင်းလု၏ အမူအရာကို ကြည့်ကာ သစ်ပင်တွေ ပေါ်မှ ခုန်ဆင်းလာသော မြားသမားများက လက်ညှိုးထိုး ရယ်မောကြသည် ။

'ဟား ဟား ဟား ကြည့်ပါဦး ကလေးက ကလေးလို မနေပဲ ဓားတောင် ထုတ်လိုက်သေးတယ် ဟား ဟား'

'သူ့ဓားက အစစ်ကော ဟုတ်ရဲ့ လား သေချာကြည့်စမ်းပါ ဟား ဟား '

'ငါ့အထင်တော့ သူ့အမေ အိမ်မှာ သုံးတဲ့ မီးဖိုချောင်သုံးဓားလို့ ပဲ ထင်ပါတယ်'

စတည်းက ယဥ်သကို ဆိုသလို ဖြစ်နေတာကို ရန်ချီ သဘောတကျ ဖြစ်သွားမိ၏။ သို့သော် ယောင်းလုက တည်ငြိမ်စွာသာ ကြည့်နေသည် ။ သူ့လက်ထဲက ဓားက သူ့မျက်လုံးတွေနှင့် အပြိုင်စူးရဲနေ၏။

သူ့ကို လှောင်ပြောင်နေကြသူတွေအား ယောင်းလုက မေးရိုးတစ်ချက် တင်းခနဲ ဖြစ်သွားရုံသာ ဒေါသထွက်ဟန်ကို ပြသည် ။ ဒါပေမဲ့ တခြားသော သူတွေက သူ့ကို ပို၍ ပင် ရယ်မောကြ၏။ ယောင်းလုက တည်ငြိမ်လေ တိုက်ခိုက်မှု ပုံစံ ပြင်းထန်လေ ဆိုတာကို ရန်ချီ နားလည်နေသည် ။ သို့သော် တခြားသူတွေက နားမလည်ပဲ ရယ်မောနေကြသေး၏။

'ငါတို့ က စစ်စခန်းကို အသစ်လာတဲ့ ရှေ့ပြေး တပ်သားတွေပါ ညီအစ်ကို အချင်းချင်း မစနောက်သင့်ဘူး'

ရန်ချီ ထို့သို့ ပြောလိုက်ခါမှ ထိုအစနောက်သန် ဟန် ရှိသော စစ်သား

များက ပို၍ ရယ်မောကြတော့၏။

'မင်းတို့ ကလေးတွေ အမေနားမှာ ငိုကြွေးရမယ့် အရွယ်မှာ ဘယ်လို လုပ် စစ်စခန်းကို လာနေနိုင်မှာ တဲ့ လဲ ညီအစ်ကိုချင်းချင်း ဆိုပါလား က လေးတွေကများ ဟား ဟား ဟား'

'မင်းတို့ ငါးယောက် တပ်သားအဖြစ် လေ့ကျင့်ထားတာ ဘယ်လောက်ကြာပြီလဲ'

'ကလေးကများ လာမေးနေတယ် ဒီကောင်လေးတွေ ငါတို့ ပညာမ ပြရင် ငါတို့ ကို မလေးစားပဲ နေလိမ့်မယ်'

'မင်းက ဘာလုပ်ချင်လို့ ဒီမေးခွန်း မေးရတာလဲ ငါတို့ စစ်တိုက်လာ တာ ငါးနှစ် ရှိပြီကွ နားလည်လား'

စစ်တိုက်တာ ငါးနှစ် ဆိုရင် ရန်ချီ လေ့လာထားမှု အရ စစ်မချီခင်မှ သုံးနှစ်ခန့် အနည်းဆုံး စစ်ရေး တိုက်ခိုက်ရေးကို လေ့ကျင့်စေရသည် ။ ကျောင်းတပ်မဟာက ထိုသို့ စည်းမျဉ်းအကြောင်းကို စစ်စခန်းသို့ မ ထွက်လာခင် ကတည်းက သိနှင့်ပြီး ဖြစ်၏။ တချို့သော တပ်သားများ ကိုတော့ လိုအပ်ချက်အရ ဆင့်ခေါ်ရခြင်းကြောင့် လေ့ကျင့်မှု မပြုလုပ်ပဲ ခေါ်ဆောင်သွားကာ စစ်တိုက်ရင်းနှင့်မှ တိုက်ခိုက်ရေးနှင့် လိုအပ်သော ဗျူဟာကို သင်ကြားပေးခြင်း ဖြစ်ကြောင်းလည်း သိသည် ။

ဒီစစ်သားတွေ ကြည့်ရတာ နောက်ပြောင်လိုခြင်း ဖြစ်သော်လည်း တိုက်ရည် ခိုက်ရည်က ရဲဝံ့မည် မို့လို့ သာ ဒီလို နေရာတွင် လွတ်လွတ် စွာ စနောက် နေနိုင်ခြင်း ဖြစ်လိမ့်မည်။ သူတို့ ၏ အဆင့်သည် လည်း နိမ့်မှာ မဟုတ်တာကို အကဲခတ်ရင်း နားလည် လိုက်သည် ။ ထို့ကြောင့် ရင်းနှီးအောင် သူတို့ အလိုအတိုင်း အစနောက် ခံယူလိုက်ဖို့ ကို တွေးလို က်၏။

'ခင်ဗျားတို့ က ကလေးတွေ စနောက်နေသလို စနောက် နေပေမဲ့ ကျွန်တော်တို့ က စစ်မှုထမ်းဖို့ လာတာ ဆိုတော့ လေးစားမှု မရှိဘူးလို့ ပဲ သတ်မှတ်မိတယ်'

'ဟား ဟား ဟား လေးစားမှု လေးစားမှု ဆိုပါလား ဟန်ကွမ်း ဧကက်ကလေးက လေးစားမှုကို ထည့်ပြောနေတယ်'

ပြောလေ ဆိုးလေ ဖြစ်နေသော ဒီတပ်သားတွေကို ရန်ချီ တိတ်ဆိတ်စွာသာ ကြည့်နေလိုက်တော့သည် ။ ပြီးနောက်တွင် မှ ယောင်းလုအား မျက်ရိပ်ပြလိုက်တော့ ယောင်းလုက မြင်းပေါ်မှ ထရပ်လိုက်ကာ ဓားကို ဝင့်လိုက်၏။

'ကောင်စုတ်လေးတွေ တကယ် တိုက်မှာ ပေ့ါလေ ကြည့်ရသေးတာ ပေ့ါကွာ'

ထိုဟန်ကွမ်း ဆိုသော တပ်သားက သူ့လက်ထဲမှာ ကိုင်ထားသော ဓားမောက်ဖြင့် ယောင်းလု၏ မြင်းကို ပြေးခုတ်သည် ။ ယောင်းလုက မြင်းကို ပတတ်ရပ်အောင် ဇက်ကြိုးကို ဆွဲလိုက်ပြီး ခြေထောက်ကို မြင်း၏ လည်ပင်းတွင် ချိတ်လိုက်ပြီး ဟန်ကွမ်း၏ ပခုံးကို ဓားဖြင့် ရွယ်လိုက်ရာ ရန်ချီ မနေသာတော့ပဲ

'ယောင်းလု မင်း သူတို့ ကို မထိခိုက်စေနဲ့ !!'

'ဟိတ်!!'

သူအော်လိုက်တော့ သူ့အနားသို့ တခြား တစ်ယောက်က ကပ် လာပြီး ဓားဖြင့် ပိုင်းသည် ။ သူ ကမန်းကတန်း ရှောင်လိုက်ရပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်ရတော့၏။ မြင်းကို ထိခိုက်မိမည် စိုးကာ တင်ပါးကို ခြေဖျားနှင့် ပိတ်ကန်ပေးလိုက်တော့ မြင်းက လျင်မြန်စွာ ပြေးသွားတော့

၏။

'ဟီး ဟီး ဟီး'

သူ့ထံသို့ ဓားဖြင့် ချိန်ရွယ်ကာ တိုးကပ် လာပြီး လေထဲတွင် ပင် ဓားကို လှည့်လိုက်တော့ မျက်စိအတွင်းတွင် ဓားရိပ်နှင့် ဓားက ရောထွေးသွား၏။ ကမန်းကတန်း ခေါင်းမော့ကာ ရှောင်ရပြန်သည် ။ တစ်ဦးချင်းစီကို တစ်ယောက်ချင်း တိုက်ခိုက်နေကြသော်လည်း ကျန်သော သုံးဦးက လက်ပိုက်လျက် သစ်ပင်တွင် မှီကာ သူတို့ တိုက်ခိုက်တာကို ကြည့်နေကြသည် ။ ဝင်၍ မတိုက်ခိုက်ပဲ အေးအေးလူလူ ကြည့်နေကြ၏။

ရန်ချီ စိတ်မရှည်နိုင်တော့ပဲ တိုက်ခိုက်နေသမျှကို ရပ်လိုက်တော့ သူနှင့် တိုက်ခိုက်နေသူ၏ ဓားသည် သူ၏ လည်ပင်းနားတွင် တန့်ရပ်သွား၏။ ပြီးမှ ထိုလူက

'မင်းက ဘာလို့ မတိုက်ခိုက်တော့တာလဲ'

'ခင်ဗျားတို့ နဲ့ တိုက်ခိုက်လို့ အနိုင်ရရင် ဘာကောင်းကျိုး ရှိနိုင်လဲ တွေးနေတာ ဒါပေမဲ့ ကျွန်တော်နိုင်သွားတာပဲ ဖြစ်ဖြစ် ဒါမှ မဟုတ် ကျွန်တော် ရှုံးသွားတာပဲ ဖြစ်ဖြစ် ရနိုင်တဲ့ ကောင်းကျိုးက ဘာမှ မရှိဘူး အဲဒါဆို ဘာလို့ ဆက်ပြီးတော့ တိုက်ခိုက် နေဦးမှာ ပဲ'

ထိုလူက အနည်းငယ် မခံချင်သော ဟန်ဖြင့် ရန်ချီအား စိုက်ကြည့်လာပြီး

'ဒီဇေက်ကလေးက လေကြီး လေကျယ်နဲ့ စကားကလည်း တတ်ပ့ါ ငါတို့ သူ့ကို အသေသတ်ပြီး ဒီတောင်ကုန်းမှာ ပဲ မြှုပ်ထားခဲ့ရအောင်'

'ချန်ကွမ်း မင်း စိတ်အလိုအတိုင်း လျှောက်ပြောမနေနဲ့ တော့ သူတို့က နန်းတော်ကနေ လာတာ စစ်ကဲမှူးအတွက် စာတွေ ဘာတွေ မပါဘူး

လို့ မပြောနိုင်ဘူး ငါတို့ စနောက်နေတာလည်း တော်သင့်ပြီ ငါတို့ သွားမယ် သူတို့ လည်း သူတို့ လမ်း သူတို့ သွားပါစေ'

ထိုစကားကို ကျမှ ရန်ချီ တစ်ချက်မျှ လှို့ဝှက်စွာ ပြုံးလိုက်မိသည် ။ ပြီးမှ

'ကျွန်တော့်ကို စစ်ကဲမှူးဆီ ခေါ်သွားပေးလို့ ရမလား ပါးပေးခဲ့တဲ့ အမိန့်က မြန်မြန် ရောက်တာပေါ့'

ထိုအခါမှ ငါးဦးစလုံး ထိတ်ထိတ်ပျာပျာဖြင့် ယောင်းလုနှင့် တိုက်ခိုက်နေသော ဟန်ကွမ်းကပါ ရပ်တန့် သွားပြီး

'မင်းဘာလို့ အစောတည်းက မင်းဆီမှာ အမိန့်ပါတာကို မပြောတာလဲ'

'ခင်ဗျားတို့ ပဲ စနောက်နေချင်ကြတာလေ'

'သွားမယ် သွားမယ်'

စစ်စခန်း အတွင်းသို့ ခေါ်ဆောင် သွားပြီး စစ်စခန်း အလယ်ရှိ ကြီးမားသော တဲကြီး အတွင်းသို့ သူတို့ အား ခေါ်ဆောင်လာသည် ။ တဲအတွင်းတွင် မြေပုံတစ်ခုကို သေသပ်လှပစွာ ခင်းကျင်းထား၏။ ထိုအနီးအနားတွင် တင့်တယ် ပြေပြစ်သော ခန္ဓာကိုယ် အချိုးအစားနှင့် အတန်ငယ် အသက်ကြီးဟန် လူကြီး တစ်ဦးက ကလောင်တံကို ကိုင်လျက် ထိုင်နေ၏။ သူတို့ ဝင်သွားပြီး အတန်ကြာတဲ့ အထိ ထိုလူကြီးက သူတို့ ဘက်ကို မလှည့်လာသေးပေ။ ပြီးနောက်တွင် မှ

'အမိန့်စာ ယူလာခဲ့'

ရန်ချီ မျက်မှောက်ကြုတ်လျက် ထိုင်နေသော စစ်ဝတ်စုံပြည့်ဖြင့် လူကြီးအနားသို့ တိုးသွားပြီး အမိန့်စာကို ကမ်းပေးလိုက်တော့ ထို

လူကြီးက ရန်ချီအား မော့လျက် ကြည့်လာသည် ။ ပြီးမှ ရုတ်တရက် ထကာ စားပွဲပေါ်ရှိ ဓားဖြင့် မေးဖျား အနားသို့ ရွယ်လိုက်ပြီးမှ

'မင်းနာမည်က ဘာလဲ!!'

***

(အပိုင်း-၈)

ထိုဓားဖျားကို မျက်လုံးတွေ မှိတ်လုမတတ် ကြည့်လိုက်ပြီးမှ

'ရန်ချီ'

'ရန်မျိုးနွယ် နာမည်က ချီလား'

ပြန်မေးလာတော့ အတန်ငယ် ထစ်အချင်သွား၏။ ကျောင်းမျိုးနွယ် နာမည်က ရန်ချီ ဆိုတာကို ဖြေလို့ မရနိုင်တာကြောင့်

'စစ်သူကြီး ထင်မြင်ချက် အတိုင်းပါ'

သူ အသံပြတ်နှင့် ဖြေလိုက်တာကို ထိုလူကြီးက မလိုလားဟန်ဖြင့် သူ့ရင်ဘတ်အား အားကုန် ကန်ထည့်လိုက်၏။

'ရမ်းကားတယ် ငါ့ထင်မြင်ချက် အတိုင်းက အမှန် ဆိုရင် မင်းက သေလူပဲ'

'ဝုန်း!! ဘုန်း!!'

'အ!!'

ရန်ချီ ဘယ်လိုမှ တောင့်ခံ မထားနိုင်ပဲ တဲတံခါး အဝသို့ လွင့်စဉ်သွား၏။ ယောင်းလုက လှုပ်လှုပ်ရှားရှား ဖြစ်သွားသော်လည်း ထိုလူကြီးက ယောင်းလု၏ လက်အတွင်းရှိ ဓားကို သူ့လက်အတွင်းမှ ဓားနှောင့်ဖြင့် ရိုက်ဖယ် ပစ်လိုက်သည် ။

'ဖတ်!!'

နာကျင်မှုကြောင့် သူ့နှုတ်ဖျားမှ ညည်းသံ ထွက်ပေါ်လာသော်လည်း ယောင်းလုက ထိုလူကြီးကိုသာ အေးစက်စွာ ကြည့်နေသည် ။ ဘာမှ တော့ မပြောပေ။ သူ လဲကျသွားရာမှ လူးလဲပြီး ထရပ်လိုက်ကာ ထို လူကြီး ရှေ့တွင် ဒူးတစ်ဝက် ထောက်လျက် အရိုအသေ ပေးလိုက်ပြီး

'ကျွန်တော် ရန်ချီ သေနာပတိ ဂူရှန်းကို အရိုအသေ ပေးပါတယ်'

'မလိုဘူး မင်းတို့ ပြန်ကြတော့'

ထိုစကားအား သေနာပတိ ဂူရှန်းက သူတို့ နှစ်ယောက်လုံးကို ကျော ခိုင်းလျက် အမိန့်စာကို ဖတ်ရင်း ပြောသည် ။ ရန်ချီ ထိုင်နေရာမှ ထရပ် လိုက်ပြီးလျှင်

‘ကျွန်တော်တို့ ဒီနေရာကို လာတာ အိမ်ပြန်ဖို့ အတွက် မဟုတ်ဘူး မ ပြန်နိုင်ဘူး’

သေနာပတိ ဂူရှန်းက အမိန့်စာကို ခါးကြားအတွင်းသို့ သေချာ ထည့် လိုက်ပြီးမှ သူ့အား ဒုတိယအကြိမ် ပြန်ကန်ပစ်လိုက်သည် ။

‘ဖုန်း!! ဝုန်း!!’

ဒီတစ်ကြိမ်တော့ သူ့နှုတ်ဖျားမှ ညည်းသံ မထွက်လာတော့ပေ။ သူ ချက်ချင်း လူးလဲ ထရပ်လိုက်ပြီးနောက်

‘ဒီတစ်ကြိမ်စစ်ပွဲမှာ ပါဝင်ဖို့ ခွင့်ပြုပေးပါ သေနာပတိ ဂူရှန်း’

ထိုအခါမှ ဂူရှန်းက ရန်ချီအနားသို့ တိုး လာပြီး

‘မင်းက စာလာပို့တဲ့ တပ်သားငယ်လေးပဲ စာပို့ဖို့ ကို ညနေကတည်း က ရောက်ရမှာ မင်းက ညနက်မှ ရောက်လာတယ် အဲဒီတော့ မင်းကို ငါ

ရဲ့ တပ်သားအဖြစ် ထားဖို့ ကို ငါက ငြင်းဆန်လို့ မရဘူးလား’

‘အချိန်နောက်ကျတဲ့ အပြစ်ကို ခံယူပါ့မယ် ဒါပေမဲ့ အိမ်ပြန်သွား ဆိုတဲ့ အမိန့်ကို မနာခံနိုင်ပါဘူး’

‘မင်းလို ကလေးငယ်က စစ်တိုက်တဲ့ နေရာမှာ ဘာတွေများ ခံနိုင်ရည် ရှိမှာ မို့လို့ ချန်ကွမ်း ဟန်ကွမ်း ဒီနှစ်ယောက်ကို စာပို့ချိန် နောက်ကျတာကြောင့် အပြင်က ကြိုးတိုင်မှာ မိုးသောက်တဲ့ အထိ ကြိုးနဲ့ သေချာ ချည်ထားပါ ပြီးတော့ သူ့ခေါင်းပေါ်ကို ရေအေး တစ်စက်ချင်းစီ ကျနေပါစေ’

‘ဒါပေမဲ့ စစ်သူကြီး သူတို့ က ကလေးတွေပဲ ရှိနေသေးတာပါ’

ဟန်ကွမ်းက ပြောတော့ ချန်ကွမ်းကပါ အနားသို့ ရောက် လာပြီး

‘စစ်သူကြီး ဟန်ကွမ်း ပြောတာ အဓိပ္ပာယ် ရှိတယ် သူတို့ နောက်ကျတယ် ဆိုတာ တကယ်တော့’

ချန်ကွမ်းက ပြောဖို့ ပြင်လိုက်သည် တွင် ရန်ချီက ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီးမှ

‘အပြစ်ပေးဆို အပြစ်ပေးပေါ့ ဘာတွေ ရှည်လျား ထွေပြားနေဖို့ လိုလို့ လဲ အပိုတွေ’

‘သူ့ကို အခုချက်ချင်း အပြစ်ပေးလိုက်!! ပြီးရင် တပ်မမှူးတွေ တပ်မှူးတွေ အကုန်လုံးနဲ့ စစ်ရေးခင်းကျင်းတဲ့ တဲမှာ ဆွေးနွေးမှု ပြုလုပ်မယ်’

ချန်ကွမ်းနဲ့ ဟန်ကွမ်းက သူနဲ့ ယောင်းလုကို သေနာပတိ ဝူရှန်း၏ တဲ အတွင်းမှ ဆွဲထုတ် သွားသည် ။ ချန်ကွမ်းက သူ့အား တိုင်မှာ ကြိုးဖြင့် ချည်နေရင်းမှ

'မင်းတို့ စာပို့တာ နောက်ကျရတာ ငါတို့ ငါးယောက် မင်းတို့ ကို နှောင့်ယှက်လို့ ဆိုတာ ပြောလိုက်ရင် မင်းတို့ အပြစ်လွတ်နိုင်တယ် မင်းက ဘာလို့ တားလိုက်ရတာလဲ'

ရန်ချီ တစ်ချက်မျှသာ ပြုံးလိုက်သော်လည်း

'ခင်ဗျားကို ပြောဖူးသားပဲ ခင်ဗျား ပြောလိုက်တော့ကော သူက ကျွန်တော်တို့ ကို အပြစ်မပေးတော့ဘူး ထင်နေတာလား ဂူရှန်း စစ်သေနာပတိရဲ့ အမူအကျင့်အရ ဆိုရင် ခင်ဗျားတို့ ငါးဦးလုံးပါ ကျွန်တော်တို့ နဲ့ အတူ အပြစ်ခံရမှာ သေချာတယ်'

'မင်းက တွက်ချက်တာလည်း တော်တာပဲလား'

'မှန်ကန်တာပါ ခင်ဗျားတို့ သွားတော့လေ သေနာပတိ ဂူရှန်းက စစ်ရေး ဆွေးနွေးဖို့ ခင်ဗျားတို့ ကို ခေါ်ထားတယ် မဟုတ်လား သွားတော့လေ'

'ဟန်ကွမ်း ငါတို့ သွားမယ် ခဏနေ စစ်သူကြီး အိပ်သွားရင် မင်းတို့ ကို ကျနေတဲ့ ဝါးရေပိုက်ကို ငါ လာပိတ်ပေးမယ်'

ချန်ကွမ်းနှင့် ဟန်ကွမ်း ထွက်သွားပြီ ဆိုမှ ယောင်းလုကို လှမ်းကြည့်လိုက်တော့ ယောင်းလုက လက်နှစ်ဖက်လုံးနှင့် ခြေထောက်တွေကို ကြိုးချည်ခံထားရသော်လည်း ငြိမ်သက်စွာ မျက်လုံးတွေကို မှေးမှိတ်ထား၏ ။

'ယောင်းလု ငါက မင်းကို ပင်ပန်းစေပြီလား'

'မင်းလုပ်သမျှက လေးနက်မှု တစ်ခုခု ရှိနေနိုင်တယ်လို့ ဆရာက ယုံကြည်တယ် ငါကလည်း ဆရာကို ငယ်ငယ်တည်းက ယုံကြည်တယ် မင်း စိတ်မပူပါနဲ့ '

ယောင်းလုက တခြားသူတွေကို ရိုက်ချိုးရတာ ခက်ခဲဟန်တူသည် ။ သူက မင်းသားတစ်ပါးလို့ မနေရတော့ဘူး ဆိုတာနှင့် ယောင်းလုက သူ့ကို သက်သောင့်သက်သာပင် အခက်ခဲမရှိ စကားပြောဆို နိုင်လေသည် ။

'ယောင်းလု အခုချိန်မှာ ငါတို့ ရန်သူမမွေးသင့်ဘူး'

'ငါ အဲဒီသဘောတရားတွေ နားမလည်ဘူး ဒါပေမဲ့ ငါက သိုင်းသမား သူတို့ က စစ်တိုက်ဖို့ တစ်ခုတည်းကိုပဲ သိတဲ့ တိုက်ခိုက်ရေးသမား မတူညီဘူး'

'ဘာကို မတူညီတာလဲ'

'ငါနေ့လယ် သူတို့ နဲ့ ယှဉ်ပြိုင်ပြီး ကတည်းက သိတယ် သူတို့ က တိုက်ခိုက်ရေးကို စစ်တိုက်ဖို့ တစ်ခုတည်းအတွက် ဦးတည်ပြီး အသုံးပြုတတ်တဲ့ စစ်သားတွေပဲ'

'မင်း ဆက်ပြောကြည့်ပါဦး'

'သူတို့ က သန်မာတယ် အင်အားရှိတယ် ကြံ့ခိုင်တယ် ခိုင်မာတဲ့ စိတ်ထား ရှိတယ် ဒါပေမဲ့ သူတို့ က တိုက်ခိုက်ရေးကို ပေါ့ပြက်ပြက်နဲ့ '

'ယောင်းလု မင်းစိတ်တိုနေတာလား'

သူ မေးလိုက်တော့ ယောင်းလုက မျက်မှောင်ကုတ်ကာ သူ့ကို တစ်ချက်သာ မျက်လုံးလှန်ကြည့်သည် ။ ပြီးမှ

'ငါ ဒီစစ်ရေးစခန်းကို လာတော့ တပ်သားတွေနဲ့ တပ်မှူးတွေကို တော်တော် မျှော်လင့်ထားခဲ့တာ ဒါပေမဲ့ နေ့လယ်က တစ်ယောက်ကို ငါ တွေ့လိုက်ပြီးတော့ ငါတော်တော် စိတ်ညစ်သွားမိတယ် ငါ့ရဲ့ တတိယ ဓားချက်မှာ တင် သူက သေတော့မလို ဖြစ်သွားတာ မင်းတားတာသာ မ

မြန်ရင် ငါသူ့ကို သတ်လိုက်မိတော့မှာ ’

‘မင်းရဲ့ တိုက်ခိုက်ရေးကို ငါယုံပါတယ် ဒါပေမဲ့ ငါတို့ က လူသတ်ဖို့ လာတာမှ မဟုတ်တာ ယောင်းလု ငါတို့ က ဝူရှန်း စစ်သေနာပတိဆီမှာ စစ်မှုထမ်းဖို့ လာတာလေ’

‘ငါက သိုင်းသမား တိုင်းပြည်အတွက် ဆိုတဲ့ ခေါင်းစီး အောက်မှာ မနေချင်ဘူး’

‘တိုင်းပြည်အတွက် ဆိုပြီး မင်းမနေချင်ရင် ငါ့အတွက်လို့ တွေးပြီး နေလိုက်ပါ’

ယောင်းလုက သူ့ကို စိတ်ညစ်နေသော မျက်နှာဖြင့် ကြည့်လာ၏။ ပြီးတော့မှ တစ်ဖက်သို့ မျက်နှာ လွှဲသွားသည် ။ သူသတိထားမိနေတာ ကြာနေပြီ ဖြစ်သည့် ကိစ္စကို မေးမြန်းရန် ဆုံးဖြတ်လိုက်ပြီး

‘ယောင်းလု မင်း တတ်မြောက်တဲ့ သိုင်းပညာတွေက ဆရာသင်ပေး တာနဲ့ မတူညီဘူး ငါသတိထားမိတယ်’

‘ငါက ငါ့အဖေဆီက သင်ယူထားတာ မတူပေမဲ့ အခြေခံတွေက အ တူတူပဲ’

‘မင်း အဖေဆီက ဟုတ်လား မင်းအဖေက ဘယ်သူလဲ’

‘ငါ့အဖေက ဘယ်သူလဲ ဆိုတာက အခုတော့ အရေးမပါတော့ပါဘူး’

ပြောတော့မလိုဖြင့် ပြန်ပြီး ရပ်သွားတော့ ရန်ချီ လွန်နခဲ တစ်ချက် ဖြစ်သွားသည် ။

‘ဘာကြောင့်မို့လဲ’

‘ငါ့ဆရာက ငါ့အဖေရဲ့ တပည့် ငါ့အမေကလည်း ငါ့အဖေရဲ့ တပည့်

ဒါပေမဲ့ မတူတာကတော့ မတူတာပဲလေ’

‘ဘာ မင်းအဖေရဲ့ တပည့်က ဆရာချန်ရှန်း ဟုတ်လား မင်းအမေ ကော ဆိုတော့’

‘ဟုတ်တယ် ငါ့အဖေက အရင်က လေလွင့် သိုင်းသမား တစ်ဦး အနေနဲ့ ကျော်ကြားခဲ့တာ ပထမဓားသခင် ဂူယောင်းဂူ အခုတော့ အဲဒါတွေက အပိုတွေ ဖြစ်သွားလောက်ပါပြီ’

‘ငါသိချင်တယ် ငါက လောကအကြောင်း သိပ်မသိခဲ့ဖူးတော့ အဲဒါတွေကို ငါစိတ်ဝင်စားပါတယ် မင်းဆက်ပြောပြလေ’

ယောင်းလုက သူ့အား မျက်မှောင်ကုတ်ကာ ကြည့်လိုက်ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်ပြီး

‘ငါ့အဖေက တစ်ရက်မှာ တပည့် နှစ်ဦးကို တစ်ချိန်တည်း တစ်နေရာတည်းမှာ လက်ခံဖို့ အခြေအနေ ကြုံခဲ့ရတယ် ငါ့အမေနဲ့ ဆရာတို့ လှည်းကို ဓားပြတွေ တိုက်ခိုက်နေတဲ့ အချိန်မှာ အဖေက ရောက်သွားပြီးတော့ ကယ်ဆယ် မိခဲ့တယ် ဆိုပါစို့ နောက်တော့ ငါ့အမေက လှပတဲ့ မိန်းကလေး တစ်ယောက် အနေနဲ့ ကြီးပြင်းလာတယ် ဖြစ်ချင်တော့ ငါ့အဖေကလည်း အမြဲတမ်း တစ်ကိုယ်တည်း နေလာတော့ ငါ့အမေဖြစ်လာမယ့် သူ့တပည့်မကို စိတ်ဝင်စားတယ် ဆိုပါတော့ အဲဒါက ရိုးရှင်းပါတယ် သူတို့ နှစ်ယောက် အတိအလင်း လက်ထပ်ယူလိုက်ကြတယ်’

‘နောက်တော့ကော’

‘နောက်တော့ ဆရာက တပည့်မကို လက်ထပ်ယူတာကို အရပ်က လက်မခံခဲ့ကြဘူး ငါ့အဖေက အေးချမ်းတဲ့ ပျောင်းဒေသကို ပြောင်းသွားပြီး သိုင်းလောက အပါအဝင် သူ့ရဲ့ ပထမဓား ဆိုတဲ့ အိမ်တော်ကြီးကို စွ

န့်ပစ်ထားခဲ့တယ်’

‘နောက်ကော’

‘ငါ ပင်ပန်းနေပြီ ငါအိပ်တော့မယ်’

ပြောနေရင်း အကောင်းတွင် မှ အိပ်တော့မယ်ဟု ဆိုကာ ယောင်းလုက မျက်လုံးတွေ မှိတ်သွား၏။ ယောင်းလု ဒီအတိုင်း မအိပ်နိုင်ပါဘူးဟု သူ သံသယ မဝင်မိပါ ယောင်းလု ဆိုတာက ဝါးတိုင် တစ်တိုင် ပေါ်တွင်ပင် အိပ်ပျော်အောင် လေ့ကျင့် ထားသော တိုက်ခိုက်ရေး သမားဆိုတာကို ပြောမယုံ လက်တွေ့ ကြုံဖူး ထား၍ ဖြစ်သည် ။

‘ယောင်းလု မင်းသိလား ငါ့မှာ မင်းလို အတိတ်ဆိုပြီး ပြောပြဖို့ က ငါ့အမေအကြောင်းပဲ ရှိတယ် ငါ့အဖေက ငါ့အမေအတွက် ဓားတစ်ချောင်း အသားတစ်တုံးတောင် မပို့ဆောင်ပေးဖူးဘူး ငါ့အဖေကို တွေ့ရဖို့ ငါ့မှာ စစ်ဆေး မေးမြန်းတဲ့ နန်းတော် စောင့်တွေကို ဖြတ်ကျော်ရတယ် ငါ့အမေရှေ့မှာ ငါ့အဖေ ပြုံးတာကို မမြင်ဖူးဘူး တခြားမိန်းမတွေ ရှေ့မှာ ကျ ငါ့အဖေက ပြုံးရယ်တယ်’

သူ ခပ်တိုးတိုး ပြောဆိုနေသော်လည်း ယောင်းလုက တုတ်တုတ်မျှပင် မလှုပ်တော့ပေ။ ပြီးတော့ ဦးခေါင်းပေါ်မှ ကျနေသော ရေတစ်စက်ချင်းစီက ပိုပြီး အေးစက်လာသလို ခံစားရသည် ။ ပိုပြီး နာကျင်မိသလို ခံစားရသည် ။ ဒါပေမဲ့ ဒါက သူ့အတွက် အသေးအဖွဲ့သာ ဖြစ်သည် ဟု တွေးလိုက်တာနှင့် ခန္ဓာကိုယ်ပေါ်က နာကျင်မှုတွေက ရင်ဘတ်အတွင်းမှ ဆို့နစ်မှုကို မနှိုင်းယှဉ်နိုင်ဘူး ဟု ထင်မြင်မိသည် ။

~ငါ ကျောင်းရန်ချီ ကျိန်ဆိုတယ် ငါ တစ်နေ့ ပျောင်းနန်းတွင်းက အကြင်နာမဲ့တဲ့ လူတွေ အားလုံးကို တစ်ယောက်မှ အရှင်မထားဘူး~

***

'ရှောင်နန် မင်းဒီမှာ ရောက်နေပြန်ပြီလား'

'အစ်ကိုနှစ်'

'ဒီလတွေမှာ မင်းက ထင်ထားတာထက် ပိုပြီးတော့ လိမ္မာလာတယ် ဒါပေမဲ့ မင်းအခုလို မလိမ္မာလည်း ငါတို့ က မင်းကို သဘောကျနှစ်သက်ပြီးသားပါ'

'ဟုတ်တယ် ညီမလေး ဒီလတွေ အတွင်းမှာ မင်းကို ခမည်းတော်က နန်းတော်ပြင် မထွက်ဖို့ မတားမြစ်ထားဘူး ထွက်သွားမယ် ဆိုရင် အစ်ကိုတော်တွေကို ခေါ်သွားဖို့ ပဲ မှာ ကြားထားတယ် မဟုတ်လား မင်းက ဘာကြောင့် ဒေါ်လေးရဲ့ အုတ်ဂူနားမှာ ပဲ တစ်ချိန်လုံး ရုပ်အိုလေးနဲ့ မှိုင်နေရတာလဲ'

'မဟုတ်ပါဘူး အစ်ကိုနှစ်'

'အစ်မတော် အစ်မတော်'

ရှောင်အယ်က အတော်ဝေးဝေးမှ လုံးလုံး လုံးလုံးဖြင့် ပြေးလာကာ အသံက အရင်ရောက်လာ၏။ အနားရောက်လာသော စူးမာရှောင်အယ်အား အစ်ကိုတော်နှစ်က ဆီးကြိုလျက် ပွေ့ချီလိုက်ပြီး

'မင်းက ဘာလို့ အခုလို ပြေးလာရတာလဲ'

'ရှောင်အယ် ကြားခဲ့တာ တစ်ခု အစ်မတော်ကို မေးမလို့ ပြေးလာခဲ့တာ'

'ဘာကိုလဲ'

'ဟိုနေ့က မယ်တော်နဲ့ မေမေနှစ် ပြောနေကြတာ အစ်ကိုတော်ကြီး ကတဲ့ သူ့ဇနီးဆီကနေ ထူးခြားတဲ့ လက်ဆောင် ရတော့မယ်တဲ့ '

အစက ညိုမှိုင်းနေသော ရှောင်နန်၏ မျက်နှာလေးက ဝင်းပ လာပြီးလျှင်

'ရှောင်အယ် အစ်မတော်နဲ့ အတူတူ နန်းတော်ထောင့်မှာ ပုန်းတမ်း ကစားမယ် လာခဲ့'

ရုတ်တရက် ပြောင်းလဲ သွားသော ရှောင်နန်၏ အပြုအမူကို မင်းသားနှစ်က ပြုံးရယ်လိုက်မိသည် ။ ပြီးမှ

'မင်းအဲဒီ ထူးဆန်းတဲ့ လက်ဆောင်ကို သိချင်သွားပြန်ပြီ မဟုတ်လား'

ရှောင်နန်က တစ်ချက်မျှ အမ်းသွား ပြီးမှ

'အဲဒီထူးခြားတဲ့ လက်ဆောင်ကို ညီမလေး ကြည့်ချင် ရုံတင်လေးပါ ရှောင်အယ် သွားမယ်'

***

'လီဝမ် မင်းက ရှေ့ကသွား'

လီဝမ်က တည်ကြည်နေသော်လည်း နားမလည်နိုင်သလို မျက်နှာလေးဖြင့် ရှောင်အယ်နှင့် ရှောင်နန်ကို လှမ်းကြည့်သည် ။ မင်းသားငယ်နှင့် မင်းသမီးက ဘယ်လိုပဲ အိမ်ရှေ့မင်းသား၏ မောင်နှမတွေ ဖြစ်နေပါ

စေ အိမ်ရှေ့မင်းသား အိမ်တော်အား ကျူးကျော်လိုခြင်းအား နားမလည်သလို ဖြစ်မိသည် ။ ပြီးတော့ ပြောရလျှင် အိမ်ရှေ့မင်းသား၏ မိဖုရားက သူ့အစ်မ တစ်ဝမ်းကွဲ ဖြစ်နေသေး၏။

မတော်တဆ မှားယွင်းခဲ့သော် အပြစ်တင်ခံရမည်က သုံးဦးထဲမှာ အသက်အကြီးဆုံး ဖြစ်သည့် သူသာလျှင် ဖြစ်မည် မဟုတ်လား၊ တွေးလေ တွေးလေ ခြေလှမ်းတွေ တွန့်ဆုတ်လေ ဖြစ်နေသဖြင့် ရှောင်နန်က လီဝမ်အား တွန်းထိုးလျက် ဝင်စေသည် ။

'မင်းသမီး မင်းသားငယ် ဒါက အိမ်ရှေ့မင်းသား အိမ်တော်ကို ကျူးကျော်တဲ့ ပစ်မှုနော် တကယ်ပဲ ဒါကို'

'ဘာတွေ အိမ်ရှေ့မင်းသားတွေ အိမ်ရှေ့မင်းသား မဟုတ်တာတွေ ပြောနေတာလဲ သူက ငါတို့ အစ်ကိုကြီး ဟိုရုပ်ဆိုးမ သူ့ဇနီးက သူ့ကို ဘာပေးထားတာလဲ သိချင်တယ် သွားပါ သွားပါ မင်းနေခဲ့မှာ လား အဲဒါဆိုလည်း အိမ်တော် အပြင်မှာ နေခဲ့'

ရှောင်နန်က ကုန်းကုန်းကွကွဖြင့် အရှေ့မှ သွားသည် ။ ရှောင်အယ်က အနောက်ကနေ ထိုနည်း လည်းကောင်း လိုက်သည် ။ လီဝမ်ဘယ်လိုမှ မနေနိုင်တော့ပဲ သူတို့ အနောက်မှ လေးဖက်တွားမတတ် လိုက်ရတော့သည် ။

'မင်းသမီး မင်းသမီး ဖြည်းဖြည်း သွားပါ ဖြည်းဖြည်း'

လီဝမ် စိုးရိမ်စွာ တားမြစ်လိုက်တာကို ရှောင်အယ်က ပါးဖောင်းဖောင်းလေးနှင့် လှည့် လာပြီး

'လီဝမ် မင်းက စစ်သူကြီးရဲ့ သား မဟုတ်တာ ကျနေတာပဲ သတ္တိကလည်း နည်းလိုက်တာ'

ပြောလျှင်လည်း ခံနေရမယ့် ပုံစံ ဖြစ်နေတာမို့ လီဝမ် ပြန်လည် တိတ်ဆိတ်သွားသည် ။ ရှောင်နန်ကတော့ အိမ်တော်စောင့်တွေကို ကျော်လွှားပြီး အိမ်ရှေ့မင်းသား၏ စက်ရာဆောင် အနီးသို့ပင် ရောက်သွားလေပြီ။ အနောက်ကနေ ခပ်သုတ်သုတ် လိုက်သွားတော့ သူမက အိမ်တော်အောက်ခြေသို့ တွားတွား၍ ဝင်ရောက် သွား၏။ ရှောင်အယ်က ပါ သူမကဲ့သို့ အတုခိုးကာ မရအရ လိုက်ဝင်သွား၏။

သူမလို လိုက်ဝင်ဖို့ က သူ့ခန္ဓာကိုယ်က သေးသေးလေး မဟုတ်တော့ ဘယ်လိုမှ ဝင်သွားလို့ မရပဲ စက်ရာဆောင် အပြင်ရှိ ပန်းချုံပုတ်အတွင်း တွင် သာ ငုတ်တုတ်ထိုင် နေလိုက်ရတော့သည် ။ ဒီမင်းသားငယ်နဲ့ မင်းသမီးကို နန်းတော်အတွင်းမှာ တော်တန်ရုံနှင့် ဘယ်သူမှ အပြစ်မပြုရဲ တာကိုသာ ကျေးဇူးတင်ရမည်။

'ရှောင်အယ် ငါတို့ အစ်ကိုကြီး ပြန်လာတဲ့ အထိ စောင့်ရမယ် ပြီးမှ သူတို့ ရတနာ ထုတ်ကြည့်တဲ့ အချိန် တစ်ပြိုင်နက် သူတို့ မသိမ်းမှီ ငါတို့ ဝင်ကြည့်ကြမယ် အဲဒီရတနာက ဘယ်လိုမျိုးလဲ ဆိုတာကို ငါတစ်ချက် တော့ သေချာ ကြည့်ခွင့် ရမှ ဖြစ်မယ်'

'အစ်မတော် အစ်ကိုကြီးက မင်္ဂလာ အခမ်းအနားနဲ့ လက်ထပ်ပြီးတည်းက ငါတို့ က တစ်ဝက်ပဲ ဆိုင်တော့တယ်လို့ ခမည်းတော်ကရော မယ်တော်ကရော သင်ကြားပေးထားတယ်နော်'

'တစ်ဝက်ဆိုင်တော့ ဘာဖြစ်လဲ ရှောင်အယ် တိတ်တိတ်နေ အစ်ကိုကြီး နန်းတော်ကနေ ပြန် လာပြီ'

အစ်ကိုကြီးက ပြန် လာပြီး စက်ရာဆောင်သို့ မသွားပဲ သူ့ဇနီးရှိရာ နန်းဆောင်သို့ အရင်ဆုံး သွားသည် ။ ပြီးတော့မှ သေတ္တာလေး တစ်လုံးကို ကိုင်ကာ နှစ်ဦးလုံး မိုးမမှောင်ခင်မှာ ပဲ စက်ရာ ဆောင်သို့ တက်လာ

ကြ၏။

အစ်ကိုကြီးက စက်ရာဆောင် အတွင်းတွင် သူ့ဇနီးအား စောင်းတီးရန် ပြောဆိုသံကို ကြားရသည် ။ နောက်တော့ အစ်ကိုကြီးကပဲ စောင်းတီးကာ ရုပ်ဆိုးမ ဝေချင်းချင်းက ကနေတာကို သိလိုက်ရသည် ။ ပြီးနောက် မိုးချုပ်လုတွင် မှာ မှ

'အားဝေ မင်းဗိုက်ဆာနေပြီ မဟုတ်လား ငါတို့ စားရအောင်'

စားဖို့ ကို ဦးတည် သွားပြန်သည် ။ ဘယ်အချိန်မှ ရတနာကို ထုတ်ကြည့်မှာ လဲ ဆိုသည့် အတွေးနဲ့ အတူ ရှောင်နန် အနည်းငယ် စိတ်မရှည် သလို ဖြစ်လာည်။

စက်ရာဆောင် အတွင်းမှာ ပင် ခင်းကျင်း စားသောက်တော့ ရှောင်အယ်က ခပ်တိုးတိုးဖြင့်

'အစ်မတော် ရှောင်အယ် ဗိုက်ဆာတယ်'

'နေဦး ခဏနေမှ စား အခု တိတ်တိတ်နေ မင်းကော ရတနာကို မကြည့်ချင်ဘူးလား'

'ကြည့်ချင်တယ် ဒါပေမဲ့ ရှောင်အယ် ဗိုက်ဆာနေပြီ'

'တိတ်တိတ်နေ တိတ်တိတ်နေ'

ရှောင်အယ်က ဗိုက်ဆာတာကို တတွတ်တွတ် ပြောနေသေး၏။ ပြီးနောက်တွင် မှ စားပွဲဝိုင်း လာသိမ်းသွားသော အပျိုတော်တွေ ထွက်သွားသည် ။

မိုးချုပ်သွားတဲ့ အထိ အောင့်အည်းသည်းခံ စောင့်ဆိုင်းနေပြီး အစ်ကိုကြီး ယူလာသော သေတ္တာအတွင်းရှိ ပစ္စည်းကို တွေ့ရဖို့ သည်းခံ နေခဲ့ရ

သည် ။

'ငါ့ရဲ့ ရတနာလေး မင်းကို ငါ ကြည့်ဖို့ အချိန်ရောက်ပြီ'

ထိုစကားကို ကြားလိုက်တော့ ထိတ်ခနဲ ပျော်သွား၏။ သို့သော် အခု ရှိနေသော နေရာမှ စက်ရာဆောင် အတွင်းသို့ အလင်းတစ်မျှင်ပင် မမြင်ရပေ။ ဘယ်လိုလုပ်ရမလဲ ဆိုတာကို တွေးနေတုန်းမှာ ပဲ ရှောင်အယ်က ထိုနေရာမှ ထိုးထွက်သွားကာ ပြေးသွား၏။

ရှောင်နန် စဉ်းစားချိန် မရလိုက်တော့ပဲ အိမ်ရှေ့မင်းသား၏ စက်ရာ အခန်းသို့ ပြေးသွားသော ရှောင်အယ်အနောက်သို့ ပြေးလိုက်ရ တော့သည် ။ ရှောင်အယ်က တံခါးစောင့်ပင် မရှိသော အခန်းတံခါးအား ပြေးဖွင့်ကာ

'ဝုန်း!!'

'အစ်ကိုကြီး ဘာရတနာလဲ ရှောင်အယ်လည်း ကြည့်ချင်တယ်!!'

ရှောင်အယ် ပြောလိုက်တာကို ကြားသည် နှင့် ရှောင်နန်လည်း ဘာမှ တွေးမနေတော့ပဲ အခန်းအတွင်းသို့ ခုန်ဝင်သွားပြီး

'ရှောင်နန်လည်း ကြည့်ချင်တယ်'

အခန်းအတွင်းသို့ မမြင်မကန်း ရောက်လိုဇောဖြင့် ခုန်ဝင်လိုက်ပြီးမှ အင်္ကျီ ချွတ်ထားသော အစ်ကိုကြီးကို တွေ့မှ မျက်လုံးကို လက်ဖြင့် ပိတ် လိုက်မိပြီး

'အား!! ရတနာ ကြည့်တာက အင်္ကျီ ချွတ်ဖို့ လိုလို့ လား အစ်ကိုကြီး ဘာရတနာ မို့လို့ လဲ'

'စူးမာ သုနန်!!'

အစ်ကိုကြီး၏ အော်သံကြောင့် အိမ်တော်စောင့် တပ်သားတွေ ရောက်လာ၏။ ပြီးမှ စက်ရာဆောင် အပြင်တွင် ခြေလှမ်းတွေ တန့်သွား၏။ မျက်နှာတွေ နီရဲနေသော အစ်ကိုကြီးကြောင့် တစ်ခုခုတော့ မှားယွင်းနေပြီဟု ထင်မြင်လိုက်ပြီး ခြေတစ်လှမ်းပင် အနောက်သို့ ဆုတ်လိုက်မိသည် ။

ခြေလှမ်းက အနောက်သို့ ရောက်သွားသည် နှင့် ရှောင်အယ်ကိုပါ လက်ဖြင့် ဆွဲထားပြီးသား ဖြစ်၏။ ပြီးမှ ခပ်တိုးတိုး လေသံလေးဖြင့်

'တစ်ခုခု မှားနေပြီ ထင်တယ် ရှောင်နန် သွားတော့မယ်နော်'

'မင်းကမ္ဘာနဲ့ ချီပြီး မှားနေတယ် မထင်ဘူးလား ဒီနေရာက အိမ်ရှေ့မင်းသားစံအိမ်တော် မင်းက ဘယ်လိုပဲ မင်းသမီး တစ်ပါး ဖြစ်စေဦးတော့ မင်း ဘယ်လိုဝင်ခဲ့တာလဲ ဆိုတာကို အရင်ပြော'

'အိမ်အနောက်ဘက်က ပန်းတံတိုင်းထဲကနေ ကုန်းကွပြီး ဝင်ခဲ့တာ'

ရှောင်နန် ဆိုတာက ထိုသို့သော၊ ဘယ်လောက်ပဲ ကြီးလေးတဲ့ အပြစ်ကို လုပ်ထားပါစေ မေးလိုက်ပြီဆို သူမ မဖြေရဲတာ ဘာမှ မရှိတာမျိုး၊

အစ်ကိုကြီးက အပေါ်ဝတ် အင်္ကျီကို ကောက်ခြုံလိုက်ပြီးမှ အရှက်သည်းနေဟန်တူသည့် သူ့ဇနီးကို ထားရစ်ကာ အိမ်ရှေ့မင်းသား စံအိမ်တော်၏ မြေကွက်လပ်သို့ ရှောင်နန်တို့ အား ခေါ်ယူလာ၏။ ပြီးမှ

'ငါက မင်းရဲ့ အမှားကြောင့်မို့ လပေါင်းများ စွာ ငြိမ်သက်နေပြီး ပြသနာ မရှာတော့ဘူး ထင်နေတာ ငါမှားသွားတာပဲ မင်းသမီး သုနန်ကို အချုပ်ခန်းထဲမှာ တစ်ည အိပ်နေပါစေ'

'ငါလည်း လိုက်အိပ်မယ်'

ရှောင်အယ်ကပါ ဝင်ပြောတော့ အစ်ကိုကြီးက စိတ်ရှုပ်သွားဟန်ဖြင့်

'သွား မင်းသားငယ် ရှောင်ချီကိုပါ အချုပ်ခန်းထဲမှာ ထည့်ထားလိုက်'

'ဒါပေမဲ့ ငါတို့ ဘာမှ မစားရသေးဘူး အစ်ကိုကြီး'

'မင်းတို့ နှစ်ယောက်ကလေ'

'ပြီးတော့ မင်းရဲ့ ရတနာကို ငါတို့ ကြည့်ချင်ရုံလေးပါ မင်း သိပ်ပို လွန်းတယ်'

ရှောင်အယ်ပြောလိုက်တာကို ရှောင်နန်ကပါ ပြန်ဝင်ပြောတော့ အိမ်တော်စောင့်တွေက လက်ဖြင့် ကာတဲ့ သူက ကာ ခေါင်းလှည့်တဲ့ သူက လှည့်ဖြင့် တိတ်တခိုး ကျိတ်ရယ်ကြသည် ။ သို့သော် ရှောင်နန်ကတော့ အခုထိ သူမလေး ဘာအပြစ်လုပ်မိသွားတာလဲ ဆိုတာကို မသိသေးပဲ အစောင့်တွေ ခေါ်သွားရာသို့ ယက်ကန် ယက်ကန်လေး လိုက်သွားရရှာသည် ။

သူမကြောင့် အိမ်ရှေ့မင်းသား၏ မိဖုရား စံအိမ်တော် စက်ရာခန်း အတွင်းမှ သုံးလလောက် မထွက်လာပဲ ရှက်ရွံ့စွာ ပုန်းအောင်း နေခြင်းသို့ ရောက်သွားတာကိုလည်း သူမက မသိပေ။

***

'ရန်ချီ'

အနောက်ကနေ လှမ်းခေါ်တာကို လှည့်ကြည့်လိုက်တော့ ဝူရှန်း တပ်မ၏ လက်ခွဲ တပ်မှူး တစ်ဦး ဖြစ်တဲ့ ဟန်ကွမ်း၊

'မင်းတို့ ဒီတစ်ကြိမ် ပြည်နယ် သုံးကို စုံစမ်းတာ အခြေအနေ ဘယ်လိုလဲ'

ဒီသုံးလအတွင်းမှာ ရန်ချီနှင့် ယောင်းလုက စစ်မြေပြင် သတင်းကို ထောက်လှမ်းရသော ရှေ့ပြေးတပ်သား အဖြစ်သာ တာဝန်ထမ်းရ၏။ သို့သော် သေနာပတိ ဝူရှန်းက လက်ခံခဲ့ခြင်း မဟုတ်ပဲ ဟန်ကွမ်းတို့ သာ လျှင် သူတို့ ကို လက်ခံခဲ့ခြင်း ဖြစ်သည် ။

'ဦးရီးတော် သုံးက မြောင်ဒေသက မင်းသား မြောင်ခွမ့်နဲ့ ရင်းနှီး ကျွမ်းဝင်တယ်လို့ သိရတယ် တကယ်လို့ သာ သူတို့ ကို မြောင်ဒေသက စစ်ကူတွေက ကူညီပေးမယ် ဆိုရင် အခြေအနေက ပိုဆိုးမယ် ထင်တယ် '

'မင်းရဲ့ စကားတွေက တစ်ခါတလေမှာ ထူးထူးဆန်းဆန်းပဲ ငါ မင်း ပြောတာတွေကို တင်လျှောက်ပေးမယ်'

'ဦးရီးတော် သုံး လုပ်သလိုမျိုး မြောင်ဒေသကို ငါတို့ မဟာမိတ် ပြု နိုင်မယ် ဆိုရင် စစ်ရေး အခြေအနေမှာ ငါတို့ ဘက်က သာလွန်ပြီးသား ဆိုတော့ တခြားတွေးဖို့ တွေ မလိုတော့ဘူး ဆိုတာပါ ထည့်ပြောပေး ဟန်ကွမ်း'

'မင်းကတော့လေ ကောင်းပြီ'

'ဒါနဲ့ '

လှည့်ထွက်သွားဖို့ ပြင်လိုက်ပြီးမှ ဟန်ကွမ်းက ပြန်လှည့်လာကာ

'ဘာလဲ မပြီးသေးဘူးလား'

'ငါက မင်းအတွက် ကြားကောင်းတဲ့ စကားကို သင်ပေးထားတယ် လေ မင်းက ငါ့ကို ဒီနေ့ည အသားကျွေးရမယ်'

ဟန်ကွမ်းက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး

'ကောင်းပြီလေ ကောင်စုတ်လေး'

ဟန်ကွမ်း ထွက်သွားပြီ ဆိုမှ သူနဲ့ ယောင်းလု တဲစုတ်လေး အတွင်းသို့ လှမ်းဝင်ခဲ့လိုက်သည် ။ တိုင်မှာ လေးမြားနှင့် စာတိုလေးတွေ ထည့်ထားသည့် အိတ်ကို ချိတ်လိုက်ပြီးမှ အိပ်ရာပေါ်တွင် လဲလျောင်းလိုက်သည် ။ စစ်စခန်းကို ရောက်လာတာ သုံးလ တိုင်နေပြီ။ စစ်ပွဲ အတွက် အကြိုသတင်းတွေ ထောက်လှမ်းပေးတာမှ လွဲ၍ တခြား ဘာမှ မလုပ်နိုင်သေးတာကို တွေးမိသည် ။

'ရန်ချီ မင်းက စစ်မြေပြင်မှာ ရှေ့ပြေး တပ်သား လုပ်ဖို့ လာတာလား'

'အစကနေ သင်ယူတော့ အဆုံးထိ တတ်မြောက်မှုကို မြင်နိုင်တာပေါ့ ယောင်းလု ငါ မလောပါဘူး'

'ငါတို့ အခုထိ သေနာပတိရဲ့ တဲထဲက ဆွေးနွေးရေး စားပွဲကို မထိုင်ရသေးဘူး'

'သူတို့ က ငါတို့ ကို ကလေးတွေလို့ သတ်မှတ်ထားတာ ငါက အဲဒီ စားပွဲကို ထိုင်ရမှ မဟုတ်ပါဘူး တခြားနည်းလမ်း တစ်ခု ရှိဦးမှာ ပါ'

'ရန်ချီ မနက်ဖြန် ကျရင် ငါတို့ မြောင်ဒေသ ဘက်ကို စုံစမ်းရမှာ မဟုတ်လား ဦးရီးတော် သုံးရဲ့ တပ်တွေကို ကျော်လွန်သွားရမှာ ဆိုတော့ အန္တရာယ် များ တယ်'

'အန္တရာယ် မများ ပဲနဲ့ ငါက အသားဘယ်လို စားရမလဲ'

'မင်း!!'

'အိပ်တော့ ယောင်းလု မင်းက ဒီစစ်စခန်းကို ရောက် လာပြီးမှ အ

မေးအမြန်း ထူလာတယ်’

အိပ်တော့ ဆိုပေမဲ့ တစ်ခုခုကို တွေးလိုက်မိကာ ရန်ချီ အိပ်နေရာမှ ထရပ်လိုက်ပြီး အိတ်အတွင်းမှ သွေးစွန်းဓားကို ထုတ်ယူလိုက်ပြီး တဲအပြင်သို့ ထွက်လာခဲ့လိုက်သည် ။

ဒီဓားလေးက သူ့အတွက် ရင်ဖွင့်ဖော်လို ဆိုရမည်။ ဒါမှ မဟုတ် အလွမ်းပြေလား၊

~ရှောင်နန် မင်းအခုချိန်မှာ သူများ တွေကို နောက်ပြောင်နေမလား ဒါမှ မဟုတ် နန်းတော်ထဲကနေ ခိုးထွက်ဖို့ ကြိုးစားနေမှာ လား နောက်ဆိုရင် မင်း အဲဒီ ပျောင်းနန်းတော်ကနေ ခိုးထွက်ဖို့ မလိုပဲ ဝင်ဝင် ထွက်ထွက် မင်းကို ဘယ်သူမှ တားလို့ မရအောင် ငါစီမံပေးမယ်~

***